မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၄၆)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်၊ သောကြာနေ့။

မွန်ဂိုလီးယားသမ္မတ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်

နေပြည်တော်　နိုဝင်ဘာ　၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျဇတ်ခ် ဟီးလ်ယာဒ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်မည် ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပါဝင်ကူညီဆောင်ရွက်လိုကြောင်း ဆွေးနွေး

နေပြည်တော်　နိုဝင်ဘာ　၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်သမ္မတဟောင်း H.E.Mr. William J. Clinton ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ကလင်တန်ဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံအစိုးရတို့ နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားလိုမှု၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်လိုမှု၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးကဏ္ဍစုံချဲ့ထွင်နိုင်ရေး၊ HIV, AIDS, TB ရောဂါဝေဒနာရှင်များအား ဆေးဝါးများဖြန့်ဖြူးပေးရေးနှင့် ပဋိပက္ခဖြစ်ပွားနေသောဒေသများ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စသည့်လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်သွားလိုမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက်စီစဉ်ဆောင်ရွက်နေမှု၊ ငါးနှစ်အောက်ကလေး၊ မွေးကင်းစကလေးနှင့် မိခင်သေဆုံးမှုလျော့ကျရေးတို့အတွက် ငွေကြေးနှင့်သင်တန်းများ အထောက်အကူပြုနိုင်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဦးခင်ရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်သမ္မတဟောင်း H.E.Mr. William J. Clinton ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

ဩစတြေးလျ ဝန်ကြီးချုပ်ဟောင်း နိုင်ငံရေးလောကမှအနားယူ　စာ - ၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မိုးညှင်း၊ မိုးကောင်းမြို့များကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီ　စာ - ၆

စီရိနယ်ဒိုနဲ့ အီဘရာဟီမိုဗစ် ဘယ်သူထွက်မလဲ　စာ - ၁၄

နိုဝင်ဘာ ၁၃ ရက်ညက ရှမ်းပြည်နယ် တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေစဉ်။
(သတင်း စာမျက်နှာ - ၁၁)

ကမ္ဘာလှည့်ခရီးသွားများအား ကူညီပေးနေ

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်　နိုဝင်ဘာ　၁၄

မြန်မာနိုင်ငံသို့ နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လာကြသော ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအတွက် ခရီးသွားလုပ်ငန်းရုံးခွဲများ ဖွင့်လှစ်ထားပြီး ဝန်ဆောင်မှုများပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့တွင်လည်း သတင်းပြန်ကြားရေးကောင်တာများ ထားရှိဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသို့ လေကြောင်းခရီးမှတစ်ဆင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်များသို့ ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်များအားသတင်းပြန်ကြားရေးကောင်တာ ၁၉ ခုဖွင့်ကာ ဟိုတယ်အခန်းကြိုတင်စီစဉ်ပေးခြင်း၊ လေယာဉ်လက်မှတ်ရောင်းချပေးခြင်း၊ မော်တော်ယာဉ်ငှားရမ်းခြင်း၊ ဧည့်လမ်းညွှန်ဝန်ဆောင်မှုပေးခြင်း၊ ခရီးစဉ်ရောင်းချခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

တစ်ဖန် မြန်မာ့ခရီးသွားလုပ်ငန်းမှ နယ်စပ်ဝင်ပေါက်များဖြစ်သော မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မူဆယ်၊ မြစ်ကြီးနားနှင့် ဗန်းမော်မြို့များတွင် ခရီးသွားလုပ်ငန်းရုံးခွဲများ ဖွင့်လှစ်ကာ ကမ္ဘာလှည့်ခရီးသည်များအား သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ခရီးစဉ်ရောင်းချပေးခြင်း၊ ခရီးစဉ်မြေပုံများနှင့် လက်ကမ်းစာစောင်များ အခမဲ့ပေးခြင်း၊ ခရီးသည်အဝင်အထွက်များ ပြုစုခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်တို့ ပါဝင်သည့် "လေးနိုင်ငံခရီးစဉ်ဒေသတစ်ခု"

စာမျက်နှာ ၅ ကော်လံ ၁ ▲

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

"လာလေ..."သွားကြမယ် ဆီးဂိမ်းပွဲ

ကျွန်ုပ်တို့မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)သည် ကျင်းပရန် ရက်ပိုင်းသာ လိုတော့သည်။ ဤပြိုင်ပွဲကြီးသည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးပွဲတော်ကြီးဖြစ်သည်။ မြန်မာနိုင်ငံက နှစ်ပေါင်း ၄၀ ကျော်ကြာမှ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရသည့် ပြိုင်ပွဲဖြစ်ခြင်းကြောင့် ကြိုတောင့်ကြိုခဲ အားကစားပွဲတော်ကြီးပင် ဖြစ်သည်။ နိုင်ငံနှင့်လူမျိုးဂုဏ်ကို တင့်တယ်စေမည်ဖြစ်သည်။ "ကမ္ဘာမှာ မြန်မာကွ..."ဟု ဖော်ထုတ်ပြသနိုင်မည့် ပြိုင်ပွဲကြီးလည်းဖြစ်ပါသည်။ ဤသို့ကြုံခဲလှသည့် နိုင်ငံတကာပြိုင်ပွဲကြီးကို ကြည့်ဖြစ်အောင် သွားရောက်ကြည့်ရှုကြဖို့လိုပါသည်။

ဆီးဂိမ်းပြိုင်ပွဲကြီးကို အိမ်ရှင်မြန်မာနိုင်ငံက နေရာလေးနေရာခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်တို့တွင် ကျင်းပမည်ဖြစ်သည်။ နေပြည်တော်တွင် ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် အဓိကပြိုင်ပွဲများဖြစ်သည့် ပြေးခုန်ပစ်၊ ဖူဆယ်၊ ခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ဝူရှူး၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ လက်ဝှေ့၊ မွေ၊ စက်ဘီး၊ မြားပစ်၊ မြင်းစီး၊ ရေကူး၊ ပီတန်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ဘိလိယက်နှင့် စနူကာ၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဗိုဗီနမ်၊ ပန်ကြပ်ဆီလတ်၊ ဂျူဒို၊ စစ်တုရင်၊ ဂေါက်သီးနှင့် လေ့လှော်အားကစားပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့တွင် ဘောလုံး၊ ဟော်ကီ၊ အလေးမ၊ ကမ်ပို၊ နပန်း၊ သေနတ်ပစ်နှင့် ကာယဗလပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။ ငွေဆောင်တွင် ရွက်လှေအားကစားပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး မန္တလေး၌ အမျိုးသမီးဘောလုံးပြိုင်ပွဲကြီး ကျင်းပသွားမည်ဖြစ်သည်။ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ သို့ရာတွင် အချို့သောအားကစားနည်းများမှာ ဖွင့်ပွဲမတိုင်မီ ဒီဇင်ဘာလဆန်းပိုင်းကတည်းက ကျင်းပသွားမည်ဖြစ်ပါသည်။

အားကစားဝါသနာရှင် မိဘပြည်သူများသည် ဆီးဂိမ်းပြိုင်ပွဲ အားကစားပွဲများကြည့်ရှုနိုင်ရန် ဝင်၊ ထွက်ခွင့် စိစစ်ရေးကတ်ပြားများဖြင့် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ဝင်၊ ထွက်ခွင့်ကတ်ပြားများကို တစ်ခုလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် သက်ဆိုင်ရာ အားကစားရုံ၊ အားကစားကွင်းများ၌ နိုဝင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်း ဝင်၊ ထွက်ခွင့် ကတ်ပြားများဖြင့် ပြိုင်ပွဲတိုင်း ထပ်မံငွေပေးစရာမလိုဘဲ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သော်လည်း ဖွင့်ပွဲ၊ ပိတ်ပွဲနှင့်အမျိုးသား၊ အမျိုးသမီးဘောလုံးပွဲများအတွက် သီးခြားလက်မှတ် ဝယ်ယူရမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ကြေညာထားသည်။ ဝင်၊ ထွက်ခွင့်ကတ်ပြားများကို ကြိုတင်ပြုလုပ်ထားခြင်းဖြင့်ဝင်ရောက်ကြည့်ရှုရန် အသင့်အနေအထားဖြစ်မည် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဤအားကစားပြိုင်ပွဲကြီးသည် ကျွန်ုပ်တို့မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၏ အမျိုးသားရေးပွဲတော်ကြီးဖြစ်သည်။ အားကစားသမားတစ်ဦး၏ အောင်မြင်မှုသည် တစ်နိုင်ငံလုံးကိုကိုယ်စားပြုသည်။ တစ်နိုင်ငံလုံး၏ဂုဏ်ကို မြှင့်တင်ပေးမည့် မြန်မာအားကစားသမားများ အောင်မြင်မှုရရှိရန် မြန်မာလူမျိုးတိုင်းက အားပေးဖို့လိုသည်။ ထို့ကြောင့် "လာလေ..."သွားကြမယ် ဆီးဂိမ်းပွဲဟူ၍ ဖိတ်ခေါ်အပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မြန်မာ – ဂျာမနီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် German Asia Pacific Business Association (OAV)၏ အမှုဆောင်အဖွဲ့ဝင် Mr. Timo Prekop နှင့် အဖွဲ့အား နိုဝင်ဘာ ၁၃ ရက် ညနေ ၃ နာရီက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်ပြီး ပို့ကုန်အများစုမှာ ကုန်ကြမ်းအဖြစ်သာ တင်ပို့နေကြောင်း၊ ထို့ကြောင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာနှင့်အရင်းအနှီး၊ အတွေ့အကြုံရှိသော နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များစွာရှိသော မြန်မာနိုင်ငံအနေဖြင့် လုပ်သားအင်အားအသုံးပြုရသော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အလားအလာများစွာရှိသဖြင့် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဂျာမနီနိုင်ငံ (OAV) ကလည်း မြန်မာနိုင်ငံတွင် ပူးပေါင်းဆောင်ရွက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းများကို လာရောက်လေ့လာခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများကို ဆွေးနွေးပွဲများ လာရောက်ကျင်းပပေးရန် ဖိတ်ခေါ်ပါကြောင်း၊ အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သထုံမြို့နယ်အသင်း၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၀ ရက်က မဟာဝိဇယစေတီတော်ကုန်းမြေရှိ မြို့နယ်အသင်းဓမ္မာရုံ၌ကျင်းပရာ အသင်းအမှုဆောင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ဝ၄၂)

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ပါဝင်လှူဒါန်းကြပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

၁၃၇၅ ခုနှစ် စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးစာပေပညာရှင်ကြီးများကို နှစ်စဉ်ပူဇော်ကန်တော့မြဲဖြစ်သည့်အတိုင်း ယခုနှစ်တွင်လည်း ဒီဇင်ဘာ ၁ ရက်နေ့၌ ရန်ကုန်မြို့တော်ခန်းမတွင် ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ နိုဝင်ဘာ ၂၃ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အစည်းအဝေးခန်းမ၌ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပမည်ဖြစ်သည်။

သုတစာပေ၊ ရသစာပေများကိုရေးသား၍ နိုင်ငံအကျိုး၊ အများပြည်သူအကျိုးသယ်ပိုးဆောင်ရွက်ကြကုန်သော စာရေးဆရာကြီး၊ စာရေးဆရာမကြီးများအား ထိုက်တန်စွာကန်တော့ပူဇော်နိုင်ရန်အတွက် စာပေကျေးဇူးကို အလေးအမြတ်ပြုကြကုန်သော စေတနာရှင်များအနေဖြင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံဆက်သွယ်၍ သဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ဦးစိုးထိုက် - ဝ၁-၂၅၂၄၁၇၊ ဝ၉-၄၂၁၁၄၆၉၇၈
မြန်မာနိုင်ငံစာရေးဆရာအသင်း
ဦးအောင်ကျော်ဦး - ဝ၁-၅၄၄၅၈၂၊ ဝ၉-၇၃၀ဝ၆၄၈၁
ညွှန်ကြားရေးမှူး
မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာန
ဦးအေးကြွယ် - ဝ၁-၃၇၁၃၄၂၊ ဝ၉-၈၆၃၄၅၁၇
ညွှန်ကြားရေးမှူး(ပြန်/ဆက်)

မြန်မာနိုင်ငံစာရေးဆရာအသင်း

မိုင်းဖုန်းဆရာတော် ထိုင်းနိုင်ငံမှတစ်ဆင့် တာချီလိတ်မြို့သို့ ပြန်ကြွတော့မည်

သီပေါ နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် မိုင်းဖုန်းကျောင်းတိုက်မှ မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဉာဏသံဝရ (သဒ္ဓမ္မဇောတိကဓဇ)သည် ပြည်ပနိုင်ငံအချို့တွင် ၁၀ နှစ်နီးပါး ကြွရောက်သီတင်းသုံးနေရာမှ ယခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ထိုင်းနိုင်ငံမှတစ်ဆင့် တာချီလိတ်မြို့သို့ ပြန်လည် ကြွရောက်လာတော့မည် ဖြစ်သည်။

မိုင်းဖုန်း ဆရာတော်သည် ရှမ်းပြည်နယ်မှ ထင်ရှားသည့် သံဃနာယက ဆရာတော်ကြီးများနှင့်အတူ တာချီလိတ်ဆရာတော်၊ သီပေါဘော်ကြိုဆရာတော်၊ နမ့်လန်ဆရာတော်တို့ဖြင့် တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁) မှဝင်ရောက် ကြွချီလာမည်ဖြစ်ပြီး မြန်မာနိုင်ငံဘက်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံရဟန်းရှင်လူပြည်သူများက စည်ကားသိုက်မြိုက်စွာ ကြိုဆိုဖူးမြော်ကြမည်ဖြစ်သည်။

ထိုမှ တာချီလိတ်မြို့ နဂါးနှစ်ကောင် ကျောင်းတိုက်ဆရာတော်ကြီးကို ဖူးမြော်ကန်တော့၍ ညပိုင်း၌ နဂါးနှစ်ကောင် ကျောင်းတိုက်တွင် ပရိသတ်များအား တရားဟောကြားချီးမြှင့်မည်ဖြစ်သည်။ ယင်းနောက် ဆရာတော်၏ မူလ မိုင်းဖုန်းကျောင်းတိုက်သို့ ပြန်လည်ကြွချီမည်ဟု သိရသည်။

မိုင်းဖုန်းဆရာတော်သည် မြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီးသို့ကြွချီပြီး တရားတော်များဟောကြား၍ သာသနာရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်တော်မူရန်အတွက်လည်း သီပေါဘော်ကြိုဆရာတော်၊ နမ့်လန်ဆရာတော် အစရှိသည့် ဆရာတော်ကြီးများနှင့် ဆွေးနွေးစီစဉ်တော်မူမည်ဖြစ်ကြောင်း သိရသည်။

သီပေါကိုလတ်

လူမှုရေးအသင်းအဖွဲ့များနှင့်တောင်သူများ လယ်ယာကဏ္ဍများလေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၄

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဧက ၃၀၀၀ တောင်သူပညာပေး စံပြစိုက်ကွင်းသို့ မကွေးတိုင်းဒေသကြီး သရက်မြို့နယ် လူမှုရေးအသင်းအဖွဲ့များနှင့် တောင်သူများသည် နိုဝင်ဘာ ၆ ရက် မွန်းလွဲပိုင်းက လာရောက်လေ့လာသည်။ အဆိုပါ လေ့လာရေးအဖွဲ့များကို စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက အထွက်နှုန်းကောင်းမျိုးကောင်း မျိုးသန့်များ ရွေးချယ်စိုက်ပျိုးထားပုံ၊ GAP စနစ်ဖြင့် စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းနေပုံနှင့် ရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းပါက အလေအလွင့်နည်းပြီး အရည်အသွေးမြင့်မားပုံတို့ကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ကိုပေါက်(ဥက္ကာမြေ)

တရုတ်တိုင်ပေမှ ပေါင်းစပ်ကုန်ထုတ်လုပ်မှုအသုံးချနည်းပညာ
INTEGRATED MANUFACTURING TECHNOLOGY FROM TAIWAN
စက်ယန္တရား၊ ကိရိယာ၊ အသုံးချနည်းပညာနှင့်လေ့ကျင့်သင်ကြားပေးမှု
MACHINERY, TOOLS, TECHNOLOGY, TRAINING

လျှပ်ကာပြောင်း (Transformer) MCB ၏ မော်တာများ၊ မျက်နှာကြက်ပန်ကာနှင့် စားပွဲတင်ပန်ကာ၊ Hi တိုင်ပိုစ့်များ (Hi-mast Poles)၊ အလင်းရောင်တပ်ဆင်ပေးမှုများ (Light Fitting)၊ သွယ်ပြွန်သေတ္တာများ (Conduit Boxes)၊ ကွန်ကရစ်မွှေစက်များ (Mixer)၊ ကြိတ်စက်များ (Grinder)၊ ဓာတ်ငွေ့သုံးအပူပေးကိရိယာများ (LPG Cylinders) နှင့် မီးဖိုများ (Stoves)၊ စတိန်းလက်စတီးရေတိုင်ကီများ (Stainless Stell Water Tanks)၊ ပန်းကန်ဆေးခွက် (Sinks) နှင့်တံခါးများ၊ သတ္တုပြားအပေါက်များ (Sheet Metal Slitting)၊ ဖြတ်ခြင်းနှင့် အလိပ်လိပ်ခြင်း (Cutting Roll Forming)၊ ထုပုံသွင်းစက်များ (Stamping)၊ ပုံထုစက်များ (Forging)၊ ဒိုင်-ပုံသွင်းပစ္စည်းများ (Die Casting)၊ မျက်နှာကြက်တန်းများ (Hangers)၊ ကုန်မာပစ္စည်းများ (Hardware)၊ မော်တော်ကားအစိတ်အပိုင်းများ၊ အခြားကားနှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းများနှင့်စားသုံးသူ သုံးပစ္စည်းများ၊ ယူနီတက်-သတ္တုပုံသွင်းပစ္စည်းများ

တရုတ်တိုင်ပေ နည်းပညာကုမ္ပဏီလီမိတက်
Call Peter on+ 886-975-893 orlocal 0936131345 (on show dates)
Email: peter@umtt.com.tw
ကျွန်တော်တို့နှင့် တွေ့ရှိရန် MIMF 2013, Myanmar Convention Center
အမှတ် ၁၂၂၊ ရန်ကုန်ဈေးဆိုင်၊ နိုဝင်ဘာ (၁၅-၁၈)ရက်

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ အေးရှားလင့်ခ်အဖွဲ့ဥက္ကဋ္ဌ Mr. Sid Myer နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံ အေးရှားလင့်ခ်အဖွဲ့ဥက္ကဋ္ဌ Mr. Sid Myer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ဆွေးနွေးခဲ့

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ဩစတြေးလျနိုင်ငံမှလုပ်ငန်းရှင်အများအပြား လာရောက်ဆွေးနွေးညှိနှိုင်းနေမှု၊ အေးရှားလင့်ခ်အဖွဲ့၏သုံးရက်တာခရီးစဉ်ကာလအတွင်း ခရီးသွားလာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ဘဏ်လုပ်ငန်း၊ စိုက်ပျိုးရေးစသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအားရဖွယ်ဆွေးနွေးနိုင်ခဲ့မှု၊ ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံများအား မွမ်းမံထိန်းသိမ်းပြုပြင်ခြင်းဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုနိုင်မှုတို့ကို ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဦးဝင်းမြင့်၊ ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် အေးရှားလင့်ခ်အဖွဲ့ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းနာယက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းရုံး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး

နေပြည်တော် နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေး အသင်းရုံးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အဆိုပါအသင်းရုံး၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေး အသင်းနာယက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း တက်ရောက်အားပေးသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညွန့်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့်အမှုဆောင်များ၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာနှင့် အမှုဆောင်များ၊ အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းနာယက ဒေါ်ခင်ခင်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းရုံး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် အသင်းနာယကနှင့် တက်ရောက်လာကြသူများသည် အသင်းရုံးခန်းမ၌ ပြသထားသည့် အသင်းလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး **(အပေါ်ပုံ)** ဖွင့်ပွဲအမှတ်တရ မှတ်တမ်းတင် လက်မှတ်ရေးထိုးပေးကြသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အသင်းအတွင်းရေးမှူး ဒေါက်တာ ဒေါ်ခင်သီရိက အသင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

အဆိုပါအသင်းကို အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးလုပ်ငန်းများအား နိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတကာ အသိအမှတ်ပြု လူမှုအဖွဲ့အစည်းတစ်ခုအဖြစ်ရပ်တည်နိုင်ရန် ရည်ရွယ်၍ ယခုနှစ် မေ ၁၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

အသင်းအနေဖြင့် ဘဝမြှင့်တင်ပေးရန်လိုအပ်လျက်ရှိသည့် အမျိုးသမီးနှင့် ကလေးသူငယ်များ၏ဖွံ့ဖြိုးရေး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် လူမှုအသိုင်းအဝိုင်းကခွဲခြားဆက်ဆံမှုမပြုရေးနှင့် မိမိတို့ခံစားခွင့်ရှိသော အခွင့်အရေးများကို အပြည့်အဝခံစားခွင့်ရရှိရေး၊ အမျိုးသမီးများနှင့်ကလေးများ၏ဖွံ့ဖြိုးတိုးတက်ရေးကို အထိရောက်ဆုံး ပံ့ပိုးကူညီနိုင်ရန်အတွက် ရည်ရွယ်ချက်ချင်းတူညီသော အခြားပြည်တွင်း၊ ပြည်ပလူမှုရေးအဖွဲ့အစည်းများအား မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးတို့ကို အဓိကဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

အမျိုးသမီးများနှင့်ကလေးသူငယ်များဘဝ မြှင့်တင်ရေးလုပ်ငန်းများကို စိတ်ပါဝင်စားပြီး အထောက်အကူပြုနိုင်မည့် မည်သူမဆို အဖွဲ့ဝင်များအဖြစ် ပါဝင်ဆောင်ရွက်နိုင်သည်။

အသင်းရုံးချုပ်ကို နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇဝနရပ်ကွက် မန္တလေးလမ်းနှင့် နှင်းဆီလမ်းထောင့် အမှတ်(၁/၆) တွင် ဖွင့်လှစ်ထားပြီး ရန်ကုန်ရုံးခွဲကို ကမာရွတ်မြို့နယ် ရွှေလီလမ်း အမှတ်(၁၃) တွင် ဖွင့်လှစ်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❍ ကျောဖုံးမှ

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာပိုက်ကျော်ခြင်းအသင်းတွင် အုပ်ချုပ်သူ ဦးအောင်ကျော်မိုး၊ နည်းပြချုပ် ဦးသန်းလွင်၊ နည်းပြများအဖြစ် ဦးအောင်ချိုမြင့်၊ ဦးသိန်းငွေး၊ ဦးသောင်းညွန့်၊ ဦးတင်ဝင်း၊ ဦးအောင်မျိုးသွင်၊ ဦးစိုးလှိုင်၊ ဦးမြတ်မိုးဦး၊ ကစားသမားများအဖြစ် အောင်မျိုးဆွေ၊ ရာဇာထွန်း၊ ပိုင်စိုးဦး၊ ဘုန်းနိုင်၊ စည်သူလင်း၊ ကျော်စိုးဝင်း၊ ဝေလင်းအောင်၊ ဇော်ဇော်အောင်၊ သန့်ဇင်ဦး၊ ဇော်လတ်၊ အောင်ပြည့်ထွန်း၊ အောင်ကိုဦး၊ သန်းဇော်ဦး၊ သိန်းဇော်မင်း၊ အောင်ဇော်၊ အောင်လှိုင်မိုး၊ အောင်ကျော်မိုး၊ ကျော်ဇေယျ၊ အမျိုးသမီး ကြူကြူသင်း၊ နိုင်နိုင်ဝင်း၊ နွယ်နွယ်ထွေး၊ ဖြူဖြူသန်း၊ ဆုသဉ္ဇာနိုင်၊ မေဇင်ဖြိုး၊ အိသဉ္ဇာ၊ နန်းယဉ်ယဉ်မြင့်၊ နန်းခင်လေးငယ်၊ အေးအေးသန်း၊ ခင်နှင်းဝေ၊ သဉ္ဇာစိုးညွန့်၊ နန်းစုမြတ်စံ၊ ဆုမြတ်ယဉ်၊ ကေဇင်ထွဋ်၊ မာမာဝင်းနှင့် ခင်နုနုဖြိုးတို့ ပါဝင်ကြသည်။

မုန်တိုင်းငယ် မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ

နေပြည်တော် နိုဝင်ဘာ ၁၄

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည်(အိန္ဒိယနိုင်ငံ) ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၉၀ ခန့်၊ (မြန်မာနိုင်ငံ) ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် မိုင် ၅၁၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဝန်ထမ်းအလိုရှိသည်

၁။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် UNICEF တို့ ပူးပေါင်းဆောင်ရွက်သော Messaging Life Initiative စီမံချက်အတွက် အောက်ဖော်ပြပါအရည်အချင်းနှင့်ပြည့်စုံသော Rapid-SMS Programmer ဝန်ထမ်းတစ်ဦး ခန့်ထားရန်ရှိပါသည်-

လိုအပ်သောအရည်အချင်း

(က) ကွန်ပျူတာတက္ကသိုလ်မှဘွဲ့ရပြီး (သို့) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာသိပ္ပံ၊ နည်းပညာစနစ်၊ Software နှင့် Design ပိုင်းတွင် ကျွမ်းကျင်သူ

(ခ) ကွန်ပျူတာနှင့် နည်းပညာဆိုင်ရာနယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး နှစ်နှစ် (သို့)သုံးနှစ်ရှိသူ (Python နှင့် Django Programming Language) တတ်မြောက်ပါက ပို၍သင့်တော်ပါသည်။

(ဂ) တက်တက်ကြွကြွနှင့် ရလဒ်ကောင်းထွက်အောင် ဆောင်ရွက်နိုင်သူ (နယ်ပယ်အမျိုးမျိုးမှ အသင်းအဖွဲ့အမျိုးမျိုးနှင့် ပူးပေါင်းဆောင်ရွက်နိုင်သူ)

၂။ တာဝန်ထမ်းဆောင်ရမည့်နေရာ - ရန်ကုန်မြို့

၃။ လစာ - မြန်မာငွေကျပ်နှစ်သိန်းငါးသောင်းတိတိ

၄။ စီမံချက်ကာလ - တစ်နှစ်တိတိ

၅။ စိတ်ပါဝင်စားသူများသည် ကိုယ်ရေးအချက်အလက်ပြည့်စုံစွာ ရေးသားထားသော ကိုယ်ရေးလျှောက်လွှာ၊ လိုင်စင်ဓာတ်ပုံ၊ နိုင်ငံရေး/ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်ရုံးထောက်ခံချက်၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးချုပ်၊ သုခမလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်သို့ ၂၉-၁၁-၂၀၁၃ရက် နောက်ဆုံးထား၍ ပေးပို့ရပါမည်။

၆။ လုပ်ငန်းပိုင်းဆိုင်ရာတာဝန်ဝတ္တရားများနှင့် တာဝန်ခံထားရမှု အသေးစိတ်ကို အောက်ဖော်ပြပါဖုန်းများတွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖုန်း-၀၆၇-၄၁၉၀၁၁၊ ၀၆၇-၄၁၉၀၁၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

နိုင်ငံတကာသတင်း

သြစတြေးလျဝန်ကြီးချုပ်ဟောင်း နိုင်ငံရေးလောကမှအနားယူ

ဆစ်ဒနီ နိုဝင်ဘာ ၁၄

သြစတြေးလျဝန်ကြီးချုပ်ဟောင်း ကီဗင်ရုဒ်က ၎င်းသည် နိုင်ငံရေးလောကမှ အနားယူလိုက်ပြီဖြစ်ကြောင်း ကြေညာသည်။

နိုင်ငံရေးလောကမှ အပြီးအပိုင်အနားယူဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း လေဘာ ပါတီခေါင်းဆောင်ဟောင်း ကီဗင်ရုဒ်က ပြောကြားသည်။ ၎င်းသည် သြစတြေးလျဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

၎င်းသည် စက်တင်ဘာ ၇ ရက်က အထွေထွေရွေးကောက်ပွဲတွင် လက်ရှိ ဝန်ကြီးချုပ်တိုနီအက်ဘော့တ်ကို ရှုံးနိမ့်သွားခဲ့သည်။ အသက် ၅၆ နှစ်ရှိ မစ္စတာကီဗင်ရုဒ်ကနိုင်ငံရေးလောကမှ ၎င်းအနားယူလိုက်ခြင်းမှာ မိသားစုကိစ္စများ ပိုမိုဆောင်ရွက်နိုင်ရန်ဖြစ်သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

အမေရိကန်အဆိုတော် ဘော့ဒိုင်လန်အား ပြင်သစ်နိုင်ငံ၏ အမြင့်ဆုံးဆုချီးမြှင့်

ပါရီ နိုဝင်ဘာ ၁၄

အမေရိကန်နာမည်ကြီး အဆိုတော်ကြီး ဘော့ဒိုင်လန် (Bob Dylan) အား ပြင်သစ်နိုင်ငံ၏ အမြင့်ဆုံးဆုဖြစ်သည့် Legion of Honour ဆုကို ပါရီမြို့၌ ချီးမြှင့်ပေးအပ်လိုက်သည်။

သူသည် လူငယ်များအား တရားမျှတခြင်းနှင့် လွတ်လပ်ခြင်းအကြောင်းတရားကို စည်းရုံးလှုံ့ဆော်ပေးနိုင်သော သူရဲကောင်းဖြစ်ခြင်းကြောင့် အဆိုပါဆုကို ပေးအပ်ရခြင်းဖြစ်ကြောင်း ပြင်သစ်ယဉ်ကျေးမှုဝန်ကြီး ဖီးလစ်ပတ်တီကပြောသည်။ အသက် ၇၂ နှစ်ရှိပြီဖြစ်သော ဘော့ဒိုင်လန်၏ သီချင်းများသည် ၁၉၆၀ လွန်နှစ်များနှင့် ၁၉၇၀ လွန်နှစ်များက ပြင်သစ်နိုင်ငံတွင် လူကြိုက်များခဲ့ပြီး လူငယ်များအား ပြုပြင်ပြောင်းလဲပေးနိုင်ခဲ့သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ဖိလစ်ပိုင်မုန်တိုင်းသင့်ပြည်သူများအား အမေရိကန်တပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ရေးကူညီဆောင်ရွက်ပေးစဉ်။

မုန်တိုင်းဒဏ်ခံ ဖိလစ်ပိုင်ပြည်သူများအား အမေရိကန်စစ်သင်္ဘောများက လာရောက်ကူညီ

မနီလာ နိုဝင်ဘာ ၁၄

အမေရိကန် လေယာဉ်တင်သင်္ဘောတစ်စင်းနှင့် ၎င်း၏အရန်ခရူဇာ စစ်သင်္ဘောနှစ်စင်းသည် တိုင်ဖွန်းမုန်တိုင်း ဟိုင်ယန်ဒဏ်ပြင်းထန်စွာခံစားခဲ့ရသော ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိသွားပြီဖြစ်သည်။

The USS George Washingtont အမည်ရှိ အဆိုပါ လေယာဉ်တင် စစ်သင်္ဘောကြီးက ရှာဖွေရေးနှင့်သယ်ဆောင်ရေး လုပ်ရန် ရဟတ်ယာဉ်များ ဖြန့်ကြက်ချထားလျက် ထောက်ပံ့မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

အမေရိကန် စစ်ဘက်၏ ထောက်ပံ့ကူညီပေးမှုသည် မမျှော်မှန်းနိုင်သော အောင်မြင်မှု ရလိမ့်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်ရောက် အမေရိကန်ထိပ်တန်း တပ်မှူးက ပြောသည်။ အဆိုပါ မုန်တိုင်းကြောင့် လူပေါင်း ၁၁ သန်း ဘေးဒုက္ခရောက်ခဲ့ကြရသည်။

သို့ရာတွင် သေဆုံးသူ ဦးရေမှာ ၂၃၀၀ ခန့်သာရှိသည်။ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ကူညီရေး လုပ်သားများက ထိုအရေအတွက်ထက် အဆမတန်မြင့်တက်လာမည်ကို စိုးရိမ်ပူပန်နေကြသည်။

အမေရိကန် ဖျက်သင်္ဘော နှစ်စင်းသည်လည်း ဖိလစ်ပိုင်သို့ ရောက်ရှိနေပြီဖြစ်သည်။

ထို့ပြင် အခြားသော ရေတပ်သင်္ဘောများလည်း တစ်ပတ်အတွင်း ရောက်ရှိလာမည်ဟု မျှော်လင့်ကြောင်း တာဝန်ရှိသူများက ပြောသည်။ အမေရိကန်က ဆေးရုံသင်္ဘောတစ်စင်းဖြစ်သည့် USNS Mercy ကိုလည်း စေလွှတ်ထားသည်။ သို့ရာတွင် ၎င်းသင်္ဘောသည် ဒီဇင်ဘာလတိုင်အောင် ဖိလစ်ပိုင်သို့ မရောက်နိုင်ဟု ဆိုသည်။ **(ဘီဘီစီ)**

ထိုင်းနိုင်ငံ၌ နှစ်စဉ် ဆီးချိုရောဂါကြောင့် သေဆုံးရသူ ဦးရေ ၈၀၀၀ ရှိ

ဗန်ကောက် နိုဝင်ဘာ ၁၄

ထိုင်းနိုင်ငံ၌ နှစ်စဉ် ဆီးချိုရောဂါကြောင့် သေဆုံးသူဦးရေပျမ်းမျှ ၈၀၀၀ ရှိပြီး ရောဂါခံစားရသူဦးရေမှာ ၃ ဒသမ ၅ သန်းရှိကြောင်း ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတွင် နိုဝင်ဘာ ၁၂ ရက်က ဖော်ပြထားသည်။

နိုဝင်ဘာ ၁၄ ရက် ဗန်ကောက်ပို့စ်သတင်းစာက ဖော်ပြထားချက်အရ အဆိုပါအချက်အလက်တို့သည် အသက် ၁၅ နှစ်ကျော်သူတို့အား မကြာသေးမီကာလက စစ်တမ်းကောက်လေ့လာမှုမှဖြစ်သည်ဟု သိရသည်။

အချိုစားမှုကြောင့် ကလေးသူငယ်များကြား ဆီးချိုဖြစ်ပွားမှုနှုန်းမှာလည်း မြင့်တက်လာနေပြီး အဝလွန်ဖြစ်ပေါ်မှုများကိုလည်း တွေ့ရသည်ဟု သိရ သည်။ ၎င်းအား ထိထိရောက်ရောက် မတားဆီးပါက နောင် ရှစ်နှစ်တာကာလ ကျော်၌ ရောဂါဖြစ်ပွားသူဦးရေ ၄ ဒသမ ၇ သန်းထိ မြင့်တက်လာဖွယ်ရှိ သည်ဟု ကျန်းမာရေးဝန်ကြီး ပဒစ်ဆင်းတာဝါနာရောင်းက သတိပေးထား သည်။ ပုံမှန်ဆေးစစ်မှုမရှိသဖြင့် ရောဂါဖြစ်ပွားသူ သုံးပုံတစ်ပုံတို့သည် မိမိရောဂါဖြစ်ပွားနေကြောင်း မသိရှိခြင်းမှာ စိုးရိမ်ဖွယ်ဖြစ်သည်။ ၇၀ ရာခိုင်နှုန်းသော ရောဂါရှင်များသည် သွေးတွင်းသကြားဓာတ်မြင့်မားမှုကို မထိန်းနိုင်သောကြောင့် အများစုတို့တွင် နှလုံးရောဂါ၊ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိကွယ်ခြင်း၊ ကိုယ်လက်အင်္ဂါများဖြတ်ပစ်ရခြင်းနှင့် အခြားနောက်ဆက်တွဲရောဂါများဖြစ်လာကြသည်။

ထိုင်းနိုင်ငံ၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယင်းရောဂါကုသမှုကြောင့် ကုန်ကျစရိတ်သည် တစ်နှစ်လျှင် ကန်ဒေါ်လာ ၁ ဒသမ ၅၃ ဘီလီယံရှိသဖြင့် တားဆီးကာကွယ်ဖို့ အရေးကြီးကြောင်း ဝန်ကြီးကဆိုသည်။

ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် လာမည့် နှစ်မှစကာ အသက် ၁၅ နှစ်ကျော် ပြည်သူ ၉၀ ရာခိုင်နှုန်းထိ ဆီးချိုရောဂါဆေးစစ်မှုများပြုလုပ်ပေးမည်ဖြစ်ပြီး လူတို့၏ စားသောက်နေထိုင်မှုပုံစံကို ပြောင်းလဲရန် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပုံမှန်ဆေးစစ်ပေးခြင်း၊ အစားအသောက် စနစ်ကျစေရန် ဆွေးနွေးလမ်းညွှန်ပေးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုရှိရန်၊ ဆေးဝါးကုသမှုခံယူရန်စသည်တို့ကို အနည်းဆုံး ရောဂါရှင် ၄၀ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပေးနိုင်ရေး ရည်မှန်းထားသည်။ *(ဆင်ဟွာ)*

အီရန်ကိုစီးပွားရေးပိတ်ဆို့မှု ထပ်မပြုလုပ်ရေး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တောင်းဆို

ဝါရှင်တန် နိုဝင်ဘာ ၁၄

တီဟီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အရေးယူမှုများ ထပ်မံမပြုလုပ်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက အမေရိကန် လွှတ်တော်အမတ်များအား သတိပေးပြောကြားလိုက်သည်။ အီရန်အား စီးပွားရေးအပြစ်ပေးအရေးယူမှုများ ထပ်မံပြုလုပ်လိုက်မည်ဆိုပါက စေ့စပ်ဆွေးနွေးမှုများ ပျက်စီးသွားနိုင်ကြောင်း ၎င်းက ဆီးနိတ်ဘဏ်ကော်မတီ တစ်ရပ်သို့ ပြောကြားလိုက်သည်။

ယင်းကိစ္စသည် သိမ်မွေ့ညင်သာစွာ ဆောင်ရွက်ရမည့် ကိစ္စဖြစ်ကြောင်း၊ သို့ရာတွင် ယင်းကိစ္စနှင့်ပတ်သက်ပြီး လွှတ်တော်အတွင်း အပိုင်းနှစ်ပိုင်းကွဲနေကြောင်း ၎င်းကပြောကြားသည်။

အီရန်နှင့် ကမ္ဘာ့အင်အားကြီး ခေါင်းဆောင်များသည် သီတင်းပတ်ကုန်ပိုင်းတွင် စာချုပ်ချုပ်ဆိုရန် အလွန်နီးစပ်နေပြီဖြစ်ကြောင်းမစ္စတာကယ်ရီက ဘီဘီစီသို့ ပြောကြားသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အီရန်တို့သည် နျူကလီးယားအရေးကိစ္စနှင့်ပတ်သက်ပြီး လာမည့် နိုဝင်ဘာ ၂၀ ရက်တွင် ပြန်လည်တွေ့ဆုံဆွေးနွေးကြရန် စီစဉ်ထားသည်။ သို့ရာတွင် ရီပတ်ဘလီကင်နှင့် ဒီမိုကရက်တစ်အမတ်များက အီရန်၏ ရေနံနှင့်ဘဏ်လုပ်ငန်းများကို ပစ်မှတ်ထားပြီး စီးပွားရေးပိတ်ဆို့မှု ထပ်မံပြုလုပ်သွားရန် တိုက်တွန်းထားသည်။ အီရန်အနေဖြင့် အင်အားကြီး နိုင်ငံများနှင့်ဆွေးနွေးပြီး သဘောတူညီချက် စာချုပ်နိုင်မည်ဆိုလျှင် အမေရိကန်က ဖြေလျှော့မှုများ ပြုလုပ်သွားရန် ကမ်းလှမ်းထားသည်။ **(ဘီဘီစီ)**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂င/၅၃၈၄ Toyota Crown, S/L ယာဉ်လက်ဝယ်ရှိသူ ဦးဝဏ္ဏစိုး ၁၂/သဃက(နိုင်)၀၃၇၄၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁င/၅၂၂၀ Honda Fit, S/W ယာဉ်လက်ဝယ်ရှိသူ ဦးဝဏ္ဏစိုး ၁၂/သဃက(နိုင်)၀၃၇၄၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လပွတ္တာခရိုင်အတွင်းရှိ မြို့နယ်များမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

	အိတ်ဖွင့်တင်ဒါအမှတ်		၃/(၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်)
၁။	ခွဲကျောက်ရွယ်စုံ		၁၃၉၅၀ ကျင်း
၂။	ကျောက်စရစ်		၂၆၇.၂၅ ကျင်း
၃။	မြစ်သဲ		၈၉၅ ကျင်း
၄။	တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်	-	၁၄-၁၁-၂၀၁၃ရက်
၅။	တင်ဒါလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက်	-	၂၈-၁၁-၂၀၁၃ရက် (မွန်းတည့် ၁၂ နာရီ)
၆။	တင်ဒါဖွင့်မည့်ရက်/အချိန်	-	၂၈-၁၁-၂၀၁၃ရက် (မွန်းလွဲ ၂ နာရီ)
၇။	တင်ဒါတင်သွင်းရမည့်နေရာ	-	ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့
၈။	အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံကိုရုံးချိန်အတွင်း ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။	-	လပွတ္တာခရိုင်၊ ဖုန်း-၀၄၂-၈၃၀၄၇၊ ၀၄၂-၈၃၀၄၉

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အသုံးမလို စက်နှင့်စက်အရန်ပစ္စည်း(အဟောင်း)များရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းမှ ယခင်မရမ်းကုန်းအထည်စက်ရုံအမှတ်(၁)ရှိ အသုံးမလိုပိုလျှံစက်နှင့် စက်ပစ္စည်း(အဟောင်း)များအား မျက်မြင် အခြေအနေအတိုင်း ရောင်းချလိုပါသည်-

(က) ယခင်မရမ်းကုန်းအထည်စက်ရုံအမှတ်(၁) စက်နှင့်စက်ပစ္စည်း(အဟောင်း) ၁၂ မျိုး

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက်/နေရာ - ၁၄-၁၁-၂၀၁၃ရက်၊ ရုံး(၃၇)၊ အထည်အလိပ်လုပ်ငန်း

(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၂၉-၁၁-၂၀၁၃ရက်၊ (၁၆း၀၀)နာရီ

(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-

ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း
ဖုန်း-၀၆၇-၄၀၈၁၅၆၊ ၄၀၈၁၈၅၊ ၄၀၈၃၃၈။

ပြည်တွင်းသတင်း

တပ်မတော်သား၏သဘောသဘာဝကို သိရှိနားလည်ပြီး မိမိကိုယ်မိမိတန်ဖိုးထား ကြိုးစားလုပ်ဆောင်သွားကြရန်လို

နေပြည်တော် နိုဝင်ဘာ ၁၄

နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ ကာကွယ်ရေးဟူသည့် အပိုင်း(၃)ပိုင်းရှိရာ တရားဥပဒေစိုးမိုးရေးတွင် ရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့များ တရားရေးအဖွဲ့စသည်တို့က ဆောင်ရွက်ရပြီး လုံခြုံရေးတွင် ရဲတပ်ဖွဲ့သည် အဓိကတာဝန်ရှိကြောင်း၊ အချို့လိုအပ်သည့် လုံခြုံရေးကိစ္စရပ်များတွင် တပ်မတော်ကပါဝင်ဆောင်ရွက်ရကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအပိုင်းတွင် တပ်မတော်က အဓိကတာဝန်ရှိကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်း၌ ဗထူးတပ်နယ်၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း၊ စစ်ရာထူးခန့်ခန်းမဆောင်တွင် ဗထူးတပ်နယ်ရှိ သင်တန်းသားအရာရှိများနှင့် ဗိုလ်လောင်းများ၊ စစ်သည်များအား တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးနှင့်ကာကွယ်ရေးတို့တွင် ကိုယ့်အပိုင်းအလိုက် တာဝန်ကျေပွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိမှ ပိုမိုအောင်မြင်မည်ဖြစ်သော်လည်း ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဟုတ်ဘဲ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုရှိရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် သင့်လျော်သည့်ဌာနများတွင် အမျိုးသမီးများပါ တာဝန်ထမ်းဆောင်နိုင်ရန် အမျိုးသမီး တပ်မတော်အရာရှိများ ရွေးချယ်ခန့်အပ် သွားမည်ဖြစ်သည့်အပြင် တပ်ကြပ်ကြီး/စာရေး အပါအဝင် အမျိုးသမီးစစ်မှုထမ်းများကို ပါခန့်ထားတာဝန်ပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့တွင်ရှိပြီးဖြစ်သည့် ထူးချွန်ထက်မြက်မှု အသိပညာ၊ အတတ်ပညာများကို ကောင်းသည့်ဘက်တွင် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းအသုံးချရန် လိုကြောင်း ထပ်လောင်းပြောကြား ခဲ့သည်။

ထို့ပြင်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးတပ်နယ် စစ်မြေပြင်ဆေးတပ်ရင်း၌ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

နေ့လယ်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တိုက်ခိုက်ရေးကျောင်း (ဗထူး)မှ သင်တန်းသားအရာရှိများနှင့် နေ့လယ်စာ အတူတကွသုံးဆောင်ကြပြီး ဗထူးတပ်နယ်တပ်မတော်ဆေးရုံသို့ ရောက်ရှိ၍ ဆေးကုသမှုခံယူနေသော လူနာများအားရင်းနှီးစွာ တွေ့ဆုံအားပေးစကားပြောကြားကာ **(အပေါ်ပုံ)** စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ကမ္ဘာလှည့် ခရီးသည်များအား ရန်ကုန်မြို့လယ် မြို့တော်ခန်းမ အနီး၌ တွေ့ရစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

▲ ရှေ့ဖုံးမှ

လုပ်ရှားပူးပေါင်းမှု မြှင့်တင်ရေးကို ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါလေးနိုင်ငံတို့မှ သတင်းအချက်အလက်နှင့် အတွေ့အကြုံဖလှယ်ရေး၊ ပူးတွဲခရီးသွားလုပ်ငန်းဆွဲဆောင်မှုများမှတစ်ဆင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးများ ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

● ကျောဖုံးမှ

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အကောက်ခွန်ဘောလုံးအသင်းအုပ်ချုပ်သူ ဦးခင်မောင်ကြိုင်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းတို့က အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်သည်။ ထို့နောက် ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် အဓိကပံ့ပိုးကူညီသော နယူးစတားလိုက် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်ဝင်းက အကောင်းဆုံးဆုရရှိသော အောင်ရဲသွေး(အကောက်ခွန်)နှင့်ချိုကြီး(ရုပ်ရှင်သရုပ်ဆောင်)အသင်းတို့ကို ဆုများချီးမြှင့်ပြီး နှစ်ဖက်အသင်းအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်နေ့တွင် **လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) LISU NATIONAL DEVELOPMENT PARTY(L.N.D.P)**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်
ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလတစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က)	ဦးလှကျော်	ညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ခ)	ဦးဝင်းအောင်	ညွှန်ကြားရေးမှူးချုပ် ပင်စင်ဦးစီးဌာန ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဒေါက်တာဒေါ်ရီရီဝင်း ဒုတိယပါမောက္ခချုပ် သမဝါယမတက္ကသိုလ် (စစ်ကိုင်း) သမဝါယမဦးစီးဌာန သမဝါယမဝန်ကြီးဌာန	ပါမောက္ခချုပ် သမဝါယမတက္ကသိုလ်(စစ်ကိုင်း) သမဝါယမဦးစီးဌာန သမဝါယမဝန်ကြီးဌာန
(ခ)	ဦးသောင်းဟန် ဒုတိယညွှန်ကြားရေးမှူးချုပ် ရေအားလျှပ်စစ်အကောင် အထည်ဖော်ရေးဦးစီးဌာန လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(ဂ)	ဦးခင်မောင်ဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် လျှပ်စစ်စွမ်းအားဦးစီးဌာန လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် လျှပ်စစ်စွမ်းအားဦးစီးဌာန လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ရမ်ပူရပ်ကွက်၊ အမှတ်(၁၅၈၇)တွင် ပါတီရုံးချုပ်တည်ရှိသော **လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)LISU NATIONAL DEVELOPMENT PARTY (L.N.D.P)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၄-၁၁-၂၀၁၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ အလံပုံစံ
LISU NATIONAL DEVELOPMENT PARTY (L.N.D.P)

လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏တံဆိပ်ပုံစံ
LISU NATIONAL DEVELOPMENT PARTY (L.N.D.P)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဘုံကထိန် ၊ ဘုံကထိန်
ဘုံကထိန် လှူညီလို့လာ
ခေတ်ဝင်ရထားနှာ
ဆင်ဖြူတော် လည်းပါ
ရဟန်းသံဃာသီလရှင်သီးသန့်သုံး ပွဲကပ်စောင်
သင်္ကန်း၊ ပရိက္ခရာဆိုင်တိုင်းတွင် ရနိုင်ပြီ
01-223528 ,09-48231037

CHEF REQUIRED FOR RESIDENCE (HOME)
Prerequisite:
- Must speak English
- International Hotel or Restaurant experience
- Able to execute cuisine for entertainment
- Good knowledge of Western cuisine: appetizers, soups, sauces, main course and deserts.
- Knowledge of Asian, and other cuisine an advantage
- Knowledge of silver service, an advantage
- HACCP knowledge advantage
- Reside Close to Pun Hlaing
High salary depending on qualifications and experience
Interested candidate can contact to 09421047128

အထကနေခြည်၊ မြန်အောင်မြို့၏ (တတိယအကြိမ်)အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

မြန်အောင်မြို့၊ အထကနေခြည်(ယခင် အလက-၁/အထကခွဲနေခြည်)ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲကို ၄-၁-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။

ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပူဇော်ပွဲဦးစီးကော်မတီသို့ အောက်ပါအတိုင်း အကြံပြုလှူဒါန်းနိုင်ပါသည်။

(၁)	ဦးစိန်လှိုင်	ဖုန်း-၀၄၄-၅၀၃၂၁၊ ၀၉-၃၁၆၅၁၁၀၁
(၂)	ဦးဌေး	ဖုန်း-၀၄၄-၅၀၄၂၄၊ ၀၉-၄၀၁၅၈၂၄၆၂
(၃)	ဦးနေဝင်း	ဖုန်း-၀၄၄-၅၀၂၅၈
(၄)	ဦးမြင့်လွင်	ဖုန်း-၀၄၄-၅၀၃၆၄၊ ၀၉-၄၂၂၅၂၃၇၄၅
(၅)	ဦးဝင်းရီ	ဖုန်း-၀၄၄-၅၀၃၂၇၊ ၀၉-၄၂၂၄၅၇၈၈၄
(၆)	ဦးဝင်းမော်	ဖုန်း-၀၄၄-၅၀၁၃၁

ကမ္ဘောဇ(မြန်အောင်ဘဏ်ခွဲ) ငွေစာရင်းအမှတ် 1031220001369 သို့လည်း လှူဒါန်းနိုင်ပြီး naychischool@gmail.com တွင် ကြည့်ရှုနိုင်ပါသည်။

ပူဇော်ပွဲကျင်းပရေးကော်မတီ

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ မိုးညှင်း၊ မိုးကောင်းမြို့များကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီ

ဝေယံ

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို ၁၉၇၂ ခုနှစ်ကစ၍ ၈၆၀ ကေဗွီ SKODA ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ဓာတ်အားစတင်ဖြန့်ဖြူးပေးခဲ့ပါသည်။ ၁၉၉၁ ခုနှစ် မတ်လတွင် ကျိန်ခရမ်ခ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ခဲ့ရာ ၁၉၉၃ ခုနှစ် မတ်လတွင်ပြီးစီး၍ ၆၃၀ ကေဗွီအေ စက်လေးလုံးဖြင့် ဓာတ်အားပေးခဲ့ပါသည်။ ကျိန်ခရမ်ခ ရေအား

ဝိုင်းမော်မြို့ရှိ ၁၃၂/၆၆/၁၁ ကေဗွီ ၆၀ အမ်ဗွီအေ ဓာတ်အားခွဲရုံအတွင်းရှိ စက်ပစ္စည်းများ။

လျှပ်စစ်စက်ရုံဖြင့် ၁၃ နှစ်ကျော် ဓာတ်အားပေးခဲ့ရာမှ ၃၁-၅-၂၀၀၅ ရက်တွင် ချောင်းရေတိုက်စားပြီး စက်ရုံရေနစ်မြုပ်ပျက်စီးသွားခဲ့သဖြင့် မြစ်ကြီးနားမီးသုံးသူ ၂၄၂၃၁ ဦးကို မလိရေအားလျှပ်စစ်စက်ရုံက ဓာတ်အားဖြန့်ဖြူးပေးရန် လုံလောက်မှုမရှိတော့သဖြင့် မိုးရာသီကာလတွင် ဒီဇယ်စက်များဖြင့် ဓာတ်အား ပြန်လည်ပေးခဲ့ရသည်။

မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့များကို ဘူးဂါးကုမ္ပဏီက မလိရေအား လျှပ်စစ်စက်ရုံ ၃ ဒသမ ၅ မဂ္ဂါဝပ် စက်သုံးလုံးဖြင့် ဓာတ်အားဖြန့်ဖြူးရန် ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ခွင့်ပြုပေးခဲ့ပါသည်။ တစ်နှစ်ထက်တစ်နှစ် မီးသုံးစွဲမှုများပြားလာခြင်းကြောင့် လက်ရှိမီးသုံးစွဲမှုများသော ညနေ ၅ နာရီမှ ၈ နာရီအတွင်း မီးသုံးသူသုံးပုံတစ်ပုံခန့် အလှည့်ကျဓာတ်အားပိတ်ပေးရခြင်း၊ နွေရာသီရေအားလျှပ်စစ်စက်ရုံများ ထုတ်လုပ်မှုလျော့နည်းချိန်တွင် မီးသုံးသူသုံးပုံနှစ်ပုံခန့်ကို ဓာတ်အားပိတ်၍ အလှည့်ကျ ဓာတ်အားပေးခြင်းများ ဆောင်ရွက်နေရသည်။

ကချင်ပြည်နယ်ရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဓာတ်အား ရရှိရေးအတွက် ချီဖွေငယ်စက်ရုံက ထွက်ရှိသော ဓာတ်အားကိုချီဖွေမှ ဝိုင်းမော်အထိ ၁၃၂ ကေဗွီဓာတ်အားလိုင်း ၆၀ မိုင်တည်ဆောက်ပြီး ဝိုင်းမော်တွင် ၁၃၂/၆၆/၁၁ ကေဗွီ ၆၀အမ်ဗွီအေဓာတ်အားခွဲရုံဖြင့် ဓာတ်အားလက်ခံရယူပါသည်။ ဝိုင်းမော်ဓာတ်အားခွဲရုံက ထွက်ရှိသော ၆၆ ကေဗွီဓာတ်အားကို ဝိုင်းမော်မှ မြစ်ကြီးနားအထိ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၂ မိုင် တည်ဆောက်ခြင်း၊ မြစ်ကြီးနားတွင် ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။ ချီဖွေငယ် စက်ရုံကထွက်ရှိသော ဓာတ်အားကို မြစ်ကြီးနားဓာတ်အားခွဲရုံအထိ ရောက်ရှိအောင် စမ်းသပ်ပို့လွှတ်မှုများ အောင်မြင်ပြီးနောက် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၉ ရက် ညနေ ၃ နာရီခွဲမှစ၍ မြစ်ကြီးနားမြို့အတွင်း စတင်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်ပါသည်။

ချီဖွေငယ်စက်ရုံတွင် ၃၃ ဒသမ ၃ မဂ္ဂါဝပ် စက်သုံးလုံးတပ်ဆင်ထားပြီး လက်ရှိမြစ်ကြီးနားမြို့အတွက် ထပ်မံလိုအပ်သော လျှပ်စစ်ဓာတ်အား ၃ ဒသမ ၅ မဂ္ဂါဝပ်ကို ဖြည့်ဆည်းပေးလျက်ရှိသည့်အတွက် မြစ်ကြီးနားမြို့ပေါ် ၁၆ ရပ်ကွက်ရှိ အများပြည်သူများသည် ၂၄ နာရီ ဓာတ်အားပြည့်ဝစွာရရှိနိုင်မည့်အပြင် စက်မှုလုပ်ငန်းများပါ တိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ ချီဖွေငယ်စက်ရုံဓာတ်အားကို မြစ်ကြီးနားမြို့အတွက် အသုံးပြုပြီး ပိုလျှံဓာတ်အားကို မိုးကောင်းမြို့နှင့် မိုးညှင်းမြို့များသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် မြစ်ကြီးနား-မိုးကောင်း ၆၆ ကေဗွီလိုင်း ၄၁ မိုင်၊ မိုးကောင်း-မိုးညှင်း ၆၆ ကေဗွီ ဓာတ်အားလိုင်း ၅၈ မိုင် တည်ဆောက်ခြင်းနှင့် မိုးကောင်းမြို့နှင့် မိုးညှင်းမြို့တို့တွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ လုပ်ငန်းအားလုံးပြီးစီး၍ ချီဖွေငယ် စက်ရုံဓာတ်အားကို မိုးကောင်း၊ မိုးညှင်းစက်ရုံများအထိ ပို့လွှတ်နိုင်ပြီဖြစ်ပါသည်။

ဝိုင်းမော်ဓာတ်အားခွဲရုံမှ မြစ်ကြီးနားသို့ သွယ်တန်းထားသော ၆၆ ကေဗွီဓာတ်အားလိုင်းအထွက်များ။

၁၃၂/၆၆/၁၁ ကေဗွီ ဝိုင်းမော်ဓာတ်အားခွဲရုံ ၆၀ အမ်ဗွီအေ ထရန်စဖော်မာ။

ထို့အပြင် နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်မိစေရန်အတွက် ကျောက်ပုထိုး-နဘား ၆၆ ကေဗွီဓာတ်အားလိုင်းကို နဘားမှ မိုးညှင်းအထိ ၄၂ မိုင်တည်ဆောက်ခဲ့သဖြင့် ကချင်ပြည်နယ် မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ နဘားမြို့များသည် ချီဖွေငယ်စက်ရုံ၏ ဓာတ်အားရရှိသည့်အပြင် ချီဖွေငယ်စက်ရုံပြုပြင်ထိန်းသိမ်းဆောင်ရွက်ချိန်များတွင် နိုင်ငံတော်ဓာတ်အားစနစ်က ဓာတ်အားကို ကျောက်ပုထိုး၊ နဘားဓာတ်အားလိုင်းက ဓာတ်အားရယူနိုင်မည်ဖြစ်ပါသည်။ မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးညှင်း၊ မိုးကောင်း၊ နဘားမြို့ ပတ်ဝန်းကျင် ကျေးရွာများသည်လည်း ၆၆ ကေဗွီ ဓာတ်အားခွဲရုံများမှ ထွက်ရှိသော ၁၁ ကေဗွီဓာတ်အားလိုင်းများမှတစ်ဆင့် ဆက်သွယ်ဓာတ်အားရယူနိုင်မည် ဖြစ်သဖြင့် ကချင်ပြည်နယ်၏ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါသည်။ အထူးသဖြင့် စက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ခြင်းဖြင့် လူမှုရေး၊ စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာမည်ဖြစ်သည်။

အဆိုပါ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်မှုအတွက် နိုင်ငံတော်က အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၃၈ သန်း၊ မြန်မာကျပ်ငွေ ၁၀ ဒသမ ၂၀၀ ဘီလီယံကုန်ကျခံ၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် လက်ရှိဓာတ်အားသုံးစွဲနိုင်သော ၃၀ ရာခိုင်နှုန်းပြည်သူများသို့ ဓာတ်အား စဉ်ဆက်မပြတ်ပေးနိုင်ရေး ဆောင်ရွက်နေရသကဲ့သို့ ဓာတ်အားမရရှိသေးသော ပြည်သူများဓာတ်အားရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေရသည့်အတွက်ဘဏ္ဍာငွေများ ကျခံသုံးစွဲနေရမှုများကို သိရှိနိုင်ရန် ဖော်ပြအပ်ပါသည်။

၁၃၂/၆၆/၁၁ ကေဗွီ ဝိုင်းမော်ဓာတ်အားခွဲရုံ Switch Yard ။

စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူစာပေဆု တတိယဆုရစာအုပ်များ ဖြန့်ချိရောင်းချပေးလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၄

စာပေဗိမာန်စာမူဆုပြိုင်ပွဲနှင့် ပခုက္ကူစာပေဆုပြိုင်ပွဲများတွင် တတိယဆုရရှိသော စာမူများကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ထုတ်ဝေဖြန့်ချိ ရောင်းချပေးလျက်ရှိသည်။

အဆိုပါစာအုပ်များမှာ ၂၀၀၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုဝတ္ထုရှည်ဆုရသိန်းဇော်(ရွှေလီဦး)၏ ဘဝပုခက်နှင့် ကကြိုးဆက်မည့်ရွှေလက်များ (ရောင်းဈေး-၁၁၀၀ ကျပ်)၊ ၂၀၀၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု လူငယ်စာပေဆုရ ဝတ်ရည်ခင်(ပဲခူး)၏ ထက်မြက်စွမ်းအင်နှင့် လူငယ်ဝတ္ထုတိုများ(ရောင်းဈေး-၇၀၀ ကျပ်)၊ ၂၀၀၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ ထူးထူးဝင်း (ရှေးဟောင်းသုတေသန)၏ ပထမမြန်မာနိုင်ငံတော်နှင့် ပုဂံရွှေနန်းတော်ကြီး (ရောင်းဈေး-၁၀၀၀ ကျပ်)၊ ၂၀၀၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာပညာရပ်)ဆုရ ရွှေဟသ်ာ(မန္တလေး တက္ကသိုလ်)၏ ရှေးခေတ်ကျေးလက်သုံးဆိုထုံးနှင့်စကားပုံများအဖွင့်(ရောင်းဈေး-၈၀၀ ကျပ်)၊ ၂၀၁၀ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု လူငယ်စာပေဆုရ ကျွန်းစဉ်မြေစောခက်၏ သားယောက်ျားအားဖြစ်စေသတည်း နှင့် အခြားဝတ္ထုတိုများ(ရောင်းဈေး- ၈၀၀ ကျပ်)၊ ၂၀၁၁ ခုနှစ်အတွက် ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ်ဆုရ ကျွန်းစဉ်မြေစောခက်၏ တွင်းကောက်ရှာသော မြွေများနှင့် အခြားဘဝရသဝတ္ထုတိုများ(ရောင်းဈေး-၈၀၀ ကျပ်)တို့ဖြစ်သည်။

ဆက်သွယ်နိုင်

အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊၀၁-၃၈၁၄၄၈၊ နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁၊ မန္တလေးမြို့ ၈၆ လမ်း၊၂၁ လမ်းနှင့် ၂၂ လမ်းကြားရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

လူ့အခွင့်အရေးနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌအား International Development Law Organization (IDLO) မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr.Jasper Pauw သည် နိုဝင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ကော်မတီအဆောင်အမှတ် (၁)၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ကော်မတီဥက္ကဋ္ဌ ဦးဌေးဦးနှင့်အတူ အတွင်းရေးမှူးဦးတင်မောင်ဝင်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဦးမောင်မောင်တင်၊ ဦးစောထွန်းခေါင်လွင်၊ ဦးစောဘသိန်းနှင့်လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ယင်းသို့တွေ့ဆုံရာ၌ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ ပြောင်းလဲကျင့်သုံးနေသည့်စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်လာသော ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊လူ့အခွင့်အရေးနှင့်ပတ်သက်သည့်လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းစေရေးအတွက် ကဏ္ဍဆိုင်ရာဖွံ့ဖြိုးမှုစီမံကိန်းနှင့် ဒေသန္တရ ဖွံ့ဖြိုးမှုစီမံကိန်းတို့ကို ပေါင်းစပ်ရေးဆွဲသွားမည်

နေပြည်တော် နိုဝင်ဘာ ၁၄

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို အစီအစဉ်(၉)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **နိုင်ငံတော်က ဆောင်ရွက်မည့် ၂၀၁၅ အလွန် (၁၅)နှစ် စီမံကိန်း၏ ရည်ရွယ်ချက်၊ ဦးတည်ချက်များသည် မည်သည့်အခြေခံနှုန်းများအပေါ်ရေးဆွဲသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက လွှတ်တော်အကြံပြုချက်နှင့်အညီ လက်ရှိရေးဆွဲလျက်ရှိသော နိုင်ငံတော်၏အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(၂၀၁၁-၂၀၃၁) နှစ် ၂၀ နှစ်ရှည်စီမံကိန်းတွင် ၂၀၁၅ အလွန် (၁၅) နှစ် စီမံကိန်းလည်း အပါအဝင်ဖြစ်ပါကြောင်း၊ နှစ်ရှည်စီမံကိန်းဖြစ်သည့်အတွက် နိုင်ငံတော်၏ Strategy ကိုသာဖော်ပြပြီး နိုင်ငံတော်၏ နောင်အနှစ် ၂၀ တွင် ဖြစ်ပေါ်စေလိုသည့် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို ရရှိစေရန်အတွက် ကျင့်သုံးဆောင်ရွက်မည့် ဦးတည်ချက်များကို ရှေ့နောက်ညီညွတ်စွာ အစီအစဉ်တကျဖော်ပြခြင်းဖြစ်ပါကြောင်း၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ကာလတို ငါးနှစ်စီမံကိန်း (၄)ခုဖြင့် ပိုင်းခြားအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် MDRI တို့ ပူးပေါင်းရေးဆွဲခဲ့သည့် စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုအခြေခံမူဘောင်သည် နိုင်ငံတော်၏ ရေတို၊ ရေရှည်မျှော်မှန်းချက်များကို ပြည့်မီစေအောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အရေးကြီးသော မူဝါဒလမ်းညွှန်တစ်ခုဖြစ်ပါကြောင်း၊ ယင်းအခြေခံမူဘောင်သည် ကာလရှည် အနှစ် ၂၀ စီမံကိန်းဖြစ်သည့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့်ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို ပေါင်းကူးဆက်စပ်ပေးရန်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးကို အာရှနိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်လာစေရန် ဖြစ်ပါကြောင်း။

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များ၊ ပြည်တွင်း ပြည်ပ စီးပွားရေးပညာရှင်များ ပူးပေါင်း၍ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ၂၀၁၁-၂၀၃၁ ကို ရေးဆွဲလျက်ရှိပါကြောင်း၊ ထို့ပြင် မက္ကင်ဆေး တက္ကသိုလ်၏ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများ၊ အလားအလာ သုံးသပ်ချက်များ၊ ERIA ၏ မြန်မာ ဘက်စုံဖွံ့ဖြိုးရေး မျှော်မှန်းချက် ၂၀၁၁-၂၀၃၅နှင့် OECD ၏ လေ့လာသုံးသပ်ချက်များကိုလည်း မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပေါင်းစပ်ထည့်သွင်းရေးဆွဲဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းစေရေးအတွက် ကဏ္ဍဆိုင်ရာဖွံ့ဖြိုးမှုစီမံကိန်းနှင့် ဒေသန္တရဖွံ့ဖြိုးမှုစီမံကိန်းတို့ကို ပေါင်းစပ်ရေးဆွဲသွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ပန်းဘဲတန်း မဲဆန္ဒနယ်မှ ဦးအောင်ဆန်း၏ **ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ဖြစ်ပွားခဲ့သော အပြုအမူမျိုးကြောင့် မကြာမီကျင်းပတော့မည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထပ်မံမဖြစ်ပွားစေရေးလုံခြုံရေးဆောင်ရွက်ထားရှိမှုနှင့် ပြိုင်ပွဲကျင်းပခြင်းဆိုင်ရာကိစ္စများကိုသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ၁၂ ရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အားကစားပြိုင်ပွဲ အမျိုးအစား ၃၃ မျိုးပါဝင်မည်ဖြစ်ရာ နေပြည်တော်ဇုန်တွင် အားကစားနည်း ၂၆ မျိုး၊ ရန်ကုန်ဇုန်တွင် အားကစားနည်း ခုနစ်မျိုး၊ မန္တလေးဇုန်တွင် အားကစားနည်းတစ်မျိုး၊ ပုသိမ် (ငွေဆောင်) ဇုန်တွင် အားကစားနည်းတစ်မျိုးတို့ ဖြစ်ပါကြောင်း၊ ယင်းပြိုင်ပွဲ အခမ်းအနားများသို့ စုစုပေါင်းအင်အား ၆၀၀၀၀ ကျော်ပါဝင်မည်ဟု ခန့်မှန်းစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဇုန်အလိုက်နှင့်အပိုင်းလိုက် လုံခြုံရေးဆပ်ကော်မတီများအား ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပြီး လုံခြုံရေးစီမံချက် ရေးဆွဲပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်အဌမပုံမှန်အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို ပြင်ပမှပရိသတ်များ ကြည့်ရှုနိုင်ရေးအတွက် နေပြည်တော်တွင် မြို့မဈေးရှေ့နှင့် သပြေကုန်းဈေးရှေ့တွင်လည်းကောင်း၊ ပျဉ်းမနားမြို့ရှိ မြို့တော်ခန်းမရှေ့၊ လယ်ဝေး အားကစားကွင်းရှေ့၊ လယ်ဝေးဈေးလမ်းဆုံရှေ့နှင့် တပ်ကုန်းဈေးရှေ့တို့တွင်လည်းကောင်း LED Board ကြီးများကို တပ်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁ ရက်တွင်စတင်မည့် အမျိုးသားဘောလုံးပြိုင်ပွဲများကို တိုက်ရိုက်ထုတ်လွှင့်နိုင်ရန်စီစဉ်ထားပြီး ကျန်အားကစားနည်းများကို Delay ထုတ်လွှင့်မည်ဖြစ်ကာ အားကစားနည်းအားလုံး၏ သတင်းများကို ပြည့်စုံစွာ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါကြောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ လက်ရှိထုတ်လွှင့်သည့်လိုင်းနှင့် Digital နည်းပညာဖြင့် ထုတ်လွှင့်မည့် Sports Channel များအပြင် MRTV-4၊ Skynet လိုင်းများတွင်လည်း တိုက်ရိုက်ထုတ်လွှင့်မှုနှင့်Delay Broadcasting ထုတ်လွှင့်မှုများ ဆောင်ရွက်သွားရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း။

သယ်ယူပို့ဆောင်ရေးအနေဖြင့် နေပြည်တော်ကိုဗဟိုပြု၍နေပြည်တော်-ရန်ကုန်-နေပြည်တော် ခရီးစဉ်တွင် ယာဉ်လိုင်း ၂၃ လိုင်းမှ ယာဉ်စီးရေ ၄၃၀၊ နေပြည်တော်-မန္တလေး-နေပြည်တော်ခရီးစဉ်တွင် ယာဉ်လိုင်း ၁၄ လိုင်းမှ ယာဉ်စီးရေ ၂၇၆ စီး ပြေးဆွဲလျက်ရှိပြီး လက်ရှိမြို့တွင်းပြေးဆွဲနေမှုအနေဖြင့် နေပြည်တော်တွင် ယာဉ်လိုင်း ၁၆ ခုမှ ယာဉ်စီးရေ ၃၂၀ စီး၊ ရန်ကုန်မြို့တွင် ယာဉ်လိုင်း ၃၉၅ လိုင်းမှ ယာဉ်စီးရေ ၆၃၃၈ စီး၊ မန္တလေးမြို့တွင် ယာဉ်လိုင်း ၄၃ လိုင်းမှ ယာဉ်စီးရေ ၈၅၅ စီး ပြေးဆွဲလျက်ရှိပါကြောင်း၊ စင်းလုံးငှား Taxi ယာဉ်များ အနေဖြင့် နေပြည်တော်တွင် ၁၁၁ စီး၊ ရန်ကုန်မြို့တွင် ၃၃၆၆၇ စီး၊ မန္တလေးမြို့တွင် ၁၃၅ စီး ပြေးဆွဲလျက်ရှိပါကြောင်း၊ လက်ရှိပုံမှန်ပြေးဆွဲနေမှုအပြင် ပြိုင်ပွဲကာလတွင်လည်း အထူးယာဉ်လိုင်းများအနေဖြင့် နေပြည်တော်-ရန်ကုန်-မန္တလေးခရီးစဉ်များအတွက် ယာဉ်စီးရေ ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ အလားတူ မြို့တွင်း အထူးယာဉ်လိုင်းပြေးဆွဲမှုအနေဖြင့် ပြိုင်ပွဲနေရာများသို့သွားရောက်ကြည့်ရှုနိုင်ရန် နေပြည်တော်တွင် ယာဉ်လိုင်း ၅ လိုင်းမှ ယာဉ်စီးရေ ၁၄၁ စီး၊ ရန်ကုန်မြို့တွင် ယာဉ်လိုင်း ၁၀ လိုင်းမှ ယာဉ်စီးရေ ၁၁၄၀ စီး၊ မန္တလေးမြို့တွင် ယာဉ်လိုင်း ၇ လိုင်းမှ ယာဉ်စီးရေ ၁၃၅ စီး ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲကာလအတွင်း Taxi စင်းလုံးငှားယာဉ်များလည်း မြို့ကြီး ၃ မြို့တွင် ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လူငါးဦးနှင့်အထက် စင်းလုံးငှားယာဉ်များငှားရမ်းရန် အငှားဝန်ဆောင်မှုလုပ်ငန်းသုံးခုမှ ယာဉ်အစီးရေ ၆၈ စီးဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပါကြောင်း။

ရထားခရီးစဉ်များ အနေဖြင့် ပုံမှန်ပြေးဆွဲလျက်ရှိသော ရန်ကုန်-ပျဉ်းမနား-နေပြည်တော်-မန္တလေး ခရီးစဉ်များအပြင် ပြိုင်ပွဲကာလ မတိုင်မီ တစ်ပတ်အလို နိုဝင်ဘာ ၂၄ ရက်မှစ၍ ပြိုင်ပွဲပြီးဆုံးမည့် ဒီဇင်ဘာ ၂၃ ရက်အထိ အထူးရထားနှစ်စင်းကို ရန်ကုန်-နေပြည်တော်-မန္တလေး အစုန်/အဆန် ပြေးဆွဲပေးသွားမည်ဖြစ်ပါကြောင်း၊ ငွေဆောင်တွင်ပြုလုပ်မည့် ရွက်လှေပြိုင်ပွဲအတွက် ရန်ကုန်-ပုသိမ်-ငွေဆောင် ခရီးစဉ်တွင် ယာဉ်လိုင်း ၁၀ လိုင်းမှ ယာဉ်စီးရေစုစုပေါင်း ၆၄ စီးဖြင့် ပြေးဆွဲလျက်ရှိပါကြောင်း၊ ပွဲကြည့်ပရိသတ်များပြား၍ ယာဉ်လိုလောက်မှုမရှိပါက ဧရာဝတီတိုင်းဒေသကြီးအတွင်း လက်ရှိပြေးဆွဲနေသော Bus ၅၁၆ စီးမှ ထုတ်နုတ်၍ ခရီးစဉ်ပြောင်း ပြေးဆွဲစေမည်ဖြစ်ပါကြောင်း၊ စင်းလုံးငှား Taxi များ အနေဖြင့် ယာဉ်အငှားဌာန သုံးခုမှ စုစုပေါင်း ၁၅၀ စီးခန့်ဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပါကြောင်း။

အခြားတိုင်းဒေသကြီး၊ ပြည်နယ်များမှပွဲကြည့်ပရိသတ်များသွားလာမှု အဆင်ပြေစေရန်ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့နှင့် ပို့ဆောင်ရေးညှိနှိုင်းမှုကော်မတီအသီးသီးက စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ယူခြင်းအတွက် ရွေးချယ်ခံရရှိခဲ့သောအားကစားသမားများဖြင့် ***စာမျက်နှာ ၈ ကော်လံ ၁ သို့***

အမျိုးသားလွှတ်တော်အစည်းအဝေး

ဝင်ငွေတွက်ခြေကိုက်ပြီး အကျိုးအမြတ်များသော သီးနှံများစိုက်ပျိုးရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၄

ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ယနေ့ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **သဘာဝဘေးအန္တရာယ်နှင့် ပြောင်းလဲလာသော ရာသီဥတုနှင့်ကိုက်ညီပြီး ရေမြေဒေသနှင့် ကိုက်ညီသည့် စပါးသီးနှံမျိုးများ စီမံထုတ်လုပ်ထားခြင်း ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းကဒေသ၊ရေမြေရာသီဥတု အမျိုးမျိုးနှင့်ကိုက်ညီသော သီးနှံမျိုးကောင်း၊ မျိုးသန့်များ၊ နည်းပညာများနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲလာမှုကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေများနှင့် လိုက်လျောညီထွေရှိမည့် ရေကြီးနစ်မြုပ်သည့်ဒေသများအတွက် ရေနစ်မြုပ်ဒဏ်ခံနိုင်သော ရွှေပြည်တန်နှင့် ရေမြုပ်ခံ(၁)စပါးမျိုးများကိုလည်းကောင်း၊ ကမ်းရိုးတန်းဒေသများအတွက် ဆားငံခံ-၄ နှင့် ဆားငံခံဆင်းသွယ်လတ် စပါးမျိုးများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရေရှား စိုက်ပျိုးရေမလုံလောက်သော ဒေသများအတွက် ရေငတ်ဒဏ်ခံနိုင်သော ယာ-၂ ထွန်း၊ ရေအနည်းလို(၁)၊ ရေအနည်းလို(၂)နှင့် ယာ-၈ စပါးမျိုးများကိုလည်းကောင်း သက်ဆိုင်ရာဒေသအသီးသီးရှိ တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် မိုးရွာသွန်းမှုအခြေအနေအား လေ့လာလျက် ဒေသရာသီဥတုနှင့် ကိုက်ညီ၍ ဝင်ငွေတွက်ခြေကိုက်ပြီး အကျိုးအမြတ်များသော သီးနှံများကိုအခြေခံ၍ သီးနှံပုံစံရေးဆွဲခြင်း၊ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးခြင်း၊ သက်တမ်းတိုသီးနှံများ စိုက်ပျိုးခြင်းတို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စုအလိုက် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဦးနေဝင်းထွန်း (ဥက္ကဋ္ဌ၊ သတ္တုနှင့်သယံဇာတရေးရာကော်မတီ)က

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြေကြားစဉ်။
(သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

နိုင်ငံတော်ကို ကျောက်မျက်ရတနာလုပ်ငန်းများမှ အခွန်အကောက်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိစေရန်၊ ကျောက်မျက်ရတနာလုပ်ငန်းများကို နိုင်ငံသားများက အကျိုးရှိစွာလုပ်ကိုင်ရင်း ကျောက်မျက်ရတနာဈေးကွက်ကြီး မြန်မာနိုင်ငံတွင် ရာနှုန်းပြည့်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြန်မာနိုင်ငံမှ အဖိုးတန်ကျောက်မျက်ရတနာများကို မမှန်မကန်နည်းလမ်းပေါင်းစုံဖြင့် ပြည်ပသို့ထုတ်ဆောင်မှုနှင့်အတူ အိမ်နီးချင်းနိုင်ငံများက မိမိတို့၏ အဖိုးတန်ကျောက်မျက်ရတနာများဖြင့် ကျောက်မျက်ရတနာဈေးကွက်ရရှိ အကျိုးအမြတ်ထုတ်ယူနေခြင်းကို ထိန်းချုပ်သွားရန်၊ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာအရိုင်းများ ထုတ်လုပ်ခြင်း၊ အချောထည်ပြုလုပ်ခြင်း၊ လက်ဝတ်ရတနာပြုလုပ်ခြင်းဖြင့် ယင်းတို့ကို ထိုက်တန်စွာနှင့် ဈေးနှုန်းမှန်ရရှိစေရေးတို့အတွက် တည်ဆဲဥပဒေတွင် ပြင်ဆင် ဖြည့်စွက်သင့်သည်များကို ပြင်ဆင် ဖြည့်စွက်နိုင်ရန် ယင်းဥပဒေကြမ်းကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်အမျိုးသားလွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေး

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမော်ထွန်း မေးမြန်းစဉ်။
(သတင်းစဉ်)

တွင် မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုများ၊ အစီရင်ခံစာများနှင့် ဥပဒေကြမ်းများတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်း ဆောင်ရွက်ခဲ့မှုများ၊ အမျိုးသားလွှတ်တော်နှင့် ပြည်ပလွှတ်တော်များ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေး ပူးပေါင်းအသင်းများဖွဲ့စည်းခဲ့မှုများနှင့် လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားလာရေးကိုရည်ရွယ်၍ အပြန်အလှန်ဆွေးနွေးပွဲ ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး မိမိတို့နေရပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် မိမိတို့သက် ဆိုင်ရာနယ်မြေရှိ ပြည်သူတို့၏ ဆန္ဒလိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ကြပါစေကြောင်းဖြင့် ပြောကြားခဲ့သည်။

ယနေ့အစည်းအဝေး၌ မေးခွန်း (၄)ခုမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်း၊ ဥပဒေကြမ်း(၁)ခုတင်သွင်းခြင်း၊ အဆို(၁)ခု မှတ်တမ်းတင်ခြင်း၊ အဆို(၁)ခု အတည်ပြုခြင်းနှင့် အစီရင်ခံစာ (၂) ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်ပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်၌ရောက်ရှိနေသော အစ္စလာမ့်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) အထွေထွေအတွင်းရေးမှူး မစ္စတာအီမယ်လ်ဒင် အီဆန် အိုဂလူနှင့် (OIC)အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများပါဝင်သောအဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ဗိုလ်မှူးချုပ်အောင်သော်၊ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဒေါက်တာမောင်မောင်ဌေး၊ ဦးဘုန်းဆွေနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ဆော်ဒီအာရေဗီးယားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ သံအမတ်ကြီးများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာအား အစ္စလာမ့်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အထွေထွေအတွင်းရေးမှူးတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စု လွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာနှင့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များအား နေပြည်တော်၌ ရောက်ရှိနေသော အစ္စလာမ့်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC)အထွေထွေအတွင်းရေးမှူး မစ္စတာ အီမယ်လ်ဒင် အီဆန်အိုဂလူနှင့် (OIC)အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂နာရီ ၄၅ မိနစ်တွင် ပြည်သူ့လွှတ်တော်ရေးရာဆောင် အမှတ်(၁)၌ လာရောက်တွေ့ဆုံခဲ့သည်။

ပြည်ထောင်စု လွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာနှင့် အစ္စလာမ့်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(OIC) အထွေထွေအတွင်းရေးမှူး မစ္စတာ အီမယ်လ်ဒင် အီဆန်အိုဂလူတို့ ပြည်သူ့လွှတ်တော်ရေးရာဆောင် အမှတ်(၁)၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

(OIC) အဖွဲ့ဝင် တူရကီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Prof. Mr. Ahmet Davutoglu သည် ယနေ့နံနက်ပိုင်းတွင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနသို့ သွားရောက်၍ မြန်မာနိုင်ငံလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်အတွက် မြင်းကောင်ရေ ၇၅ ကောင်အားရှိ ထွန်စက်နှစ်စီး၊ မြင်းကောင်ရေ ၉၅ ကောင်အားရှိ ထွန်စက်နှစ်စီး၊ လေးသွားထယ်လေးခု၊ ခါးစက်ထွန်လေးခု၊ မျိုးစေ့ချစက်လေးခု၊ (Off Set) ထွန်နှစ်ခုနှင့် ဆေးဖျန်းစက်တစ်ခုတို့ကို ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်ကလက်ခံပြီး လယ်ယာကဏ္ဍ၌ကျယ်ပြန့်စွာ ရင်းနှီးလုပ်ကိုင်နိုင်သည့် ရေမြေရာသီဥတု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အလားတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်အား ယနေ့ နံနက်ပိုင်းတွင် (OIC) အဖွဲ့ဝင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Y.B. Dato' Hamzah Zainudin သည် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံခဲ့သည်။

ထို့နောက် (OIC)အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ဟိုတယ်ဇုန်ရှိ ရတနာသိင်္ဂ်ဟိုတယ်၌ ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ (IDGM) နာယက အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်ဦးဆောင်သည့် ဘာသာကြီးလေးမျိုးမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်မှ

ဆောင်ရွက်သွားမည် ဖြစ်ပြီး ကျောင်းသား ကျောင်းသူများခြံရံလိုက်ပါ ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့ အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားခဲ့ရာ၌ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ယနေ့ပြီးဆုံးပြီဖြစ်ပါကြောင်း၊ ဤကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်၊ ဆန္ဒ၊ သဘောထားများကိုရယူပြီး မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းနှင့် ဥပဒေကြမ်းပြုစု၍လွှတ်တော်သို့ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါကြောင်း။

ယခု အဋ္ဌမပုံမှန်အစည်းအဝေးတွင် **မေးခွန်း**ပေါင်း ၈၄၂ ခုရှိခဲ့ပြီး ကြယ်ပွင့်ပြ ၃၁၆ ခု၊ ကြယ်ပွင့်မပြ ၅၂၆ ခုရှိခဲ့ပါကြောင်း၊ အဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း ၁၄၁ ခုနှင့်ကြယ်ပွင့်မပြ မေးခွန်း ၂၄၂ ခု ဖြေကြားနိုင်ခဲ့ပါကြောင်း၊ ကြယ်ပွင့်ပြမေးခွန်း ဖြေကြားရာတွင် ၃၇ ခုသည် သတ္တမပုံမှန်အစည်းအဝေးမှ ကျန်ရှိသော မေးခွန်းများဖြစ်ပါကြောင်း၊ မေးခွန်းများတွင် ရုပ်သိမ်းမေးခွန်းနှစ်ခုရှိပြီး ဖြေရန်ကျန် ၄၉၄ ခုရှိပါကြောင်း။

အဆိုအနေဖြင့် ယခင်သတ္တမပုံမှန်အစည်းအဝေးတွင် ကျန် ၃ခု၊ ယခု အဋ္ဌမပုံမှန်အစည်းအဝေးသို့ ရောက်ရှိအဆို ၇ ခု စုစုပေါင်း ၁၀ ခုရှိပါကြောင်း၊ ယင်းအဆိုများထဲတွင် အရေးကြီးအဆို ၂ ခု ပါဝင်ပါကြောင်း၊ အဋ္ဌမပုံမှန် အစည်းအဝေးကာလအတွင်း တင်သွင်း၊ ဆွေးနွေး၊ မှတ်တမ်းတင်နိုင်ခဲ့သော အဆို ၉ ခုရှိရာ သတ္တမပုံမှန်အစည်းအဝေးမှ ကျန်ရှိအဆို ၃ ခုနှင့် အဋ္ဌမပုံမှန် အစည်းအဝေးမှ အဆို ၆ ခု ဖြစ်ပါကြောင်း၊ တင်သွင်း၊ ဆွေးနွေးရန် အဆို ၁ ခု ကျန်ရှိပါကြောင်း။

ဥပဒေကြမ်းအနေဖြင့် ယခုကာလအတွင်းဆွေးနွေးရန် ၃၉ ခုရှိပြီး ဆွေးနွေး ၂၀ ခု၊ ပြီးပြတ် ၁၃ခု၊ ပြီးပြတ်ရန်ကျန် ၇ ခုနှင့် ဆွေးနွေးရန်ကျန် ၁၉ ခုရှိပါကြောင်း။

မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများကရွေးချယ်ထားသော ကိုယ်စားလှယ်များဖြစ်သည့်အတွက် ပြည်သူများ၏ ဆန္ဒသဘောထားများကို ရယူပြီး ပြည်သူများ လိုက်နာနိုင်သောဥပဒေများပြဋ္ဌာန်းပေးနေကြသူများ ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကိုယ်စားလှယ်များ အနေဖြင့် စိတ်ကောင်းစေတနာမှန်များဖြင့် ပြည်သူ့အတွက်၊ ပြည်ထောင်စု အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌက ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ အစည်းအဝေး ပြီးဆုံးပြီဆိုသော်လည်း တင်သွင်းထားသော ဥပဒေကြမ်းများနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ကော်မတီများနှင့် ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် ဆွေးနွေးညှိနှိုင်းခြင်းများ ဆက်လက်ပြုလုပ်နေရဦးမည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် လွှတ်တော်ကိုယ်စားလှယ်များအတွက် အဓိကအရေးကြီးဆုံး လုပ်ငန်းဖြစ်သည့် မဲဆန္ဒနယ်များသို့ သွားရောက်ပြီး ပြည်သူများ၏ လိုအပ်ချက်၊ အခက်အခဲ၊ ဆန္ဒသဘောထားများ ကြားသိစေရေးအတွက် ဆောင်ရွက်ရဦးမည် ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့ကိုယ်စားလှယ်ပီပီ လုပ်နိုင်သည့်အချိန်၊ လုပ်နိုင်သည့် အခြေအနေရှိခိုက် တာဝန်သိသိ၊ သစ္စာရှိရှိ လူထုအတွက် လုပ်ကိုင်ဆောင်ရွက် သွားကြလိမ့်မည်ဟု မျှော်လင့်လျက် ရှိကြပါကြောင်း၊ ကိုယ်စားလှယ်များနှင့် ပြည်သူများ ကျန်းမာရွှင်လန်းကြပြီး ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများ၏ မျှော်လင့်ချက်အတိုင်း ပြည်သူများနှင့် ပြည်ထောင်စုအတွက် လက်တွဲညီညီ ဆောင်ရွက်နိုင်ကြပါစေရန် ဆုမွန်တောင်းပါကြောင်းဖြင့် နှုတ်ခွန်းဆက်ပြောကြားခဲ့သည်။

ထို့ပြင် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော ဥပဒေရေးရာနှင့် လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်၏သက်တမ်းကို တစ်နှစ်ပြည့်မြောက်သည့် နေ့ရက်၏နောက်တစ်နေ့ဖြစ်သော နိုဝင်ဘာ ၁၆ ရက်မှစ၍ နောက်ထပ်တစ်နှစ် တိုးမြှင့်သတ်မှတ်သွားမည်ဖြစ်ကြောင်းနှင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော **မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းသည့် ကိုယ်စားလှယ်မရှိသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

အရေးကြီးအဆိုအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူက ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း ယနေ့လွှတ်တော်အစည်းအဝေး တက်ရောက်နေစဉ်အတွင်း မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရုတ်တရက် ကွယ်လွန်အနိစ္စရောက်ခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်းအဆိုကို တင်သွင်းခဲ့ရာ လွှတ်တော်က အတည်ပြုမှတ်တမ်းတင် ဆောင်ရွက်ခဲ့ပြီး လွှတ်တော်အစည်းအဝေးခန်းမ အနီးတွင် အရေးပေါ် လူနာတင်ယာဉ်နှင့် အထူးကုဆရာဝန် အသင့်ထားရှိပေးရေးအတွက် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်၏ တင်ပြချက်နှင့် ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌက ဆောင်ရွက်ထားပြီး ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးကို ညနေ ၃နာရီ ၂၅ မိနစ်တွင်ရပ်နားခဲ့ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီဝင်များ ပျဉ်းမနားမြို့နယ် ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများမှ ပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၄

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်အတွင်း အောက်တိုဘာ ၂၇ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကူးတို့ဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကြို့တန်း၊ အင်းသာနှင့် သာယာစုကျေးရွာများ၊ ဇီးဖြူပင်ကျေးရွာအုပ်စု ဇီးဖြူပင်ကျေးရွာများသည် ပေါင်းလောင်းမြစ်ရေလျှံတက်မှုကြောင့် ရေနစ်မြုပ်မှုများဖြစ်ခဲ့သဖြင့် ရေလွတ်ရာသို့ ယာယီပြောင်းရွှေ့နေထိုင်ရာမှ နိုဝင်ဘာ ၁ ရက်မှစ၍ မိမိတို့၏နေအိမ်များသို့ ပြန်လည် ပြောင်းရွှေ့နေထိုင်ခဲ့ကြပြီဖြစ်သည်။ အဆိုပါရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့သည့် ကျေးရွာများမှ ပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် ညနေ ၃ နာရီတွင်ဇီးဖြူပင်ကျေးရွာအုပ်စု ဇီးဖြူပင်ကျေးရွာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ နေပြည်တော်ကောင်စီဝင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ တာဝန်ခံ ဦးမြင့်ရွှေတို့သည် ပြည်သူများအား နောင်နှစ်များတွင် ယခုကဲ့သို့ ရေလွှမ်းမိုးမှုဒဏ် မခံရရေးအတွက် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်ပေးသွားရန် ရည်ရွယ်ထားသည့် လုပ်ငန်းများအားလည်းကောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသော ဒေသခံပြည်သူများ၏ လယ်ယာသီးနှံ စိုက်ခင်းများအား ဆောင်းသီးနှံ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးမည့် လုပ်ငန်းများနှင့် မျိုးစေ့များ ထောက်ပံ့ပေးအပ်သွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်တွင်းသတင်း

◆ *ကျောဖုံးမှ*

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုအခြေအနေ၊ ငြိမ်းချမ်းရေးတည်ဆောက်နေမှုအခြေအနေ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်ရေး Comprehensive Framework တွင်ပါရှိသည့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေး၊ ဖွံ့ဖြိုးမှုနှင့် ကုန်သွယ်ရေး၊ နိုင်ငံတကာဆက်ဆံရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံတော်သမ္မတက အဆိုပါကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် Asialink Australia Myanmar Business Taskforce ဥက္ကဋ္ဌခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၄

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် Asialink Australia Myanmar Business Taskforce ဥက္ကဋ္ဌ Mr. Sid Myer ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိလွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E. Ms. Bronte Moules လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် Asialink Australia Myanmar Business Taskforce ဥက္ကဋ္ဌ Mr. Sid Myer အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် အမေရိကန်သမ္မတဟောင်း H.E.Mr. William J. Clinton နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအား ထောက်ခံအားပေးနေမှုများ၊ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ကော်မရှင် အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်သမ္မတဟောင်း H.E.Mr. William J.Clinton**အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

လျှပ်စစ်ဓာတ်အားခတိုးမြှင့်ခြင်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အကုန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အစ ဧပြီလတွင် ပြောင်းလဲကောက်ခံသွားမည်

နေပြည်တော် နိုဝင်ဘာ ၁၄

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ရေရှည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက် ရှိကြောင်း၊ နှစ်စဉ်ဆောင်ရွက်ရန် စီမံကိန်းများ ချမှတ်ခဲ့သော်လည်း အစိုးရအဖွဲ့တစ်ခုတည်းက တာဝန်ယူရသည့်အခါ ဘဏ္ဍာငွေ အခက်အခဲကြောင့် ဓာတ်အားထုတ်လုပ်မှုလျော့နည်းပြီး လျှပ်စစ်မီးမရသည့်ပြဿနာများ ယနေ့တိုင်ရင်ဆိုင်နေရကြောင်း၊ ဓာတ်အားသုံးစွဲမှုပမာဏသည် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိရာ ၂၀၁၄ ခုနှစ် နွေရာသီတွင် ဓာတ်အား ၂၃၇၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရေးအတွက် ဝန်ကြီးဌာနက တည်ဆောက်မည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၊ ပုဂ္ဂလိက တည်ဆောက်မည့် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံများ အချိန်မီပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အရင်းအနှီး ပမာဏများသည့်အတွက် အစိုးရအဖွဲ့တစ်ခုတည်းသာ ဆောင်ရွက်ပါက နှစ်ကာလ ကြာရှည်မည်ဖြစ်၍ ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကများကို

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဖိတ်ခေါ်ခဲ့ကြောင်း၊ ပုဂ္ဂလိကပိုင်းက လာရောက် ရင်းနှီးမြှုပ်နှံရာတွင် ကုန်ကျစရိတ်များအပေါ် တွက်ခြေကိုက်မှု ရည်ရွယ်စဉ်းစားပြီး ဓာတ်အားခနှုန်းထား တောင်းခံခဲ့ကြသည့်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနှင့် အခက်အခဲရှိနေကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် လက်ရှိလူဦးရေ၏ စုစုပေါင်း ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပြီး ကျန်မြို့များနှင့် ကျေးလက်ဒေသနေ လူဦးရေ ၇၀ရာခိုင်နှုန်းမှာ ဓာတ်အားသုံးစွဲနိုင်မှု မရှိသေးကြောင်းနှင့် ကချင်ပြည်နယ် မြောက်ပိုင်းဒေသများ၊ စစ်ကိုင်းတိုင်းဒေသကြီး မြောက်ဘက်ခြမ်းရှိအချို့ဒေသများ၊ ရခိုင်ပြည်နယ်ဒေသတစ်ခုလုံး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ဒေသတစ်ခုလုံး၊ ကရင်ပြည်နယ် ဒေသအချို့၊ တနင်္သာရီတိုင်းဒေသကြီးတစ်ခုလုံး၊ ဧရာဝတီတိုင်းဒေသကြီး မြို့နယ်အချို့၊ ချင်းပြည်နယ်ဒေသတစ်ခုလုံး စသည့်ဒေသများအတွင်း ဓာတ်အားစနစ် မရောက်ရှိသေးသည့်အတွက် ဒီဇယ်နှင့် မောင်းနှင်လည်ပတ်ကာ ဓာတ်အားပေးစက်ရုံများဖြင့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးလျက်ရှိပြီး တစ်ရက်လျှင် နှစ်နာရီ၊ သုံးနာရီသာ ဓာတ်အားပေးနေရကြောင်း၊ တစ်ယူနစ်ကို အနည်းဆုံး ကျပ် ၄၆၀ မှ အများဆုံး ကျပ် ၇၀၀ထိ ပေးဆောင်နေရကြောင်း သိရှိရသည်။

နိုင်ငံတော်၏ ရေရှည်စီးပွားရေးနှင့်စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံး ဓာတ်အား တိုးတက်သုံးစွဲနိုင်ရေး ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ ဓာတ်အားစနစ် မရောက်သေးသော ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ ဓာတ်အားပေးလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်သွားမည့် အစီအစဉ်ရှိကြောင်း သိရှိရသည်။

ပြည်သူ့သဘောထားဆန္ဒများနှင့်စက်မှုဇုန်များရှိ စီးပွားရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြသည့်အတိုင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်၏ အရေးပေါ်အဆိုတင်သွင်းခဲ့မှုအပေါ် လျှပ်စစ်ဓာတ်အားခတိုးမြှင့်ခြင်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အကုန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အစ ဧပြီလတွင် ပြောင်းလဲကောက်ခံသွားမည် ဖြစ်ကြောင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၂ ရက်နေ့တွင်ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစည်းအဝေးတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင်တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားနှင့် ပြိုင်ပွဲအားလုံးအား Live/Delay ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၁၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအား နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များနှင့် ငွေဆောင်တို့တွင် (၄)နေရာခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ထည့်သွင်းကျင်းပမည့် အားကစားနည်းအားလုံးအား အများပြည်သူများကြည့်ရှုအားပေးနိုင်စေရေးအတွက် MRTV၊ Forever နှင့် ရွှေသံလွင်ကုမ္ပဏီတို့မှ အောက်ပါအတိုင်း Live/Delay ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်-

စဉ်	အားကစားနည်း	ထုတ်လွှင့်မှုပုံစံ		ထုတ်လွှင့်မည့် သတင်းဌာန	ပြိုင်ပွဲကျင်းပမည့်နေရာ
		Live	Delay		
၁။	ဘောလုံး(ကျား/မ)	✔		MRTV/ Forever/ ရွှေသံလွင်	ရန်ကုန်/နေပြည်တော်/ မန္တလေး
၂။	ဂျူဒို	✔		Forever	နေပြည်တော်
၃။	ပန်ကြပ်ဆီလတ်	✔		Forever	နေပြည်တော်
၄။	ဘော်လီဘော	✔		Forever	နေပြည်တော်
၅။	ဝူရှူး	✔		ရွှေသံလွင်	နေပြည်တော်
၆။	တိုက်ကွမ်ဒို	✔		ရွှေသံလွင်	နေပြည်တော်
၇။	ကရာတေးဒို	✔		ရွှေသံလွင်	နေပြည်တော်
၈။	ပိုက်ကျော်ခြင်း	✔		ရွှေသံလွင်	နေပြည်တော်
၉။	ကြက်တောင်	✔		ရွှေသံလွင်	နေပြည်တော်
၁၀	စားပွဲတင်တင်းနစ်	✔		ရွှေသံလွင်	နေပြည်တော်
၁၁။	ရေကူး/ဒိုင်ဗင်	✔		ရွှေသံလွင်	နေပြည်တော်
၁၂။	ခြင်းလုံး	✔		ရွှေသံလွင်	နေပြည်တော်
၁၃။	ကာယဗလ	✔		Forever	ရန်ကုန်
၁၄။	အလေးမ	✔		Forever	ရန်ကုန်
၁၅။	နပန်း		✔	ရွှေသံလွင်	ရန်ကုန်
၁၆။	ကမ်ပို		✔	ရွှေသံလွင်	ရန်ကုန်
၁၇။	ဟော်ကီ		✔	ရွှေသံလွင်	ရန်ကုန်
၁၈။	သေနတ်ပစ်		✔	ရွှေသံလွင်	ရန်ကုန်
၁၉။	ဝါတာပိုလို		✔	MRTV	နေပြည်တော်
၂၀။	မြားပစ်		✔	MRTV	နေပြည်တော်
၂၁။	ဘိလိယက်/စနူကာ		✔	MRTV	နေပြည်တော်
၂၂။	ဂေါက်သီး		✔	MRTV	နေပြည်တော်
၂၃။	စစ်တုရင်		✔	MRTV	နေပြည်တော်
၂၄။	ကနူး/ကယက်		✔	MRTV	နေပြည်တော်
၂၅။	အနောက်တိုင်းလှေ		✔	MRTV	နေပြည်တော်
၂၆။	ရိုးရာလှေ		✔	MRTV	နေပြည်တော်
၂၇။	ဘတ်စကက်ဘော		✔	Forever	နေပြည်တော်
၂၈။	ဗိုဗီနမ်		✔	Forever	နေပြည်တော်
၂၉။	စက်ဘီး		✔	Forever	နေပြည်တော်
၃၀။	ဖူဆယ်(ကျား/မ)		✔	Forever	နေပြည်တော်
၃၁။	လက်ဝှေ့		✔	ရွှေသံလွင်	နေပြည်တော်
၃၂။	မွေ		✔	ရွှေသံလွင်	နေပြည်တော်
၃၃။	မြင်းစီး		✔	ရွှေသံလွင်	နေပြည်တော်
၃၄။	ပီတန်း		✔	ရွှေသံလွင်	နေပြည်တော်
၃၅။	ရွက်လှေ		✔	Forever	ငွေဆောင်

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဥရောပသမဂ္ဂ(အီးယူ)-မြန်မာအထူးလုပ်ငန်းအဖွဲ့ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄

ဥရောပသမဂ္ဂ(အီးယူ)-မြန်မာ အထူးလုပ်ငန်းအဖွဲ့ (EU-Myanmar Task Force)၏ ပထမအကြိမ် မျက်နှာစုံညီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင် ကျင်းပသည်။

အီးယူ-မြန်မာအထူးလုပ်ငန်းအဖွဲ့ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

အီးယူ-မြန်မာ အထူးလုပ်ငန်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေး ဖွင့်ပွဲတွင် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာ မူဝါဒအကြီးအကဲနှင့် ဥရောပ ကော်မရှင် ဒုတိယ ဥက္ကဋ္ဌ မစ္စကက်သရင်း အက်ရှ်တန် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မျက်နှာစုံညီအစည်းအဝေးဖွင့်ပွဲတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်တိုနီယိုတာဂျာနီတို့က သဘာပတိအဖြစ် ဆောင်ရွက်ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒေါက်တာကံဇော်နှင့်ဦးဌေးအောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အမှုဆောင်များ၊ ဥရောပသမဂ္ဂမှ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကား ပြောကြားရာ၌ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီနည်းလမ်းကျသည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် ကျန်ရှိသည့် နှစ်နှစ်ကျော်ကာလတွင် အခြေခံကောင်းများ ချမှတ်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝိုင်းဝန်းကူညီကြသူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ့သမိုင်းတွင် အရေးပါသည့် အလှည့်အပြောင်းကာလတွင် ဥရောပသမဂ္ဂ၏ အကူအညီများသည် အရေးကြီးလှပါကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်ကို ခိုင်မာစွာတည်ဆောက်နိုင်ရေး၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်မှန်းပြီး ကြိုးပမ်းဆောင်ရွက်နေပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးရာမူဝါဒအကြီးအကဲနှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စကက်သရင်းအက်ရှ်တန်က ဥရောပသမဂ္ဂအနေဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေသည့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံအား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာဖွံ့ဖြိုးရေးအတွက် အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း၊ အစိုးရချင်းနှင့်ပုဂ္ဂလိကကဏ္ဍများတွင် ပိုမိုထိတွေ့ဆက်ဆံမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိမိတို့နှင့်အတူ မြန်မာနိုင်ငံကို စိတ်ဝင်စားသည့် ဥရောပမှ စီးပွားရေးလုပ်ငန်းရှင်များစွာလိုက်ပါလာပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို လေ့လာသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် စီးပွားရေးဖိုရမ်၊ ဖွံ့ဖြိုးရေးဖိုရမ်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်း ဖိုရမ်များကို ဆက်လက်ကျင်းပခဲ့ကြသည်။

ဖိုရမ်တွင် တက်ရောက်သူတစ်ဦးဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်က ယနေ့ကာလတွင် မြန်မာနိုင်ငံအား ဒေသဖွံ့ဖြိုးရေးအတွက် အဓိက ဈေးကွက်တစ်ခုအဖြစ် နိုင်ငံတကာက ရှုမြင်လာကြကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ကြရာတွင် တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်သင့်ပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ယနေ့ကျင်းပသည့် စီးပွားရေးဖိုရမ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ စွမ်းအင်နှင့်အခြေခံအဆောက်အအုံလုပ်ငန်း၊ စီးပွားရေးပတ်ဝန်းကျင် အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းဟူသည့် လုပ်ငန်းနယ်ပယ်ငါးရပ်နှင့်ပတ်သက်၍ အစုအဖွဲ့များအလိုက် ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ယင်းလုပ်ငန်းနယ်ပယ်ငါးရပ်နှင့် အကျုံးဝင်သော မြန်မာနှင့် ဥရောပကုမ္ပဏီများအကြား B2B Networking ဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဖွံ့ဖြိုးရေးဖိုရမ် ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံတွင် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဖြစ်ပေါ်လာရေးအတွက် ဥရောပသမဂ္ဂက ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ အဓိကဆွေးနွေးခဲ့ကြသည်။

ထို့အတူ လာမည့်နှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံအား ဘဏ္ဍာရေးအကူအညီများ ထပ်လောင်းပေးအပ်နိုင်ရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။

ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေးတိုးတက်လာမှု၏ ပြယုဂ်တစ်ရပ်အဖြစ် အဆိုပါ အီးယူ-မြန်မာ အထူးလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးကို မြန်မာနိုင်ငံ၌ ကျင်းပနိုင်ခြင်းဖြစ်သည်။ ယင်းအထူးလုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနှင့် စီးပွားရေးအသွင် ကူးပြောင်းမှုလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်စေရန်ကူညီပေးမည့် အဖွဲ့အစည်းဖြစ်သည်။

ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်တိုနီယိုတာဂျာနီက ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံနှင့် စီးပွားရေးနှင့် နိုင်ငံရေးမိတ်ဖက်ပြုမှုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ကုန်ကြမ်းပစ္စည်းထုတ်လုပ်ရေး၊ ကုန်သွယ်ရေးလုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် ခရီးသွားလုပ်ငန်းကဲ့သို့သော မဟာဗျူဟာလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအဖွဲ့နှင့်အတူ ဥရောပသမဂ္ဂအဖွဲ့ဝင် ၁၆ နိုင်ငံမှ ကုမ္ပဏီနှင့် အသင်းအဖွဲ့ ၁၀၀ ကျော်မှ ကိုယ်စားလှယ်များလိုက်ပါလာခဲ့ပြီး ဖိုရမ်များတွင် တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

✱ ကျောဖုံးမှ

ကူညီလုပ်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ယခုရောက်ရှိလာသည့် စင်းလုံးငှား လေယာဉ်နှစ်စင်းသည် အမေရိကန်နိုင်ငံထုတ် Cessna Grand Caravan Ex လေယာဉ်အမျိုးအစားများဖြစ်ပြီး ခရီးသည် ၁၂ ဦးနှင့်လေယာဉ်မောင်းနှစ်ဦး အပါအဝင် ၁၄ ဦးကို သယ်ယူပို့ဆောင်ပေးနိုင်သည်။ ၎င်းစင်းလုံးငှား လေယာဉ်သည် ဆီစားနှုန်းသက်သာသည့်လေယာဉ်အမျိုးအစားဖြစ်ပြီး မိသားစု၊ ကုမ္ပဏီ၊ အဖွဲ့အစည်းမည်သူမဆို ဈေးနှုန်းချိုသာပြီး ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်တိုအတွင်း ငှားရမ်းသွားလာနိုင်စေရန် ရည်ရွယ်ဝယ်ယူခြင်းဖြစ်သည်။

"အခုလို ဒီစင်းလုံးငှားလေယာဉ်နှစ်စင်းကို ဝယ်ယူဖြစ်တာကတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့အချိန်နဲ့အမျှ ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာတဲ့ ခရီးသွားလုပ်ငန်းကို အဆင်ပြေစေဖို့နဲ့ပြည်တွင်းပြည်ပခရီးသွားများ အချိန်တိုအတွင်း သွားလာမှုအဆင်ပြေစေရန် ရည်ရွယ်ဝယ်ယူခဲ့တာဖြစ်ပါတယ်။ ပြည်တွင်းပြည်ပခရီးသွားတွေက စင်းလုံးငှားလေယာဉ်မရှိဘူးလားလို့ ခဏခဏ မေးတာတွေရှိပါတယ်။ အဲဒါကြောင့်ပါ။ နောင်လည်း အခုလို စင်းလုံးငှားလေယာဉ်တွေ ထပ်မံဝယ်ယူတိုးချဲ့ပျံသန်းသွားဖို့ အစီအစဉ်ရှိပါတယ်။ ကုန်ကျစရိတ်အနေနဲ့ကတော့ ဒီလေယာဉ်တစ်စင်းကို အမေရိကန်ဒေါ်လာ နှစ်သန်းခွဲလောက် ဝယ်ယူကုန်ကျခဲ့ပါတယ်။ နှစ်စင်းဆိုတော့ ငါးသန်းဝန်းကျင်လောက်ပေါ့။ ဒီစင်းလုံးငှားလေယာဉ်နှစ်စင်းကို အထိုင်အနေနဲ့ မန္တလေးချမ်းမြသာစည်မှာထားမှာဖြစ်ပါတယ်။ လက်မှတ်တို့၊ ဘိုကင်ပေးစင်းလုံးငှားတာတို့ကတော့ နိုင်ငံတစ်ဝန်းရှိ မြန်မာ့လေကြောင်းနဲ့ပတ်သက်တဲ့ မည်သည့်နေရာမဆို ကြိုတင်မှာယူ ဘိုကင်ပေး ဝယ်ယူနိုင်ပါတယ်။ လာမည့်ဒီဇင်ဘာလအတွင်း ဆီးဂိမ်းမတိုင်မီလောက် စတင်ပျံသန်းသွားဖို့ရည်ရွယ်ထားပါတယ်"ဟု မြန်မာ့လေကြောင်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ပြောကြားခဲ့သည်။

ယနေ့ဝယ်ယူရောက်ရှိလာသည့် စင်းလုံးငှား လေယာဉ်နှစ်စင်းသည် မည်သည့်လေယာဉ်ကွင်းမဆို ဆင်းသက်ပျံသန်းနိုင်မည်ဖြစ်သည်။ ထို့ပြင် ၎င်းလေယာဉ်နှစ်စင်းသည် ခေတ်နှင့်အညီပင်လယ်၊ မြစ်ချောင်းများအတွင်း၌လည်း ဆင်းသက်ပျံသန်းနိုင်အောင် ထုတ်လုပ်ထားသည့် လေယာဉ်ဖြစ်သည်။ အဆိုပါ လေယာဉ်နှစ်စင်းကို အမေရိကားမှ မြန်မာနိုင်ငံသို့ ခုနစ်ရက် ရှစ်ညအိပ်ခရီးစဉ်ဖြင့် တိုက်ရိုက်ပျံသန်းခဲ့ပြီး လမ်းခရီးတစ်လျှောက် ခုနစ်နိုင်ငံကို ဝင်ရောက်အနားယူ ဆင်းသက်ခဲ့ပြီး ယနေ့ ညနေ ၃ နာရီ ၁၀ မိနစ်တွင် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန
(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် အသုံးပြုမည့် မီးစက် 1250 KVA ခြောက်လုံးနှင့် 1000 KVA နှစ်လုံး မောင်းနှင်ရန်အတွက် စက်သုံးဆီဒီဇယ်များ ဝယ်ယူလိုပါသည်-

(က) ပရီမီယာဒီဇယ် 1 Lot

၂။ တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်သည် စွမ်းအင်ဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသော အရောင်းဆိုင်ရှိရမည်။ တင်သွင်းသောဒီဇယ်ဆီသည် သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းနှင့်ကိုက်ညီရမည်။ တင်သွင်းသူသည် သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းသူဖြစ်ရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများကိုကြော်ငြာပါသည့်ရက်မှစ၍ရုံးချိန်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ၊ ရုံးအမှတ် ၃၅၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၄။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၁၈-၁၁-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီကို လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန
(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ
ဖုန်း-၀၆၇-၄၀၈၄၅၄၊ ၄၀၈၀၃၅၊ ၄၀၈၀၃၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးခရိုင်အတွင်းရှိ လားရှိုး၊ တန့်ယန်း၊ မိုင်းရယ်မြို့နယ်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း၊ တံတား၊ အဆောက်အအုံလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် အမှတ်(၃) (၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်)

၁။	လမ်းခင်းကျောက်မျိုးစုံ	=	၂၀၆၉.၂၅ ကျင်း
၂။	သံချောင်းလုံး(ရှယ်စုံ)	=	၇.၀၃၁၂ တန်
၃။	သစ်မာ	=	၈.၂၇၀၆ တန်
၄။	မျိုးခြားသစ်	=	၂၁.၇၀၂၂ တန်
၅။	ဘိလပ်မြေ	=	၃၃.၀၅ တန်
၆။	ရေသဲ	=	၂၄.၇၅ ကျင်း
၇။	အုတ်နီ	=	၁၁၄၆၃ ချပ်

တင်ဒါပိတ်မည့်ရက်/အချိန် = ၂၈-၁၁-၂၀၁၃ရက် ၁၆း၃၀ နာရီ
တင်ဒါဖွင့်မည့်ရက် = ၂၉-၁၁-၂၀၁၃ရက် ၀၉း၀၀ နာရီ
တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ = ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၃၀၅၈

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် ဇော်ဝင်းအောင်၏ နိုင်ငံကူးလက်မှတ်အမှတ် ဖ၆၄၇၆၁သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန်-ဖုန်း-၀၉-၇၃၁၀၉၇၃၇

ပျောက်ဆုံးကြောင်း

AA Medical Products Ltd.၏ သွင်းကုန်လိုင်စင် IL1 13.14 3888 ၂၂-၁၀-၂၀၁၃မှာ ပျောက်ဆုံးကြောင်း ကြေညာအပ်ပါသည်။ **မဝတ်ရည်စိုး**

ဖုန်း-၀၉-၅၁၃၇၀၃၅

မုဒိတာ-၂ ကွန်ဒို

မြေညီထပ်၊ အခန်းနံပါတ်(2B-153) ပိုင်ရှင်မှ ဆက်သွယ်နိုင်ပါရန်။

ဖုန်း-၀၉-၄၃၀၄၄၅၀၈၊ ၀၉-၄၄၄၀၀၆၅၇၂

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်တွင်းသတင်း

တောင်ကြီးတန်ဆောင်တိုင်ည စိန်နားပန်နှင့် ညမီးကြီးမီးပုံးပျံ ယှဉ်ပြိုင်ကြသည့်အလှ

ရှမ်းပြည်နယ် တောင်ကြီးမြို့တော် တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပြိုင်ပွဲကြီးကို နိုဝင်ဘာ ၁၀ ရက်ညမှစကာ တောင်ကြီးမြို့ "အဝေရာကုန်းသာယာ" မီးပုံးပျံပြိုင်ပွဲကွင်း၌ စိန်နားပန်ညမီးအလှ၊ ညမီးကြီး(ယမ်းမီး)အလှနှင့် နေ့ပိုင်း အရုပ်လွှတ်တင်ပြိုင်ပွဲများကို ကျင်းပနေသည်မှာ သုံးရက်နေ့မြောက်သို့ ရောက်ရှိနေပြီဖြစ်သည်။

တောင်ကြီးမြို့နေ တိုင်းရင်းသားများအားလုံးသည် မိမိတို့ဘိုးဘွားအစဉ်အဆက် ဤတန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်ပွဲကြီးကို လွန်ခဲ့သော နှစ်ပေါင်း(၆၀)ကျော်ကာလကတည်းက ကျင်းပလာခဲ့ကြသည်မှာ ယနေ့တိုင်ပင်ဖြစ်ကြောင်း တောင်ကြီးမြို့နေပြည်သူများထံမှ သိရသည်။

ပွဲ၏တတိယည "ရွှေအင်းသားလူငယ်အင်အားစု" စိန်နားပန်မီးအဖွဲ့၊ စိန်နားပန် ညမီးတစ်လုံး လွှတ်တင်ရာတွင် မီးပုံးပျံအမည် ရွှေအင်းသားလူငယ်အဖွဲ့၊ ခေါင်းဆောင်မှာ ခွန်ဆန်းထွန်း(ရွှေအင်းသားလူငယ်) ဖြစ်သည်။ မီးပုံးပျံပုံသဏ္ဍာန်မှာ ကျောက်ဖရုံသီးပုံဖြစ်ပြီး အရွယ်အစား ခေါင်အချင်း ၁၇ ပေ ၆ လက်မ၊ နံ တောင်အမြင့် ၁၆ ပေ ၆ လက်မ၊ လောင်စာအမြင့် ၅ ပေ၊ အလေးချိန် ၁၀ ပိဿာရှိသည်။ မီးပုံးပျံတွင် ရောင်စုံအလှမီးပုံးငယ် အလုံး ၁၅၀၀ ချိတ်ဆွဲပါရှိပြီး အရောင်မှာ ဖြူ၊ နီ၊ ဝါ၊ စိမ်း၊ အပြာရောင်၊ လိမ္မော်၊ ပန်းခရမ်းဖြင့် စုစုပေါင်း ရှစ်ရောင် ပါဝင်ခြယ်မှုန်းသီကုံးထားသည်။

ထို့အပြင် လေထီးရောင်စုံ မီးအလှ အလုံး ၆၀၀ တပ်ဆင်ကာ တန်ဆာဆင်မြန်းပေးထားသောကြောင့် မီးပုံးအလှကို ထူးဆန်းလှပစေသည်။ ကုန်ကျငွေ တန်ဖိုးငွေကျပ် ၈၅၀၀၀၀ ဖြင့် တည်ဆောက်ပြုလုပ်ထားကြောင်း ရေးသားဖော်ပြထားသည်။

ရွှေအင်းသားလူငယ် မီးပုံးပျံအဖွဲ့သည် မိမိတို့ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သင်ဆရာမြင် ဆရာကြားဆရာများနှင့် လက်ဦးဆရာတို့ကို ဦးထိပ်ပန်ဆင်ကန်တော့၍ ဤမီးပုံးကိုပြုလုပ်ရပါကြောင်း၊ ရိုးရာအမွေ ဆက်လက်ထိန်းသိမ်းသွားနိုင်မည့် မျိုးဆက်သစ်(မီးပုံးပျံ) လူငယ်များအား မွေးထုတ်သွားနိုင်ရေးဟူသော ရည်ရွယ်ချက်များထားရှိကြောင်း၊ ထို့ကြောင့် မိမိတို့လက်ရှိ လူငယ် ၂၀ ပါဝင်စုစည်းကာ စည်းလုံးအားဖြင့် အချိန်တစ်လကြာမြင့်စွာ ကြိုတင်ပြင်ဆင်လာခဲ့ရကြောင်း လူငယ်များက ဆိုသည်။ ပြိုင်ပွဲကွင်းအတွင်းရှိ အမှတ်ပေးဒိုင်အဖွဲ့နှင့် Cherry FM Radio Announcer က မီးပုံးပျံများ လွှတ်တင်ပုံကို ကြေညာပေးလျက်ရှိရာ အသံချဲ့စက်များမှ လေလှိုင်းသံက ပွဲတင်ထပ်လျက် အဝေရာကုန်းသာယာ မီးပုံးပျံကွင်း တန်ဆောင်တိုင်ပွဲအလှကို သက်ဝင်လှုပ်ရှားစေရုံသာမက ကြွရောက် ကြည့်ရှုအားပေးနေကြသည့် အနယ်နယ်အရပ်ရပ်မှ တောင်ကြီးတန်ဆောင်တိုင်ပွဲလာ ဧည့်ပရိသတ်များစွာ၏ ရင်ထဲ နှလုံးသားထဲသို့ စွဲငြိသွားစေသည့် ရုပ်သံများဟုပင် ဆိုရမည် ဖြစ်သည်။

ယှဉ်ပြိုင်ခဲ့

အလားတူပင် ညမီးကြီးဖြစ်သည့်(ယမ်းမီး) တပ်ဆင်လွှတ်တင်ယှဉ်ပြိုင်ကြသည့် အဖွဲ့များကလည်း ယင်းကွင်းအတွင်းသို့ အလှပြကားများပေါ်တွင် ညမီးကြီးပစ္စည်းကိရိယာများ တင်ဆောင်လာကာ ကွင်းအတွင်းသို့ တသဲသဲတဖွဲဖွဲ ဝင်ရောက်နေသည့်မြင်ကွင်းများကလည်း ပွဲ၏အလှကို ထင်ဟပ်ပေါ်လွင်စေသည်။ သူတို့အဖွဲ့၊ ကိုယ်တို့အဖွဲ့ အလှည့်ကျစနစ်ဖြင့် ညမီးကြီး မီးပုံးပျံအဖွဲ့များဖြစ်သည့် "ရသ၊ ဆောင်းည၊ လို့လနှင့် မြတ်နိုးသူ" မီးကြီး(ယမ်းမီးကြီး)အပါအဝင် ညမီးကြီး ကိုးလုံး၊ စိန်နားပန်မီး အလှ လေးလုံးတို့ အသီးသီးလွှတ်တင်ယှဉ်ပြိုင်ခဲ့ကြသည်။

ညမီးကြီး(ယမ်းမီးကြီး)မီးပုံးပျံတစ်လုံးကို အောင်မြင်စွာလွှတ်တင်နိုင်စေရန် ပြိုင်ပွဲဝင်တိုင်းက တစ်လုံးလျှင် အနည်းဆုံး ကျပ်သိန်း ၃၀၊ ၄၀ အကုန်အကျခံ တည်ဆောက်ကြရကြောင်း မီးဆရာများက ပြောသည်။ ညမီးကြီး အလုံးတိုင်းကို ပျမ်းမျှအားဖြင့် နံတောင်၂၄ ပေ သို့မဟုတ် ၂၃ ပေ၊ လုံးပတ်အနည်းဆုံး ၂၃ ပေထားရှိ၍ ကျောက်ဖရုံသီးပုံသဏ္ဍာန် ပုံဖော်ပြုလုပ်ရကြောင်း၊ ယမ်းခွေအကျယ် ၉ ပေ သို့ ၁၂ ပေ၊ အမြင့် ၅ ပေရှိပြီး၊ ယမ်းခွေအလေးချိန်ကို ပိဿာ ၃၀ မှ ၄၀ အထိထည့်သွင်းချိတ်ဆွဲကာ လွှတ်တင်ယှဉ်ပြိုင်ကြကြောင်း၊ နှစ်စဉ်မီးပုံးပျံပြိုင်ပွဲကြီးကို စုပေါင်းပါဝင်ဆင်နွှဲနေကြသည့် ရှမ်းပြည်နယ် တောင်ကြီးတန်ဆောင်တိုင် ညစိန်နားပန်နှင့် ညမီးကြီးအလှ လွှတ်တင်ယှဉ်ပြိုင်နေပုံ တစ်စိတ်တစ်ဒေသကို ကွင်းဆင်းရိုက်ကူး ရေးသားတင်ပြလိုက်ပါသည်။

စိုင်းဇော်လတ်(လင်းခေး)

တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပွဲတွင် အလှပြမီးပုံးပျံ လွှတ်တင်စဉ်။

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပွဲတွင် ပရိသတ်များစည်ကားများပြားစွာကြည့်ရှုအားပေးကြစဉ်။

ယောက်ဖတော်သူကို ဓားဖြင့်ထိုး ဓားချက်တစ်ချက်တည်းနှင့်သေဆုံး

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်သိဒ္ဓိလမ်းမကြီး အောင်ပြည့်စုံ စတိုးဆိုင်ပုဏ္ဏားကွယ်၌ ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်က ဓားထိုးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ခိုင်ရွှေဝါလမ်းနေ ဦးစိုးပိုင် (ခ) ပိုင်ကြီးနှင့်ဇနီးဖြစ်သူ ဒေါ်မူမူအေးတို့ ရပ်ကွက်အတွင်းရှိ အသုဘပို့အပြန် အိမ်ပြန်ရောက်ချိန်၌ လင်မယားချင်း စကားများ ရန်ဖြစ်ကြသည်ဟုဆိုသည်။ ရန်ဖြစ်ရာဝယ် ခင်ပွန်းဖြစ်သူက ဇနီးဖြစ်သူကို ထိုးကြိတ်ရိုက်နှက်လိုက်ရာ ဦးခေါင်းတွင် ပွန်းပဲ့ဒဏ်ရာများရရှိပြီး အိမ်နီးချင်းများက ဆေးခန်းလိုက်ပို့ကာ ခင်ပွန်းဖြစ်သူ ဦးစိုးပိုင်(ခ)ပိုင်ကြီးက စက်ဘီးဆိုင်ကယ်ဖြင့် မိမိဖွင့်လှစ်ရောင်းချလျက်ရှိသော အောင်ပြည့်စုံ စတိုးဆိုင်သို့ ထွက်သွားခဲ့သည်။

ထို့နောက် ဒေါ်မူမူအေး၏ မောင်ဖြစ်သူ တင်မောင်ထွန်း(၃၈နှစ်)သည် အငှားယာဉ်တစ်စီးဖြင့် ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် ရောက်ရှိလာပြီး ယောက်ဖဖြစ်သူ ဦးစိုးပိုင် (ခ) ပိုင်ကြီး (၄၁ နှစ်)ကို လိုက်လံရှာဖွေ၍ အောင်ပြည့်စုံ စတိုးဆိုင်ပုဏ္ဏားကွယ်ရိပ်တွင် အသင့်ပါလာသော အရိုးအသွား ခြောက်လက်မခန့်ရှိ စတီးလ်ဓားဖြင့် ထိုးလိုက်ရာမှ ဝဲဘက်ရင်အုံတွင် ထိုးသွင်းဒဏ်ရာ တစ်ချက်ရရှိပြီး အင်းစိန်ဆေးရုံသို့ ပို့စဉ် လမ်း၌သေဆုံးကြောင်း သိရသည်။ တင်မောင်ထွန်းသည် အငှားယာဉ်ဖြင့် ရှောင်တိမ်းပြေးရန်ပြုစဉ် စတိုးဆိုင်အနီးနေ ဦးစိန်သောင်း (ဒိုင်နမိုမော်တာပြင်)နှင့် ဒေါ်ကရင်မ (ခ) မငယ်တို့ကအငှားယာဉ်ဖြင့် လိုက်လံဖမ်းဆီးရာ အောင်သိဒ္ဓိလမ်းမကြီး သန်းဇော်ထွန်း အဲယားကွန်းပြုပြင်ရေးဆိုင်အနီး၌ အသုံးပြုခဲ့သော ဓားနှင့်အတူပိတ်ဆို့ ဖမ်းမိသည်။

အဆိုပါအမှုနှင့်စပ်လျဉ်း၍ ဘုရင့်နောင်ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၁၅)**

မင်းလှမြို့နယ် ဒဟတ်ပင် ရေနံမြေတွင် မီးလောင်မှုကြောင့် အမျိုးသားတစ်ဦးသေဆုံး

မင်းလှ နိုဝင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ဒဟတ်ပင်ရေနံမြေ (MOGE)ရုံး၏ မြောက်ဘက် ခြောက်ဖာလုံခန့်အကွာရှိ တွင်းပိုင်ရှင် နေဇော် (ငွေးချို ကျေးရွာ-ချောက်မြို့နယ်)၏ ရေနံတွင်း၌ နိုဝင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အငယ်လေး(ခ)ဘိုဟန်ချို ရေနံတွင်းလုပ်သား ကြီးနီကျေးရွာ ချောက်မြို့နေသူ ခပ်ထည့်သည့် ရေနံသိုလှောင်ကန်အတွင်းရှိ ရေနံစိမ်းများအား နိုင်လင်းချို ကြံခင်းမြို့နယ်နေသူက မော်တာပန့်မောင်း၍ ကားပေါ်သို့တင်စဉ် ရေနံစိမ်းများမော်တာပန့်ပေါ်သို့ကျ၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ အနီးရှိ ရေနံတွင်း သုံးတွင်း၊ ကလပ်ခုံသုံးခုံ တန်ဖိုး ၁၅ သိန်းခန့် ရေနံစိမ်းပီပါအလုံး၂၀ မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် နိုင်လင်းချိုနှင့် ၎င်းအနီးရှိ ကျော်ကြီး (မင်းလှမြို့နေသူ)တို့တွင် မီးလောင်ကျွမ်းမှုကြောင့် နိုင်လင်းချိုသည် အဆိုပါနေ့ ညနေ ၅နာရီတွင် သေဆုံးသွားခဲ့ပြီး ကျော်ကြီးအား မင်းလှပြည်သူ့ဆေးရုံတွင် ဆေးကုသပေးလျက်ရှိကြောင်း၊ အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ နိုင်လင်းချို နှင့် အငယ်လေးတို့အား မင်းလှမြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

တင်ထွန်းဦး

မိတ္ထီလာမြို့နယ် ရေချိုကျေးရွာ၌ မီးလောင်

မိတ္ထီလာ နိုဝင်ဘာ ၁၃

မိတ္ထီလာမြို့ မိတ္ထီလာ-မြင်းခြံသွားကားလမ်း ရေချိုကျေးရွာ၌ နိုဝင်ဘာ ၁၂ ရက် နံနက်က တောင်သူဒေါ်မြင့် (၆၈နှစ်)၏ လေးပင်သုံးခန်း၊ ထရံကာသွပ်မိုးနှစ်ထပ်အိမ်တွင် ဒေါ်မြင့်၏နွားများ ခြင်မကိုက်စေရန် မီးဖိုထားရာမှ မီးဖိုမှတစ်ဆင့် မီးစွဲလောင်သွားခဲ့သည်။ မီးကို ကျေးရွာသားများ ဝိုင်းဝန်းငြိမ်းသတ်ရာ အခြားအိမ်များသို့ ကူးစက်ခြင်းမရှိဘဲ အိမ်တစ်လုံးသာ မီးထဲပါသွားသည်။ မီးလောင်မှုအတွက် ဒေါ်မြင့်ကို မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားသည်။ **တင်လှိုင်(မိတ္ထီလာ)**

ပြည်တွင်းသတင်း

ပုသိမ်မြို့တွင်း ဒိုင်နာများ၊ ခြောက်ဘီးကားကြီးများ ကုန်ချခွင့်မပြု ပုသိမ်ကုန်ကားရပ်နားစခန်းအတွင်း ဝင်ရောက်ကာ ကုန်ချိန်းလွှဲပြောင်းရမည်

ရန်ကုန် နိုဝင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်းသို့ နိုဝင်ဘာ ၁၆ ရက်မှစ၍ ၁၄ ပေ ဒိုင်နာယာဉ်များ၊ ခြောက်ဘီးကုန်ကားကြီးများ ဝင်ရောက်ကုန်ချခွင့် မပြုဘဲ ပုသိမ်ကုန်ကား ရပ်နားစခန်းအတွင်း ဝင်ရောက်ကာ ကုန်ချိန်းလွှဲပြောင်းသယ်ဆောင်ရမည်ဟု အောက်တိုဘာ ၇ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့အစည်းအဝေးမှ ဆုံးဖြတ်ခဲ့ကြောင်း၊ ပုသိမ်ကုန်တင်ယာဉ်ပိုင်ရှင်များအသင်းမှ ကုန်တင်ယာဉ်များကို အောက်တိုဘာ ဒုတိယပတ်အတွင်း ဝေငှသောစာတွင် ပါရှိသည်။

ယခုအခါ ပုသိမ်မြို့တွင်း နေရာအများအပြားတွင် ၁၂ ပေ ၃ တန်ကားဝင်ရောက်သော ပျမ်းမျှကုန်ကားမျိုးစုံ အစီးရေ ၃၀ ကျော်ဖြင့်ဆိုလျှင် လွန်စွာကျဉ်းမြောင်းနေသကဲ့သို့ ကုန်ချိန်းသယ်ယူမည့် ခေါက်တိုယာဉ်များ နည်းပါးနေသောကြောင့် ၂၀၁၀ မတိုင်မီနှစ်များတွင် ခေါက်တို အမည်ခံယာဉ်များမှာ ခြောက်ဘီးကားကြီးများတင်ဆောင်လာသည့် ကုန်ပမာဏအတိုင်း တိုက်ရိုက်သယ်ယူနိုင်သည်အထိ ရှိနေရာ ကုန်ချိန်းသယ်ယူပို့ဆောင်ခြင်းမှာ ခေါက်တို သယ်စရိတ်ကုန်ကျခြင်းသာရှိပြီး အဓိပ္ပာယ်မရှိကြောင်း၊ ယခုအခါ ယခင်ကဲ့သို့သော ကျောက်သယ်ကားများ၊ မြေသယ်ကားများ၊ ထော်လာဂျီယာဉ်များ၊ ဒိန်းဒေါင်းများကို ခေါက်တိုယာဉ်အဖြစ် ပြေးဆွဲခွင့်မရှိကြောင်း၊ သို့ဖြစ်ရာ နေ့စဉ်ပုသိမ်မြို့တွင်းသို့တင်ပို့သော အဝေးပြေးကုန်စည်များကို နေ့ချင်းပြီး ကုန်ချိန်းသယ်ပို့ပေးနိုင်ရန်မှာ အရေးကြီးကြောင်း၊ သို့မှသာ နေ့စဉ်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတွင် အဆင်ပြေ ချောမွေ့လာမည်ဖြစ်ကြောင်း ကားလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ခေါက်တိုယာဉ်အဖြစ် ၁၂ ပေ ၃ တန်ယာဉ်များဟု သတ်မှတ်ထားရာတွင် ၁၂ ပေ ၃ တန်ယာဉ်များ ရှားပါးကြောင်း၊ ၃ တန် ၁၄ ပေယာဉ်များကို နှစ်ပေဖြတ်ခြင်းများရှိလာရာ ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့် မညီညွတ်ကြောင်း၊ ၁၄ ပေ ၃ တန်ယာဉ်ငယ်များကိုလည်း ကုန်တန်ချိန်ပိုတင်ဆောင်ခွင့်ရရှိရန် အရှည်တစ်ပေ ထပ်မံဆက်ခြင်းမျိုး၊ ဒိုင်နာယာဉ်များသည် ခြောက်ဘီးကားကြီးများနည်းတူကုန်တန်ချိန် တင်ဆောင်နေခြင်းမျိုးရှိနေရာ ခြောက်ဘီးကုန်ကားကြီးများအနေဖြင့် ယှဉ်ပြိုင်ပြေးဆွဲရာတွင် အခက်အခဲရှိလာကြောင်း ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ပုသိမ်မြို့တွင်း တိုက်ရိုက်ကုန်ချခွင့်ကို နိုဝင်ဘာ ၁၅ ရက်နောက်ဆုံး ခြောက်ဘီးကားကြီးများကို သတ်မှတ်ဧရိယာမှအပ ခွင့်ပြုထားရာ နိုဝင်ဘာ ၁၆ ရက်တွင် ခေါက်တိုယာဉ်ငယ်များဖြင့် အင်အားပြည့် ကုန်ချိန်းသယ်ယူနိုင်ရန် အရေးကြီးကြောင်း၊ ကုန်ချိန်းစနစ်ပီပြင်မှုမရှိပါက အောက်တိုဘာ ၅ ရက် ၆ ရက်ကဲ့သို့ အဝေးပြေးကုန်ကားများ၊ မြို့ပြင်တွင် ကုန်ချိန်းရန်စောင့်ဆိုင်းရခြင်းမျိုး မဖြစ်ပေါ်ရန် အရေးကြီးကြောင်း၊ ကုန်ချိန်းအလုပ်သမားခကို ယခင်က ခြောက်ဘီးကားကြီးများ အိတ် ၄၀၀ ကုန်တန်ချိန် ၂၀ တင်ဆောင်စဉ်က ကားကိုယ်ထည်အရှည်တစ်ပေလျှင် ကျပ် ၄၀၀ နှုန်း၊ အလုပ်သမားခ ကောက်ခံခဲ့သော်လည်း ၂၀၁၂ မှစ၍ ကုန်တန်ချိန်ရှစ်တန်ဝန်းကျင် အိတ်ရေ ၁၆၀ ဝန်းကျင်သာ သယ်ဆောင်ခွင့်ရှိသော ယခုအချိန်တွင် ယခင်ကိုယ်ထည်အရှည်တစ်ပေ ကျပ် ၄၀၀ နှုန်းအတိုင်း အလုပ်သမားခကောက်ခံပါက ကုန်ကျစရိတ် ပိုမိုများပြားလာနိုင်ကြောင်း ကုန်ကားပိုင်ရှင်တစ်ဦးက ဆိုသည်။ **ခင်ဆိုင်**

ပုသိမ်မြို့၌ ယာဉ်၊ ကုန်တန်ချိန် သတိပေးဆိုင်းဘုတ်များ စိုက်ထူထားစဉ်။

များ အထိသာ ဝင်ရောက်ခွင့်ပြုသည့် လမ်းညွှန်အမှတ်အသားများ စိုက်ထူထားကြောင်း ကုန်ကားယာဉ်မောင်းများက ဆိုသည်။

လက်ရှိ ပုသိမ်ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းသည် ပုသိမ်သို့နေ့စဉ်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၄-၁၁-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၇၈၅၀၀-၆၃၈၆၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၇၈၀၀၀-၆၃၈၁၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၉-၉၇၃	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၅-၁၃၂၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၉၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၉-၃၁. ၁၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅. ၃၇	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၃-၃၀၇	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀-၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၇၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၉၃၀၀
၂။ ပေါ်ကျွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၆၀၀၀-၃၀၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၉၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၅၀-၁၀၂၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၀-၁၂၂၀
၉။ အာလူး (ဟဲဟိုး)	တစ်ပိဿာ	၄၃၀-၆၅၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၃၀၀-၂၃၅၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၆၀၀-၃၁၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၅၀-၁၁၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ကျေးရွာချင်းဆက် မြေသားလမ်းပြုပြင် မွမ်းမံ

လယ်ဝေး နိုဝင်ဘာ ၁၄

နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ် တာဝန်ခံဦးမြင့်ဆွေဦးဆောင်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးလှရှောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက လယ်ဝေးမြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စု ပင်သောင်ကျေးရွာအုပ်စုတို့နှင့် သာဝတ္ထိကျေးရွာအုပ်စုတို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက် မြေသားလမ်းကို ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။အဆိုပါလမ်းသည် အရှည်ပေ ၁၀၀၀၀၊ အကျယ် ၂၄ ပေရှိပြီး ယခင်လမ်းဟောင်းကို ထပ်မံ၍ပြုပြင်ကာ မြေဖို့ခြင်းဖြင့် မော်တော်ယာဉ်များ သွားလာနိုင်အောင် ဆောင်ရွက်ပေးခဲ့သည်။ ယခုကဲ့သို့ ကျေးရွာချင်းဆက်လမ်းပိုမိုကောင်းမွန်လာခြင်းဖြင့် သွားလာရေးခက်ခဲခဲ့သည့် အလယ်ကျွန်းကျေးရွာအုပ်စုအတွင်းမှ ဆီဆုံကုန်း၊ တံတားကြီး၊ သစ်ခေါက်ခွ၊ ကြို့တန်း၊ လက်ပန်တန်းရွာများနှင့် ပင်သောင်ကျေးရွာအုပ်စုအတွင်းမှ သစ်ကိုးပင်၊ သရက်ချောင်း စသည့် ကျေးရွာများမှ ကျေးလက်နေပြည်သူများအနေဖြင့် အဆိုပါလမ်းကြီးမှတစ်ဆင့် သာဝတ္ထိကျေးရွာအုပ်စု ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်သို့ အလွယ်တကူဆက်သွယ်သွားလာနိုင်မည် ဖြစ်ကြောင်း သိရသည်။ **ကိုမျိုး(ပျဉ်းမနား)**

ကချင်ပြည်နယ်အများပိုင် ကုမ္ပဏီလီမိတက်
အစုရှယ်ယာများဝယ်ယူနိုင်ပြီဖြစ်ကြောင်း အများပြည်သူတို့ကြေညာခြင်း
၂၀၁၃ခုနှစ်၊ နိုဝင်ဘာ ၁၃ရက်

၁။ ကချင်ပြည်နယ်အများပိုင် ကုမ္ပဏီလီမိတက်ကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ၃-၄-၂၀၁၃ရက်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၅၃/၂၀၁၃-၂၀၁၄ ဖြင့်လည်းကောင်း၊ လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်ကို ၁-၇-၂၀၁၃ရက်တွင် ၃၆/၂၀၁၃-၂၀၁၄ဖြင့်လည်းကောင်း ဖွဲ့စည်းတည်ထောင်ခဲ့ပြီး လုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကချင်ပြည်နယ်အများပိုင်ကုမ္ပဏီသည် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ဖော်ပြပါ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ရောင်းဝယ်ရေးလုပ်ငန်း
(ပြည်တွင်း/ပြည်ပ ကုန်သွယ်ရောင်းဝယ်လုပ်ငန်းများ)
(ခ) ဝန်ဆောင်မှုလုပ်ငန်းများ
(မီးရထား၊ လေကြောင်း၊ ကားလမ်းနှင့်အခြားဝန်ဆောင်မှုလုပ်ငန်းများ)
(ဂ) စက်မှုလက်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်း
(သစ်နှင့်သစ်တောထွက် ပစ္စည်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များ၊ သဘာဝသယံဇာတများထုတ်လုပ်ခြင်း၊ စက်မှုလက်မှုဇုန်များ တည်ထောင်ခြင်း)
(ဃ) ခရီးသွားလုပ်ငန်း
(ပြည်တွင်း၊ပြည်ပ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ခြင်း၊ ခရီးသွားဝန်ဆောင်ခြင်း)
(င) ဟိုတယ်လုပ်ငန်း
(ပူတာအို၊ မြစ်ကြီးနား၊ ဗန်းမော်-စိန်လုံ၏ဒေသ၊ အင်းတော်ကြီးဒေသနှင့် ပြည်တွင်းရှိအခြားနေရာများ)
(စ) ကျောက်မျက်လုပ်ငန်း
(ကျောက်မျက်တူးဖော်ထုတ်လုပ်ခြင်း၊ ဥပဒေနှင့်အညီ အရောင်းပြခန်းများ ဆောင်ရွက်ခြင်း)
(ဆ) ဆောက်လုပ်ရေးလုပ်ငန်း
(ခွင့်ပြုချက်ဖြင့် မြို့ကွက်သစ်များ ဖော်ထုတ်ခြင်း၊ အဆင့်မြင့်ကွန်ဒိုမီနီယမ်များ၊ တန်ဖိုးနည်းအိမ်ရာများ၊ လမ်း၊ တံတားလုပ်ငန်းများ၊ အဆင့်မြင့်ပလာဇာများ)
(ဇ) ဘဏ်လုပ်ငန်းများ
(သင့်လျော်သည့် အချိန်ကာလတွင် ဆောင်ရွက်သွားပါမည်)
(ဈ) စိုက်ပျိုးရေးလုပ်ငန်းများ
(ည) မွေးမြူရေးနှင့်ရေလုပ်ငန်း
(ဋ) တန်ဖိုးမြင့် ကုန်ထုတ်လုပ်ငန်း
(ဌ) နည်းပညာ မြင့်မားရေးအတွက် ပြည်တွင်းပြည်ပမှ ကုမ္ပဏီ၊စီးပွားရေးအဖွဲ့အစည်းများနှင့်သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက်ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများ
(ဍ) နိုင်ငံတော်၏တိုးတက်ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံတော်မှ ခွင့်ပြုနိုင်သော အခြားလုပ်ငန်းများအားလုံး

၃။ အများပြည်သူများအနေဖြင့် အစုရှယ်ယာတစ်စုလျှင် ငွေကျပ် ၁၀၀၀၀၀/-(ကျပ်တစ်သိန်းတိတိ)ဖြင့် အောက်ဖော်ပြပါလိပ်စာတွင် ၁၅-၁၁-၂၀၁၃ရက်မှစတင်ပြီး ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အစုရှယ်ယာဝယ်ယူရန် လိပ်စာ - **အမှတ် ၂၃၈(က)၊ ပြည်ထောင်စုလမ်းမကြီး၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့၊ (ရွှေပြည်စံ မင်္ဂလာခန်းမ၊ အပေါ်ထပ်)**

ဒါရိုက်တာဘုတ်အဖွဲ့

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ထွန်းမင်းနိုင် ၁၁/ပဏက(နိုင်)၀၃၃၅၃၃ ၏ နိုင်ငံကူးလက်မှတ်စာအုပ် (အမှတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၈၀၄၉၁၉၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
ရုံးအဖွဲ့
အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

အမှတ်စဉ်	**ပစ္စည်းအမျိုးအမည်**		**အရေအတွက်**
(က)	Server - Intel Xeon E5-2643 3.3 GHz 16 GB RDIMM, 1333 MT/S, Quad Rank PERC H 710 P Integrated RAID Controller 1 GB NV Cache 400 GB, Solid state Drive SAS Value, SLC 6 Gbps 2.5 in Drive Window Server 2008, Monitor, K/B & Mouse, UPS(Online) 10 KVA		၁ စုံ
(ခ)	**မီးသတ်ဆေးဘူး**		
	(၁) Dry Chemical Powder RF/FE-MTH-40Kg		၅ လုံး
	(၂) CO_2 MTZ (Carbon Steel)	-2 Kg	၁၀ လုံး
	(၃) Dry Chemical Powder MFZL	-2Kg	၁၅၀ လုံး
	(၄) Dry Chemical Powder MFZL	-3Kg	၅၀ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၁၄-၁၁-၂၀၁၃ ရက်မှ ၂၁-၁၁-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး ၂၂-၁၁-၂၀၁၃ ရက်တွင် လျှောက်လွှာများအား လက်ခံခြင်းနှင့် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြေညာခြင်းကို တစ်ရက်တည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၄၀၉၁၉၀၊ ၀၆၇-၄၀၉၂၄၉တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအဖွဲ့၊နေပြည်တော်

၂၉ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းကော်မတီများစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၁၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းပြီးစီးမှုညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အိုလံပစ်ကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲကြီးနီးကပ်လာပြီဖြစ်သဖြင့် လုပ်ငန်းပြီးစီးမှုအခြေအနေများနှင့် လိုအပ်သည်များအားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် အစည်းအဝေးပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်နိုင်ငံများမှ ပြိုင်ပွဲဝင်ရောက်ရန် ပြိုင်ပွဲအမျိုးအစား၊ ပြိုင်ပွဲဝင်ဦးရေနှင့် တည်းခိုမည့်နေရာများကို အတည်ပြုသတ်မှတ်နိုင်ပြီးဖြစ်၍ ကော်မတီအလိုက် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ တိတိကျကျ အချိန်ဇယားသတ်မှတ်၍ လုပ်ငန်းများလုပ်ဆောင်နိုင်ပြီ ဖြစ်ကြောင်းနှင့် ကော်မတီအသီးသီး၏ ပြီးစီးမှုများနှင့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း၍ ဝိုင်းဝန်းအဖြေရှာရန် လိုအပ်ကြောင်း၊ ယခု အစည်းအဝေး၌ ဖွင့်ပွဲ၊ ပိတ်ပွဲ ကျင်းပချိန်နှင့် သာမန်အားကစားပြိုင်ပွဲများ ကျင်းပချိန်တို့၌ လုပ်ငန်းလိုအပ်ချက်များကို နှစ်ပိုင်းခွဲ၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဖွင့်ပွဲ ပိတ်ပွဲတွင် လုပ်ငန်းလိုအပ်ချက်များ ပြီးစီးမှုများကို တိတိကျကျ ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာန တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ဖွင့်ပွဲအခမ်းအနား စတင်ကျင်းပမည့်အချိန်နှင့် ဖွင့်ပွဲအခမ်းအနားတင်ဆက်မှုများ၊ ကြိုတင်ပြင်ဆင်ထားရှိမှုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဟန်စိန်က ဧည့်သည်တော်များ ကြိုတင်ဖိတ်ကြားထားမှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ချုပ် ရဲချုပ်ဇော်ဝင်းက လုံခြုံရေးတာဝန်ချထားမှုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်းက လုပ်ငန်းကော်မတီအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု မြန်ဆန်စေရန် ကော်မတီရုံးခန်းများ ဖွင့်လှစ်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက်ဆီးဂိမ်းအောင်မြင်မှုရရှိရေး အမျိုးသားဂေါက်သီးရိုက်အသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၁၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်အားကစားသမားများ အောင်မြင်မှုရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက်ပြိုင်ပွဲအတွေ့အကြုံရရှိရေးအတွက် နိုဝင်ဘာ ၁၄ ရက် မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံ Santiburi Golf Club ၌ ကျင်းပမည့် 26th Asia Pacific Amateur Golf Team Championship 2013 NOMURA CUP ဂေါက်သီးရိုက်ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းသည် နိုဝင်ဘာ ၁၁ ရက်က လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

ဟော်ကီအားကစားကွင်း

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစား ပြိုင်ပွဲကြီးတွင် ဟော်ကီပြိုင်ပွဲများ လက်ခံကျင်းပမည့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဟော်ကီအားကစားကွင်း ပြင်ဆင်ထားမှုကို နိုဝင်ဘာ ၁၄ ရက်က ဤသို့ တွေ့ရသည်။ တင်စိုး(မြန်မာ့အလင်း)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မြန်မာစားပွဲတင်တင်းနစ်ကစားသမားများ အောင်နိုင်ဆုများဆွတ်ခူးနိုင်ရန် မျှော်မှန်း

နေပြည်တော် နိုဝင်ဘာ ၁၄

မကြာမီကျင်းပတော့မည့် ဆီးဂိမ်းပြိုင်ပွဲတွင် စားပွဲတင်တင်းနစ် အားကစားသည်လည်း အားကစားနည်း ၃၃ နည်းအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ဆုတံဆိပ်နှင့် အောင်မြင်မှုများရရှိအောင် ကြိုးစားနေကြကြောင်း မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်မတို့ ဒီဆီးဂိမ်းပြိုင်ပွဲကြီးမှာ အိမ်ရှင်နိုင်ငံဖြစ်တဲ့အတွက် အထိုက်အလျောက်အောင်မြင်မှုရမယ်လို့ မျှော်မှန်းထားပါတယ်။ မြန်မာစားပွဲတင်တင်းနစ် ကစားသမားများအနေဖြင့် ယခင်ကလည်း အောင်မြင်ခဲ့တဲ့အစဉ်အလာတွေတော့ရှိပါတယ်။ ဒီအောင်မြင်မှုတွေကတစ်ဆင့် အိမ်ရှင်ဖြစ်တဲ့အတွက် အနည်းနဲ့အများ အောင်မြင်မှုရဖို့ မျှော်လင့်ထားပါတယ်။ ဒီပြိုင်ပွဲမှာ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား အသင်းလိုက်ပြိုင်ပွဲနဲ့ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲဆိုပြီး ပြိုင်ပွဲအမျိုးအစားလေးမျိုး ထည့်သွင်းကျင်းပမှာဖြစ်ပါတယ်" ဟု စားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူ ဒေါ်ဝင်းအိဖူးက ပြောကြားသည်။

"လောလောဆယ် နေပြည်တော်အောင်နိုင်ရေး လေ့ကျင့်ရေးကွင်းမှာ ဆီးဂိမ်းပြိုင်ပွဲအတွက် အမျိုးသားခြောက်ဦးနဲ့ အမျိုးသမီး ခြောက်ဦး လေ့ကျင့်နေပါတယ်။ တရုတ်နည်းပြတစ်ဦး၊ မြန်မာနည်းပြနှစ်ဦးနဲ့ လေ့ကျင့်နေတာပါ။ မြန်မာစားပွဲတင်တင်းနစ်ကစားသမားတွေ အနေနဲ့ Joint Training အဖြစ် တရုတ်နိုင်ငံမှာ မကြာမီက သွားရောက်လေ့ကျင့်ခဲ့ပါတယ်။ အတွေ့အကြုံကောင်းတွေရယူနိုင်ခဲ့ပါတယ်" ဟု ၎င်းက ဆက်လက် ရှင်းပြသည်။

လာမည့်ဆီးဂိမ်းတွင် စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ဒီဇင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ စားပွဲတင်တင်းနစ် အားကစားနည်းတွင် တရုတ်အားကစားသမားများသည် ကမ္ဘာတွင် ထိပ်တန်းအဆင့်ရှိရာ တရုတ်နည်းပြကောင်းများနှင့် လေ့ကျင့်ထားခြင်းကြောင့် အောင်မြင်မှုရရှိနိုင်ကြောင်း၊ ပြိုင်ပွဲတွင် အနိုင်ရယူမည်ဟူသော ယုံကြည်မှုစိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဆုတံဆိပ်များ ဆွတ်ခူးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း သိရှိရသည်။

မောင်ရွှေရိုး

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
ဘွဲ့လွန်အင်ဂျင်နီယာဒီပလိုမာဘွဲ့ သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက်အောက်ဖော်ပြပါ ဘွဲ့လွန်အင်ဂျင်နီယာဒီပလိုမာဘွဲ့ သင်တန်းများကို ၂-၁၂-၂၀၁၃ ရက်တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

စဉ်	ဖွင့်လှစ်မည့်ဌာန	ဖွင့်လှစ်မည့် သင်တန်းများ	အခြေခံဘွဲ့ လိုအပ်ချက်	လက်ခံမည့် ဦးရေ
(က)	ရေယာဉ်တည်ဆောက်မှုနှင့် အဏ္ဏဝါအင်ဂျင်နီယာဌာန	ဘွဲ့လွန်ဒီပလိုမာ	B.E (Naval Architecture) B.E (Marine Engineering) B.E (Mechanical) B.E (E.C), B.E (E.P)	၅ ဦး
(ခ)	ဆိပ်ကမ်းအင်ဂျင်နီယာဌာန	ဘွဲ့လွန်ဒီပလိုမာ	B.E(Port & Harbour) B.E (Civil)	၅ ဦး
(ဂ)	မြစ်ချောင်းနှင့် ကမ်းရိုးတန်း အင်ဂျင်နီယာဌာန	ဘွဲ့လွန်ဒီပလိုမာ	B.E(River & Coastal) B.E(Civil)	၅ ဦး

၂။ ဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းများနှင့်မိတ္တူများတင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ တင်ပြနိုင်ရမည်။)

(ခ) ဘွဲ့လွန်အင်ဂျင်နီယာဒီပလိုမာဘွဲ့ သင်တန်းများအတွက် သင်တန်းကာလမှာ တစ်နှစ်ဖြစ်ပြီး သင်တန်းကိုအချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဂ) တက်ရောက်ရမည့် ဘွဲ့လွန်အင်ဂျင်နီယာဒီပလိုမာသင်တန်းနှင့်ဆက်စပ်သော လုပ်ငန်းအတွေ့အကြုံရှိသူများအား ဦးစားပေးရွေးချယ်မည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာန/ပြည်ထောင်စုဝန်ကြီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်းတင်ပြရမည်။

(င) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်အဆင့် ဆေးရုံမှ ဆရာဝန်၏ ထောက်ခံချက်လက်မှတ် တင်ပြနိုင်ရမည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံသုံးပုံ၊ အောင်မြင်ခဲ့သော တက္ကသိုလ်များမှ ဘွဲ့လက်မှတ်မူရင်းမိတ္တူတို့တင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို ၁၅-၁၁-၂၀၁၃ ရက် (သောကြာနေ့)မှစ၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ရယူနိုင်ပြီး ၂၁-၁၁-၂၀၁၃ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များကို စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကိုထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင် (သီလဝါ)၌ ၂၅-၁၁-၂၀၁၃ ရက် (တနင်္လာနေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

စဉ်	ဘာသာရပ်	အချိန်
(က)	အင်္ဂလိပ်စာ	၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ
(ခ)	တက်ရောက်မည့်ဘာသာရပ် ဆိုင်ရာအထွေထွေဗဟုသုတ	၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ

၆။ လူတွေ့စစ်ဆေးခြင်းခံရမည့်သူများစာရင်းအား ၂၈-၁၁-၂၀၁၃ ရက် (ကြာသပတေးနေ့)တွင် ကြေညာမည်ဖြစ်ပြီး ၂၉-၁၁-၂၀၁၃ရက် (သောကြာနေ့)တွင် လူတွေ့စစ်ဆေးမည် ဖြစ်ပါသည်။ ဘွဲ့လွန်အင်ဂျင်နီယာဒီပလိုမာသင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂-၁၂-၂၀၁၃ ရက် (တနင်္လာနေ့)တွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၈။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း ဖုန်း-၀၉-၅၀၅၈၀၀၇သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

(၂၇)ကြိမ်မြောက် တရားစခန်းဖွင့်လှစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဖွက်ကြီးကျေးရွာ၊ ထောက်ကြန့်တိုးဂိတ်အနီးရှိ အောင်မင်္ဂလာ(မြေဇင်း)တောရရိပ်သာတွင် မြေဇင်းဆရာတော်ကြီးပြသတော်မူသည့်ကန္တနည်း ဥပနိဿယအတိုင်း မြေဇင်းဆရာတော်ကြီး၏တပည့်ဆရာတော် ဦးဇဝနမှ (၂၇)ကြိမ်မြောက်တရားစခန်းကို ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်(၂၄-၁၁-၂၀၁၃ရက်)မှ ၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၇ရက် (၂၂-၁-၂၀၁၄ရက်)အထိ ရက် ၆၀ တရားစခန်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် တရားစခန်းဝင်လိုသော ယောဂီအပေါင်းသည် ၂၃-၁၁-၂၀၁၃ရက် ညနေတွင် ကျောင်းသို့ အရောက်လာကြပါရန်နှင့် (၅)ကြိမ်မြောက်စုပေါင်းမဟာဘုံကထိန်နှင့် ဘောဇနပါရဂူဆွမ်းစားကျောင်းဆောင်ရေစက်ချပွဲအား ၁၇-၁၁-၂၀၁၃ရက် တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပမည်ဖြစ်ပါကြောင်း ယောဂီများနှင့် အလှူရှင်များအား ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၀၃၈၃၈၊ ၀၉-၄၂၀၀၂၆၇၁၂၊ ၀၉-၅၀၀၇၀၅၈၊



၁၂-၁၁-၁၉၇၂ မှ ၁၂-၁၁-၂၀၁၃

** လေးဆယ့်တစ်နှစ်ရှိပြီလေ…
နှစ်တွေ နှစ်တွေ အတော်တောင်ညောင်းခဲ့ပါပြီပဲ
မဟောင်းတာ မပြောင်းတာကတော့
ကျွန်တော်တို့ ကျွန်မတို့ရဲ့ အချစ်မြေ။

* နှစ်ယောက်တစ်ဘဝမှာဖြင့်
တမ်းတစရာ လွမ်းစရာ အလွန်များခဲ့ပါရဲ့
ငှက်ကျေးရွှေတမာနှင့်
စာလွှာတွေ ပါးစေခဲ့ရတာလည်း
နှစ်များကြာရှည်။

* သောက်တော်ရေချမ်း စားတော်ကွမ်းနှင့်…
သွန်းတဲ့ညောင်ရေ ပန်းသပြေနှင့်…
ဆီမီးမြိုင်မြိုင် နံ့သာတိုင်နှင့်…
ဘုရားရှင့် ရှေ့တော်ပါးမှာလ
ဝပ်တွားကာ တစ်ဖဝါးမခွာရဲခဲ့ပါဘူး
ဆုတောင်းတွေ အခါခါဝေ
မောခဲ့ရပါပေရဲ့ ဘဝဇာတ်ကြောင်း။

* သည်လိုနှင့်သာ…
ချစ်ခြင်းမေတ္တာနှင့်
သစ္စာတရားတွေ ဖွဲ့နှောင်ချည်လို့
အိမ်ထောင်တည် ချစ်ခရီးမှာလ…
ဘဝတွေ ထပ်တူကျလာတော့
ဝေမျှကာ ခံစား စံစားခဲ့ကြပါရဲ့
ဘဝဆိုတာ သည်အလှမျိုးပါမို့
ကြည်နူးစွာ မွေ့ပျော်ခဲ့တာပေါ့
ရင့်ကျက်စွာ အချစ်အကြင်နာ အသစ်တွေနှင့်
စွဲနှစ်မိကြောင်း။ ။

အေးမြင့်ကြူ-ခင်ဆွေမြင့်

နိုင်ငံတကာအားကစားသတင်း

စီရိုနယ်ဒိုနဲ့ အီဘရာဟီမိုဗစ် ဘယ်သူထွက်မလဲ

အာကာကျော်



ကမ္ဘာကျော်ဘောလုံးသမားနှစ်ဦးဖြစ်တဲ့ စီရိုနယ်ဒိုနဲ့ အီဘရာဟီမိုဗစ်တို့ဟာ လာမယ့် ၂၀၁၄ ကမ္ဘာ့ဖလားမှာ ကစားဖို့ နှစ်ဦးထဲက တစ်ဦးပဲဖြစ်ပါလိမ့်မယ်။ စီရိုနယ်ဒိုလား ဒါမှမဟုတ် အီဘရာဟီမိုဗစ်လား တစ်ဦးပဲ ဖြစ်ပါလိမ့်မယ်။ နှစ်ဦးမဖြစ်နိုင်ပါဘူး။ အကြောင်းကတော့ လာမယ့် ၂၀၁၄ ကမ္ဘာ့ဖလားအတွက် ပေါ်တူဂီနဲ့ ဆွီဒင်တို့ နောက်ဆုံးခြေစစ်ပွဲရှုံးထွက် Play-offs ကစားရတော့မှာ ဖြစ်လို့ပါပဲ။

နိုဝင်ဘာ ၁၆ ရက် နံနက်မှာ လစ္စဘွန်းမြို့မှာ ပထမအကျော့အဖြစ် ပေါ်တူဂီနဲ့ ဆွီဒင်တို့ Play-offs ကစားကြမှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းထဲက နှစ်ကျော့ကစားအပြီး အနိုင်ရတဲ့အသင်းကတော့ ခြေစစ်ပွဲအောင်ပြီး လာမယ့် ၂၀၁၄ ခုနှစ်မှာ ဘရာဇီးနိုင်ငံမှာ ကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိမှာဖြစ်ပါတယ်။

ဒါကြောင့် စီရိုနယ်ဒို သို့မဟုတ် အီဘရာဟီမိုဗစ်တစ်ဦးပဲ ကမ္ဘာ့ဖလားကစားနိုင်မှာဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ယခုနှစ်အတွင်း သွင်းယူခဲ့တဲ့ဂိုးပေါင်း ၄၈ ဂိုးရှိပြီး ဟက်ထရစ်ခုနစ်ကြိမ်ရှိပါတယ်။ နှစ်ဦးစလုံးဂိုးသွင်းစွမ်းရည်ကောင်းကြတဲ့ တိုက်စစ်မှူးတွေဖြစ်ကြပါတယ်။

အသက် ၂၈ နှစ်ရှိတဲ့ ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရိုနယ်ဒိုကတော့ သူ့ရဲ့ ပေါ်တူဂီအသင်းနဲ့အတူ ခြောက်ကြိမ်မြောက်ကမ္ဘာ့ဖလားကစားနိုင်ဖို့ မျှော်လင့်ထားပါတယ်။ ထို့အတူ အသက် ၃၂နှစ်ရှိတဲ့ ပီအက်စ်ဂျီ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကလည်း ဆွီဒင်အသင်း ၂၀၁၀ ကမ္ဘာ့ဖလားမှ ထွက်ခဲ့ရပြီးတဲ့နောက် တတိယအကြိမ်ကမ္ဘာ့ဖလားကစားဖို့စိတ်အားထက်သန်နေတယ်လို့ ဆိုပါတယ်။ "ကျွန်တော်တို့ဆွီဒင်အသင်းအနေနဲ့ တစ်ဦးချင်းရော အသင်းလိုက်ပါ ကောင်းပါတယ်။ ဒါပေမယ့်ပေါ်တူဂီကလည်းကောင်းပါတယ်"လို့ အီဘရာဟီမိုဗစ်က ပြောပါတယ်။ဒါပေမယ့် ပိုကြိုးစားနိုင်တဲ့အသင်းက ကမ္ဘာ့ဖလားကစားဖို့ ထိုက်တန်ပါလိမ့်မယ်လို့လည်း သူကပြောပါတယ်။

မန်ယူတိုက်စစ်မှူးဟောင်း စီရိုနယ်ဒိုဟာ ယခုနှစ်ရာသီမှာ နိုင်ငံနဲ့ ကလပ်အသင်းအတွက် ၂၈ ဂိုးသွင်းယူထားပါတယ်။ ဒီထဲမှာ ဟက်ထရစ်လေးကြိမ် ပါဝင်ပါတယ်။ ထို့အတူ အီဘရာဟီမိုဗစ်ကလည်း ယခုနှစ်ရာသီမှာ ဂိုး ၂၀ သွင်းထားသူပါ။ ဒီထဲမှာ ဟက်ထရစ်သုံးကြိမ် ပါဝင်ပါတယ်။ ဒါကြောင့် သူတို့နှစ်ဦးရဲ့ ဂိုးသွင်းစွမ်းရည်တွေကတော့ အံ့မခန်းပါပဲ။ ဘယ်သူကျန်ရစ်မယ်ဆိုတာကတော့ ပြိုင်ပွဲက အဆုံးအဖြတ်ပေးပါလိမ့်မယ်။

ကမ္ဘာ့ဖလား မက္ကဆီကိုတက်နိုင်

မက္ကဆီကိုနှင့်နယူးဇီလန်အသင်းတို့သည် လာမည့် ၂၀၁၄ ကမ္ဘာ့ဖလားအတွက်ရှုံးထွက်ခြေစစ်ပွဲယှဉ်ပြိုင်ကစားခဲ့ကြရာ ပထမအကျော့တွင် မက္ကဆီကိုက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ ကမ္ဘာ့ဖလားကစားရန် သေချာနေပြီဖြစ်သည်။ ဒုတိယအကျော့ကို လာမည့် ဗုဒ္ဓဟူးနေ့တွင် နယူးဇီလန်နိုင်ငံ ဝယ်လင်တန်၌ ကစားရမည်ဖြစ်သည်။ နှစ်ကျော့ပေါင်းရလဒ် အနိုင်ရသောအသင်း ကမ္ဘာ့ဖလားကစားခွင့်ရမည်ဖြစ်သော်လည်း မက္ကဆီကို၏လက်ရှိသွင်းဂိုးကို နယူးဇီလန် လိုက်မီရန် မလွယ်တော့၍ မက္ကဆီကိုတက်ရန် နီးစပ်သွားပြီဖြစ်သည်။

ကောင်းမြတ်သူ စုစည်းသည်

ကမ္ဘာ့ဖလား ခြေစစ်ပွဲဥရုဂွေးအောင်နိုင်

ဥရုဂွေးနှင့်ဂျော်ဒန်တို့သည် ကမ္ဘာ့ဖလားရှုံးထွက်ပြိုင်ပွဲ Play-offs အဖြစ်ယှဉ်ပြိုင်ကစားကြရာ ဥရုဂွေးက ငါးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သဖြင့် လာမည့်နှစ် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဥရုဂွေးတို့တက်ရောက်နိုင်တော့မည်ဖြစ်သည်။ ၁၉၃၀နှင့် ၁၉၅၀ ပြည့်နှစ်များက ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့သော ဥရုဂွေးအသင်းသည် ကမ္ဘာ့ဖလားကစားရန် သေချာနေပြီဖြစ်သည်။ ယင်းတို့နှစ်သင်းသည် ဒုတိယအကျော့အဖြစ် ဗုဒ္ဓဟူးနေ့တွင် မွန်တီဗီဒီယိုမြို့၌ ကစားကြမည်ဖြစ်သည်။ ဥရုဂွေးအသင်းသည် တောင်အမေရိကဇုန်ပြိုင်ပွဲတွင် ပဉ္စမသာရခဲ့သည်။ အုပ်စုတွင် အီကွေဒေါက ဂိုးကွာခြားချက်ဖြင့် တိုက်ရိုက်ခြေစစ်ပွဲအောင်ခဲ့သည်။

နိုဝင်ဘာ ၁၅/၁၆ ဘောလုံးပွဲစဉ်များ

သီဟ

၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲ Play-Offs ပထမကျော့

ဂရိ	-	ရိုမေးနီးယား	နံနက် ၁း၃၀
ယူကရိန်း	-	ပြင်သစ်	နံနက် ၂း၁၅
ပေါ်တူဂီ	-	ဆွီဒင်	နံနက် ၂း၁၅
အိုက်စလန်	-	ခရိုအေးရှား	နံနက် ၂း၁၅

နိုင်ငံတကာ ခြေစမ်းပွဲများ

တောင်ကိုရီးယား	-	ဆွစ်ဇာလန်	ညနေ ၅း၃၀
ချက်	-	ကနေဒါ	ည ၁၀း၃၀
ဘီလာရုစ်	-	အဲလ်ဘေးနီးယား	ည ၁၀း၃၀
ရုရှား	-	ဆားဘီးယား	ည ၁၀း၃၀
အက်စ်တိုးနီးယား	-	အဇာဘိုင်ဂျန်	ည ၁၁း၁၅
ဒိန်းမတ်	-	နော်ဝေ	နံနက် ၀၀း၃၀
ဆွာဇီလန်	-	တောင်အာဖရိက	နံနက် ၁း၀၀
တူရကီ	-	မြောက်အိုင်ယာလန်	နံနက် ၁း၃၀
အီတလီ	-	ဂျာမနီ	နံနက် ၂း၁၅
ပိုလန်	-	ဆလိုဗက်ကီးယား	နံနက် ၂း၁၅
အိုင်ယာလန်	-	လတ်ဗီးယား	နံနက် ၂း၁၅
အင်္ဂလန်	-	ချီလီ	နံနက် ၂း၃၀
စကော့တလန်	-	အမေရိကန်	နံနက် ၂း၄၅

အာရှဖလား ခြေစစ်ပွဲများ

ဆီးရီးယား	-	စင်ကာပူ	ညနေ ၅း၀၀
တရုတ်	-	အင်ဒိုနီးရှား	ည ၆း၀၅
ဗီယက်နမ်	-	ဥဇဘက်ကစ္စတန်	ည ၆း၃၀
ယီမင်	-	ကာတာ	ည ၆း၃၀
ထိုင်း	-	အီရန်	ည ၆း၃၀
ဘာရိန်း	-	မလေးရှား	ည ၉း၁၅
ယူအေအီး	-	ဟောင်ကောင်	ည ၁၀း၀၀
ကူဝိတ်	-	လက်ဘနွန်	ည ၁၀း၀၅
ဆော်ဒီအာရေဗျ	-	အီရတ်	ည ၁၁း၀၀



ပျောက်ဆုံးကြောင်း

ဦးပြည်အေး ၁၂/မရက(နိုင်)၁၂၂၄၆ ၏ Passport မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၁၀၀၇၀၃

မြေညီထပ်ရောင်းမည်

၁၂½'×၅၀'(H) ၁၇' အောက်(RC)၊ ပေါ်(လျှာထိုးခင်း) ၃၆ လမ်း(လယ်)၊ ဖုန်း-၄၂၅၃၀၁၃၆၄

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၂၂၃၈၊ Multi Light Truck, Pick Up(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းနိုင် ၇/ရကန(နိုင်)၀၀၁၂၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

လူပျောက်ကြော်ငြာ



အထက်ပါဓာတ်ပုံရှင် ကိုရင်ကုသလ (မောင်မြင့်ထွန်း) အသက်(၁၂)နှစ်သည် ၉-၁၁-၂၀၁၃ရက်တွင် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ သိုက်ချောင်း-ပြည်စံအောင်ရပ်ကွက်၊ နယ်မြေ(၂)၊ (ဒုန်တော)သီရိရတနာဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆွမ်းခံရင်းပျောက်ဆုံးသွားပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန်။

လက်ခံထားသူအား ထိရောက်စွာအရေးယူမည်။

ဖုန်း-၀၉-၃၁၄၉၆၆၈၃၊ ၀၉-၂၅၅၇၄၂၃၂၅

ကားရောင်းမည်

Land Cruiser,1998 စတိ 4700 CC, ဓာတ်ဆီ၊ နောက်ချိတ်

ဖုန်း-၀၉-၅၁၀၅၃၆၈

ကားရောင်းမည်

Townace light truck

ငွေရောင်

750Kg/1 ton,MT,

ဓာတ်ဆီ၊ စတိ

2005/2006,PW,RPM

ဖုန်း-၀၉-၅၁၂၄၇၆၅၊ ၀၉-၅၁၀၅၃၆၈

အမှတ်(၉/၁၁)၊ အခန်း ၄/က၊ ယာဘက် လေးလွှာ၊ လမ်းသွယ် ၃ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ဦးအောင်မြင့်ဆွေ ၁၂/ဗတထ(နိုင်)၀၀၆၅၅၇ လက်ရှိပိုင်ဆိုင်သော အထက်ဖော်ပြပါလိပ်စာရှိ အလျား၁၈ပေ×အနံပေ၅၀အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မခိုင်ဆွေငြိမ်းအေးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ထိုတိုက်ခန်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အဆိုပါအရောင်းအဝယ်အား တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မခိုင်ဆွေငြိမ်းအေး
၁၂/ဗဟန(နိုင်)၀၇၅၇၁၁
အမှတ် ၈၁၃၊ မဟာဗန္ဓုလလမ်း၊ မြေညီထပ်၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၀၉-၅၁၇၂၁၈၉

သားအဖြစ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးရီလွင် ၃/မဝတ(နိုင်)၀၀၆၅၆၄ အမှတ်(၁)ရပ်ကွက်၊ ဂန့်ဂေါ်လမ်း၊ အမှတ် ၃၀ နေထိုင်သူ၏သားဖြစ်သူ မောင်ထွန်းမင်းလတ်(ခ)သားငယ် ၃/မဝတ(နိုင်)၀၁၂၁၆၃သည် မိဘ၏ဆိုဆုံးမခြင်းကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ပါသည်။ သို့ပါ၍ ၎င်းအားသားအဖြစ်မှ အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်ခဲ့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ငွေရေးကြေးရေးနှင့် အခြားမည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်မယူပါကြောင်းနှင့် မသက်ဆိုင်ပါကြောင်း။

ဦးရီလွင် ၃/မဝတ(နိုင်)၀၀၆၅၆၄
အမှတ်(၁)ရပ်ကွက်၊ ဂန့်ဂေါ်လမ်း၊ အမှတ် ၃၀၊ မြဝတီမြို့၊ ကရင်ပြည်နယ်

ကိတ္တိမသမီးမှ စွန့်လွှတ်ခြင်း

မလွင်မာမိုး ၁၂/ဒဂန(နိုင်)၀၂၂၆၇သည် မိခင် အထက်တန်းပြဆရာမ ကွယ်လွန်သူ ဒေါ်ညွန့်ညွန့်အေး အသည်းအသန် မကျန်းမမာဖြစ်နေစဉ် အုပ်ထိန်းသူများကို ရိုင်းပျစွာပြောဆိုပြီး မိမိဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် နောက်နောင် ယင်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူမည် မဟုတ်ပါကြောင်း။ (မေးမြန်းခြင်းသည်းခံပါရန်။)

ဦးထွန်းဝင်း ၁၂/ဒဂတ(နိုင်)၀၁၄၁၃၅

Myanmar Emperor International Co., Ltd. ၏ Managing Director ဦးစိုးမင်းထက်အား Mr. Jang က အနူးအညွတ်တောင်းပန်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ Mr. Jang Kang Jin (PP No. SM 0315612) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ Mr. Jang သည် မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ အမှတ် A-7၊ အခန်းအမှတ် ၃၀၁တွင် ကိုရီးယားနိုင်ငံတွင် တည်ထောင်ထားသည့် Ko Myanmar Co., Ltd. အမည်ဖြင့် ရုံးခွဲဖွင့်လှစ်ဆောင်ရွက်လုပ်ကိုင်နေသူဖြစ်ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

ယင်းကဲ့သို့ ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုများကို ကိုရီးယားနိုင်ငံသားများ ဆောင်ရွက်နိုင်စေရန် Myanmar Emperor International Co., Ltd. ၏ အကူအညီကို ရယူဆောင်ရွက်ရကြောင်း သိရှိရပါသည်။

MEI Co., Ltd. ၏ မန်နေဂျင်းဒါရိုက်တာ ဦးစိုးမင်းထက်က မန္တလေးမြို့တွင် ဆောင်ရွက်လျက်ရှိသော Solar Power Plant Project တွင် ကိုရီးယားနိုင်ငံရှိ ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးခဲ့ရာ၌ ကျွန်ုပ်တို့၏မိတ်ဆွေ Mr. Jang က အကျိုးဆောင်ခ မရရှိသဖြင့် ဦးစိုးမင်းထက်အား မရမ်းကုန်းရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရှိရပါသည်။ ထို့ပြင် The Lady ဂျာနယ်တွင်လည်း ဖော်ပြခဲ့သည်ဟု သိရှိရပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် MEI Co., Ltd. ၏ မန်နေဂျင်းဒါရိုက်တာအပေါ် အထင်အမြင်လွဲမှားတိုင်ကြားခဲ့ခြင်းဖြစ်သဖြင့် ဦးစိုးမင်းထက်အား အနူးအညွတ်တောင်းပန်ပါကြောင်း ဦးစိုးမင်းထက်နှင့် အများသိစေရန် လွှဲအပ်ချက်အရ ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးသန်းအောင် တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်(စဉ်-၂၁၆၄)	ဦးစိုးလွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၅၄၆၂)
ဦးကျော်ညွှန့် တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၇၁)	ဦးဖြိုးမောင်မောင် အထက်တန်းရှေ့နေ (စဉ်-၄၀၃၉၀)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးလမ်း၊ ကြာကန်ကျေးရွာ၊ ကွင်းပိုင်အမှတ် ၉၉၈/A၊ ဦးပိုင်အမှတ် ၄/၈အား ဆက်စပ်စာချုပ်အရ ပိုင်ဆိုင်သူထံမှ ကျွန်မ ဒေါ်သန္တာစိုး ၁၂/ဥကတ(နိုင်)၁၆၁၅၅၄မှ အရောင်းအဝယ်ပြုလုပ်ရန် ရောင်းသူနှင့်ဝယ်သူ နှစ်ဦးနှစ်ဖက်သဘောတူညီကြသဖြင့် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေချထားပြီးဖြစ်သဖြင့် အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပြောရေးဆိုခွင့်ရှိသူမည်သူမဆို ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သန္တာစိုး
၁၂/ဥကတ(နိုင်)၁၆၁၅၅၄
ဖုန်း-၀၉-၅၅၀၀၄၄၅

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ခရမ်းမြို့ သက္ကျမာရဇိန်သွန်းဘုရား၌ မသိုးသင်္ကန်း၊ ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀ ပူဇော်မည်

ခရမ်းမြို့သက္ကျမာရဇိန်သွန်းဘုရားကြီး **(ယာပုံ)**တွင် ယခုနှစ်တန်ဆောင်တိုင်၌ မသိုးသင်္ကန်းရက်လုပ်ပွဲ၊ ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် သံဃဒါနဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားများကို ဘဏ္ဍာတော်ဂေါပကအဖွဲ့ကဦးဆောင်၍ မြို့နယ်အတွင်းမှ ဘာသာရေးအဖွဲ့များ၊ မြို့မိမြို့ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ စေတနာရှင်ပြည်သူများ ပေါင်းကာ တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်နေ့ညအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

မသိုးသင်္ကန်းရက်ခတ်ပွဲကို ခရမ်းမြို့သွန်းဘုရားကြီး၌ မဆောင်ရွက်ခဲ့နိုင်တော့သည်မှာ နှစ်ပေါင်း ၂၅ နှစ်ခန့်ရှိခဲ့ရာမှ ဘဏ္ဍာတော်ဂေါပကအဖွဲ့က ယခုနှစ်တွင် ပြန်လည်ဖော်ထုတ်ကာ မဒ္ဒီဒေဝီစင်တော်၊ သမ္ဘူလဒေဝီစင်တော်၊ ဂုစာဒေဝီစင်တော်၊ သုမနဒေဝီစင်တော် လေးခုဖြင့် တန်ဆောင်မုန်းလဆန်း ၁၅ ရက် နံနက် ၄ နာရီခွဲတွင် ကြေးသွန်းဘုရားကြီးကို ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ထို့အပြင် တန်ဆောင်မုန်းလပြည့်တွင် အဆိုပါကြေးသွန်းဘုရားကြီး၌ ခရမ်းမြို့ရှိ ဘုန်းတော်ကြီးကျောင်း ၂၇ ကျောင်းတို့မှ သံဃာတော်များကိုပင့်ဆောင်၍ မြို့နယ်လုံးကျွတ် ဆွမ်းဆန်တော်များ လောင်းလှူမည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ညတွင် ကြေးသွန်းဘုရားကြီး၌ပင် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀ ပူဇော်မည်ဖြစ်သည်။

မသိုးသင်္ကန်းရက်လုပ်မှုပြိုင်ပွဲတွင် ပထမစင်တော်ကို ငွေကျပ် ၁၅၀၀၀၀၊ ဒုတိယစင်တော်ကို ငွေကျပ် ၁၂၀၀၀၀ နှင့် နှစ်သိမ့်ဆုနှစ်ဆုကို တစ်ဆုလျှင်ငွေကျပ် ၁၀၀၀၀၀ စီ ချီးမြှင့်သွားမည်ဟု သိရသည်။

ဘက်စုံပြုပြင်ခြင်း

၁၂၈၆ ခုနှစ် လွန်ခဲ့သောနှစ်ပေါင်း ၉၀ ခန့်က ကြေးပိဿာချိန် ၂၃၀၀ဖြင့် မြို့နေပြည်သူများက သွန်းလောင်းထုလုပ်ကိုးကွယ်ခဲ့သော ခရမ်းမြို့မှ ကြေးဆင်းတုဗုဒ္ဓရုပ်ပွားတော်ဘုရားကြီးကို ၁၃၇၃ ခုနှစ်မှစ၍ ဘဏ္ဍာတော်ဂေါပကအဖွဲ့က မြို့နယ်သူမြို့နယ်သားစေတနာရှင်များ၏ လှူဒါန်းငွေများဖြင့် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ခဲ့ရာ အပြင်မုခ်ဦး၊ အတွင်းမုခ်ဦး၊ ဘုရားရင်ပြင်တော်၊ နတ်လမ်း၊ ဂန္ဓကုဋိတိုက်၊ အာရုံခံတန်ဆောင်း၊ ပါရမီ(၁၀)ခန်း၊ သာသနာ့ဗိမာန်တော်ကြီးနှင့် ဗောဓိပင်အနီးရှိ မူလစေတီငယ်တစ်ဆူကို ညဏ်တော် ၂၇ တောင်အထိ တည်ထား၍ တိလောကမာရဇိန်စေတီတော်ဟု ဘွဲ့တော်ဆက်ကပ်ပူဇော်ခဲ့ပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဘုံမြင့်ဆောင်ထီးတော်ကြီးအား ယမန်နှစ်က အသစ်တင်လှူပူဇော်ပွဲကို ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့သည်။

ခရမ်းစိုးမြင့်

သန်းခေါင်စာရင်းကောက်ယူရေး ပညာပေး

တာချီလိတ် နိုဝင်ဘာ ၁၄

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း ပြည်သူသို့ အသိပေး ရှင်းလင်းဟောပြောပွဲကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ တာလော့ရပ်ကွက်၌ နိုဝင်ဘာ ၉ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလွင်က ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမည့်ရည်ရွယ်ချက်၊ သန်းခေါင်စာရင်း ထည့်ကောက်ရမည့်သူများ၊ ထည့်မကောက်ရမည့်သူများ၊ မေးခွန်းများကို မှန်ကန်စွာဖြေဆိုခြင်း၊ လူဦးရေစာရင်းများ မှန်ကန်မှ အနာဂတ်လူနေမှုဘဝတိုးတက်မြင့်မားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။ **(ဝဲပုံ)**

တက်ရောက်

ဟောပြောပွဲသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုသန်းခေါင်စာရင်းကော်မတီများ၊ NGO အဖွဲ့အစည်းများနှင့် ပြည်သူ စုစုပေါင်း ၁၈၀ ခန့် တက်ရောက်ကြသည်။

မြင့်မိုရ်(တာချီလိတ်)

မုဒုံတန်ဆောင်တိုင် မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်ခတ်ပွဲကျင်းပမည်

မုဒုံ နိုဝင်ဘာ ၁၄

မုဒုံမြို့ တန်ဆောင်တိုင် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ပွဲကို နှစ်စဉ်မပျက် ကျင်းပခဲ့ရာ ယခုနှစ်တွင် (၈၇)ကြိမ်မြောက်အဖြစ် မုဒုံမြို့ မင်းတန်းရပ် ဗိုလ်ချုပ်လမ်း ဆုတောင်းပြည့်စေတီရှေ့၌ ကျင်းပမည်ဖြစ်သည်။

တန်ဆောင်မုန်းလဆန်း ၁၄ရက် (နိုဝင်ဘာ ၁၆ ရက်) ညနေ ၆ နာရီတွင် ဖွင့်ပွဲအခမ်းအနားကျင်းပပြီး ၆ နာရီခွဲမှစတင်ကာ မုဒုံမြို့ပေါ်ရှိ မြို့မ(၁)၊ (၂)၊ (၃)နှင့် (၄) ရပ်ကွက်ကိုယ်စားပြု ရက်ကန်းစင်လေးစင်၊ ကွမ်တာ၊ ကော့ပရံ၊ ညောင်ကုန်းနှင့် တော်ကူး/တံခွန်တိုင်ကျေးရွာကိုယ်စားပြု ရက်ကန်းစင်လေးစင် စုစုပေါင်း ရက်ကန်းစင်ရှစ်စင်တို့က မသိုးသင်္ကန်းရက်ခတ်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမဆုကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်း၊ တတိယဆုကျပ်ငါးသောင်းနှင့် ကျန်နှစ်သိမ့်ဆုကျပ်သုံးသောင်းစီ ချီးမြှင့်မည်ဖြစ်သည်။

လှူဒါန်း

ည ၉ နာရီတွင် ဆုတောင်းပြည့်စေတီရှေ့ဆုပေးမဏ္ဍပ်၌ ဆုပေးပွဲအခမ်းအနားကို ကျင်းပပြီး ည ၁၂ နာရီမတိုင်မီ မုဒုံမြို့သမိုင်းဝင်ကန်တော်ကြီး စေတီ၊ ဘုရားလေးဆူစေတီ၊ သဘော်ဦးဘုရား၊ ဆုတောင်းပြည့်စေတီအပါအဝင် မြို့ပေါ်ရပ်ကွက်များရှိ ဘုရားစေတီများ၌ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ လူငယ်မောင်မယ်များက ဘာသာရေးထုံးတမ်းစဉ်လာနှင့်အညီ မသိုးသင်္ကန်းများကို ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်ချစ်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မူဆယ်မြို့၌ လူကုန်ကူးမှုနှင့် ကျန်းမာရေးအသိပညာပေးဟောပြော

မူဆယ် နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းခန်းမတွင် နိုဝင်ဘာ ၆ ရက်က ပြည်သူများအသိပညာ၊ ဗဟုသုတ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်ရည်ရွယ်၍ ပြည်သူ့ဝန်ဆောင်မှုအနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲအခမ်းအနားကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပပမင်းက အမျိုးသမီးများဘဝသာယာလှပစေရေး အသိပညာပေးခြင်းအနေဖြင့် အမျိုးသမီးရေးရာအကြောင်းသိကောင်းစရာများဟောပြောခဲ့ပြီး ရဲအုပ်သိန်းဌေးက လူမှောင်ခိုလူကုန်ကူးမှု အသိပညာပေးဟောပြောသည်။ ထို့နောက် တက်ရောက်လာသူတာဝန်ရှိသူများ၊ သင်တန်းသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ ဆက်လက်၍ ကျန်းမာရေးအသိပညာပေးအနေဖြင့် ရာသီအကူးအပြောင်းကာလဖြစ်သောကြောင့် ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာများ၊ အမျိုးသမီးများတွင် ဖြစ်တတ်သောရင်သားကင်ဆာအပါအဝင် ကင်ဆာရောဂါများအကြောင်း ကျယ်ကျယ်ပြန့်ပြန့်ဟောပြောခဲ့ပြီး တက်ရောက်လာသူ သင်တန်းသူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြသည်။ အဆိုပါ အခမ်းအနားကို သင်တန်းသူ ၆၅ ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

ချယ်ရီမြေ တန်ဆောင်တိုင်ပွဲတော်ကျင်းပမည်

ပြင်ဦးလွင် နိုဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်ပွဲတော်နှင့် မဟာအံ့ထူးကံသာ(ပြည်ချစ်ဘုရားကြီး) ဘုရားပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း နေ့/ည မီးပုံးပျံ (နေ့လွှတ်အရုပ်မျိုးစုံ၊ ညမီးကျည်၊ စိန်နားပန်)ပြိုင်ပွဲများ၊ အလွတ်တန်းခာတ်ပုံပြိုင်ပွဲ (နေ့/ည) အလှ၊ ညစဉ်ဇာတ်ပွဲများ၊ တေးဂီတဖျော်ဖြေပွဲများ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ချောတိုင်တက်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ကျင်းပ

နိုဝင်ဘာ ၁၄ ရက် ညနေ ၅ နာရီတွင် ပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပပြီး နိုဝင်ဘာ ၁၆ ရက်တွင် မသိုးသင်္ကန်းရက်ကန်းခတ်ပူဇော်ပွဲ၊ နိုဝင်ဘာ ၁၇ ရက်တွင် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲ၊ ည ၆ နာရီတွင် ဆီမီး ၉၀၀၀ ပူဇော်ပွဲနှင့် နိုဝင်ဘာ ၁၈ ရက် ည ၉ နာရီခွဲတွင် ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်ဆုပေးပွဲနှင့် ပိတ်ပွဲကျင်းပမည်ဖြစ်သည်။

အဆိုပါတန်ဆောင်တိုင်ပွဲတော်အတွင်း အလွတ်တန်းခာတ်ပုံပြိုင်ပွဲ(နေ့) အလှဆုရသူများကို ပထမဆုသုံးသိန်း၊ ဒုတိယဆုနှစ်သိန်း၊ တတိယဆုတစ်သိန်း၊ ညအလှခာတ်ပုံပြိုင်ပွဲ ပထမ ၁၀ သိန်း၊ ဒုတိယဆုငါးသိန်း၊ တတိယဆုလေးသိန်း၊ စတုတ္ထဆုတစ်သိန်း၊ ပဥ္စမဆုရှစ်သောင်းနှင့် ဆဋ္ဌမမှ ဒသမအထိ တစ်ဆုလျှင် ခုနစ်သောင်းစီချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(၄၃၂)

တောတောင်မျက်ပြုန်း မြေဆီသုဉ်းမော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဦးစီးဌာန

မကွေးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ် ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လူနာများကို ဆေးကုသပေးနိုင်ရေးအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ရောင်းချသူမှ အဆိုပါနေရာများ၏ ခရိုင်/မြို့နယ်ဆေးရုံများရှိ ဆေးသိုလှောင်ခန်းအရောက် တင်သွင်းပေးပို့ရန်အတွက် လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၁၁-၂၀၁၃ ရက် (သောကြာနေ့)
တင်ဒါပိတ်မည့်ရက် - ၂၉-၁၁-၂၀၁၃ ရက် (သောကြာနေ့)
တင်ဒါပိတ်မည့်အချိန် - ၁၆:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးဝါးစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး
မကွေးတိုင်းဒေသကြီး
ပြည်တော်သာလမ်း၊ မကွေးမြို့၊ ဖုန်း-၀၆၃-၂၃၅၇၆၊ ၀၆၃-၂၅၉၃၈

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဦးစီးဌာန

မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လူနာများကို ဆေးကုသပေးနိုင်ရေးအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ရောင်းချသူများမှ အဆိုပါနေရာများ၏ ခရိုင်/မြို့နယ်ဆေးရုံ ဆေးသိုလှောင်ခန်းအရောက် တင်သွင်းပေးပို့ရန်အတွက် လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၅-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးဝါးစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ မော်လမြိုင်မြို့
ဖုန်း-၀၅၇-၂၁၁၉၅၊ ၀၅၇-၂၁၉၈၆၊ ၀၅၇-၂၄၈၁၃၊ ၀၉-၃၃၃၃၄၄၄၀

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ နတ်မောက်၊ စာတိုက်/ကြေးနန်းဝင်းခြံ ၂၄၅ပေ ကာရံခြင်း၊ ကျောက်ထုကြေးနန်းရုံး အင်ဂျင်ခန်း (၁၀×၁၀)ပေ ဆောက်လုပ်ခြင်း၊ ဂန့်ဂေါအော်တိုအိတ်ချိန်း နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ ပေ(၃၀×၃၀)ဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် တင်ဒါပေးသွင်းနိုင်ပါသည်။

၂။ **လျှောက်လွှာယူရမည့်ရက်** - ၁၈-၁၁-၂၀၁၃ ရက်မှ ၂၂-၁၁-၂၀၁၃ ရက်အထိ

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၀-၁၁-၂၀၁၃ ရက်မှ ၂၉-၁၁-၂၀၁၃ ရက်အထိ

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - လက်ထောက်အထွေထွေမန်နေဂျာရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လမ်းငါးသွယ်အနီး၊ ဆေးရုံလမ်း၊ မကွေးမြို့

၅။ အသေးစိတ်အချက်အလက်များကို လက်ထောက်အထွေထွေမန်နေဂျာရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လမ်းငါးသွယ်အနီး၊ ဆေးရုံလမ်း၊ မကွေးမြို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
မကွေးမြို့၊
ဖုန်း-၀၆၃-၂၅၉၉၄

သွာနုတ္တသားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မျိုးသန့်ထူး ၇/လပတ(နိုင်)၀၉၄၉၀၃သည် မိခင်ဖြစ်သူ ကျွန်မဒေါ်ဆွေဆွေဝင်း ၇/လပတ(နိုင်)၀၀၇၈၄၈အား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြင့် သိက္ခာကျအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် မိခင်အပေါ် ရန်သူသဖွယ် အသက်အန္တရာယ်ဖြစ်အောင် စော်ကားမှုအကြိမ်ကြိမ်ပြုလုပ်သဖြင့် ၁၁-၁၁-၂၀၁၃ရက်မှစ၍ ၄င်းကို သွာနုတ္တသားအဖြစ် အသိအမှတ်ပြုလျက် အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာပါသည်။

၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူမည်မဟုတ်ကြောင်းအပြင် ဦးကျော်ဆင့်၊ ဒေါ်ခင်စန်းရီ၊ ဒေါ်မြင့်မြင့်ခိုင်ထွေး၊ ဒေါ်ဆွေဆွေဝင်းတို့ပိုင် အမွေဆိုင်ပိုင်းခြံမြေနှင့် အိမ်ဥပစာအတွင်းသို့ လာရောက်ဝင်ထွက်သွားလာဆက်ဆံခြင်း (လုံး၀)ခွင့်မပြုပါကြောင်းနှင့် တစ်နည်းနည်းဖြင့်ဝင်ရောက်လာပါက ဥပဒေအရ ပြတ်သားထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

မိခင်-ဒေါ်ဆွေဆွေဝင်း

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ၁၁၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လမ်းလုပ်ငန်းအတွက် လိုအပ်သည့်ကတ္တရာအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ကတ္တရာ	၃၀ တန်

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၄-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၇-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆:၃၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းအထူးအဖွဲ့(၁၁)၊ ဒုတိယအင်ဂျင်နီယာမှူးကြီးရုံးတွင် ၁၄-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
ဖုန်း-၀၇၀-၄၀၁၄၃၊ ၀၇၀-၄၀၄၀၇

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မလှိုင်မြို့စည်ပင်သာယာဈေးမဟာဘုံကထိန်ပွဲတော်နှင့် မော်တော်ယာဉ်ပေးအပ်လှူဒါန်းပွဲကျင်းပ

မလှိုင် နိုဝင်ဘာ ၁၄

မလှိုင်မြို့မစည်ပင်သာယာဈေး စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၆ ရက် ညနေ ၃ နာရီက စည်ကားသိုက်မြိုက်စွာ လှူဒါန်းခဲ့ကြောင်း သိရသည်။ ဈေးအကျိုးဆောင်ဥက္ကဋ္ဌ ဦးကောင်းရှိန်က ဈေးသူဈေးသားများ၏ စုဆောင်းငွေများနှင့် မလှိုင်မြို့နယ် အုပ်စု ၅၆ အုပ်စု ကျေးရွာပေါင်း ၂၄၇ ရွာရှိ ဒေသခံပြည်သူများပါဝင်လှူဒါန်းငွေများနှင့် (၆၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲခင်းကျင်းရသည်ဟု ပြောသည်။

သွားရောက်လှူဒါန်း

ဈေးမဟာဘုံကထိန်ရရှိငွေနှင့် ကားလှူဒါန်းမှုများကို အတွင်းရေးမှူး ဦးခင်မောင်စန်းက “သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့က ဈေးအလှူခံစဖွင့်ခဲ့တာပါ။ အလှူငွေနှင့်အလှူပစ္စည်းတန်ဖိုး သိန်း ၇၀ ရရှိပြီး ဈေးအတွင်းရှိ သဟာယကုသလအဖွဲ့မှ သိန်း ၂၆၀ တန်ဖိုးရှိ ကလူဂါအမျိုးအစားကားတစ်စီးလှူဒါန်းခဲ့သလို ကျန်အဖွဲ့များကလည်း ကျောင်းပေါင်း ၃၈ ကျောင်းရှိ သံဃာတော်များကို ကထိန်လျာသင်္ကန်းနှင့် ဆွမ်းကပ်လှူပြီး စာရေးတံ၊ ကထိန်မဲကျရာ ကျောင်းတိုက်ဖြစ်သည့် သာသနဝေပုလ္လလေး မျက်နှာပရိယတ္တိစာသင်တိုက်သို့ ဈေးသူဈေးသားများ၊ မြို့မိမြို့ဖများ၊ ဈေးအကျိုးတော်ဆောင်များက အိုးစည်ဒိုးပတ်အကများ၊ ရိုးရာကချေအကများနဲ့ မော်တော်ယာဉ်ကို သွားရောက်လှူဒါန်းခဲ့ပါတယ်” ဟု ပြောသည်။ ယခုနှစ်စုစုပေါင်းငွေကျပ် သိန်း ၃၃၀ လှူဒါန်းခဲ့သည်ဟု သိရသည်။

ကျော်ကျော်(မလှိုင်)

ရှမ်းပြည်နယ် ကွတ်ခိုင်မြို့တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအသိပညာပေးဟောပြော

နေပြည်တော် နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ် ကွတ်ခိုင်မြို့ ရပ်ကွက်(၃) အုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၁၀ ရက်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပရာ အမှတ်(၂၂) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(မူဆယ်)မှ ဒုတိယတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးဝင်းနိုင်က ပြည်သူလူထုပူးပေါင်းပါဝင်သော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက်၊ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးအလွဲသုံးမှုအန္တရာယ်ဆိုးကျိုးများအကြောင်းကို လည်းကောင်း၊ ရဲအုပ်စိုးလွင်က မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှု /ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရသည်။ **ကိုရဲ**

ယင်းတိုင်းဆည်ပေါင်ထပ်မံချဲ့ခြင်းနှင့် မြှင့်ခြင်းလုပ်ငန်းများဆောင်ရွက်

မြိုင် နိုဝင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အင်းရောင်းကျေးရွာအုပ်စု ပြည်သူများ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့သော ယင်းတိုင်းဆည်ကြီးသည် ယခင်က အလျားပေ ၁၅၀၀၊ အကျယ် ၁၈ပေ၊ အမြင့် ၁၈ ပေရှိရာ လယ် ၁၇၅ ဧကကို ရေပေးဝေစေနိုင်ပြီး ယခုနှစ် နိုဝင်ဘာ ပထမပတ်အတွင်းတွင် Action aid အဖွဲ့မှ ပံ့ပိုးကူညီမှုဖြင့် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ Backhoe ကားတစ်စီး၊ မြေတင်ကား နှစ်စီးတို့ဖြင့် ဆည်ပေါင်ထပ်မံချဲ့ခြင်းနှင့်မြှင့်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရာ**(အပေါ်ပုံ)** ယခုအခါ ဆည်ပေါင်မှာ အလျားပေ ၁၅၀၀၊ အကျယ် ပေ၂၀၊ အမြင့် ၂၂ ပေရှိသဖြင့် ကုန်ကျငွေကျပ် ၂၅ သိန်းကုန်ကျခဲ့ပြီး နောက်ထပ်ဆက်လက်၍ အမြင့် လေးပေထပ်တိုးမြှင့်နိုင်သဖြင့် နှစ်ပေ ရေထိန်းသိမ်းနိုင်ကာ လယ် ၇၅ဧကခန့်တို့ကို ထပ်မံရေပေးဝေနိုင်ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

သုံးခွမြို့တွင် ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က ကြီးကြပ်၍ လျှပ်စစ်အန္တရာယ်ကင်းဝေးရေးနှင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ သုံးခွမြို့နယ်တွင် ထရန်စဖော်မာ ၄၄ လုံးတပ်ဆင်အသုံးပြုလျက်ရှိပြီး လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် ထရန်စဖော်မာ လေးလုံးကို အမှတ်(၁)ရပ်ကွက် ဇေယျသိဒ္ဓိလမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့်၊ အမှတ်(၄)ရပ်ကွက် အောင်ဇေယျလမ်းနှင့် တပင်ရွှေထီးလမ်းထောင့်၊အမှတ်(၉)ရပ်ကွက် သီတာလမ်းနှင့်သိုက်တူးကန်ကျေးရွာများတွင် တိုးချဲ့တပ်ဆင်မည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိတွင် 315 KVA ထရန်စဖော်မာနှစ်လုံးရရှိရာ ဇေယျသိဒ္ဓိလမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့်၊ အမှတ်(၄)ရပ်ကွက် အောင်ဇေယျလမ်းနှင့် တပင်ရွှေထီးလမ်းထောင့်တို့တွင် တပ်ဆင်လျက်ရှိပြီး အများပြည်သူ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် နိုဝင်ဘာ ၁၄ ရက်တွင် ဓာတ်အားစတင်ပို့လွှတ်အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

မဟာဒုက်ဆွမ်းလောင်းလှူပွဲနှင့် တန်ဆောင်တိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီးလမ်းမတော်မြို့နယ်(၅)ရပ်ကွက်၊၁၁လမ်းမိသားစုက (၆၂)ကြိမ်မြောက် မဟာဒုက်ဆွမ်းလောင်းအလှူတော်နှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

နိုဝင်ဘာ ၁၅ ရက် သောကြာနေ့ညတွင် ဆုတောင်းပြည့်မတ်ရပ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကို မဏ္ဍပ်သို့ပင့်ဆောင်မည်ဖြစ်ပြီး နိုဝင်ဘာ ၁၇ ရက် နံနက်အရုဏ်ချိန်တွင် ပင့်သံဃာအပါး ၂၀၀ အား မြသပိတ်ဆွမ်းနှင့် စာရေးတံမဲဆက်ကပ်ခြင်း ပြုလုပ်မည်ဖြစ်သည်။ နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက် ညပိုင်းတွင် သုံးရက်တိုင်တိုင် ဘုရားဖူးကြွလာပရိသတ်များအား အကျွေးအမွေးဖြင့် ဧည့်ခံမည်ဟု သိရသည်။ လမ်းမတော်မြို့နယ်အတွင်း (၇၆)ကြိမ်မြောက် တန်ဆောင်တိုင်မီးထွန်းပွဲကို ယခုနှစ်တွင်လည်း ကျင်းပမည်ဖြစ်ရာ နှစ်စဉ်ကျင်းပသကဲ့သို့ အနော်ရထာလမ်းတစ်လျှောက် ဈေးဆိုင်ခန်းများ၊ ပျော်ပွဲရွှင်ပွဲများ ပါရှိမည်ဖြစ်ကြောင်း၊ ထို့အပြင် တန်ဆောင်တိုင်ပွဲတော်ရက်အတွင်း လမ်းမတော်မြို့နယ် (၁၃)လမ်း အောက်လမ်းတွင် မီးထွန်းပွဲတော်နှင့်အတူ ကာတွန်းရုပ်ပုံကားချပ်များပါ ချိတ်ဆွဲပြသမည်ဖြစ်ကြောင်း သိရသည်။ **ခင်ဆိုင်**

မန္တလေးတိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ မဟာဘုံကထိန်ပွဲတော်ကျင်းပ

ကျောက်ဆည် နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး မန္တလေးတိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့၏ (၂၁)ကြိမ်မြောက် ဗီဒီယိုလုပ်ငန်းရှင်များ စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို ယနေ့နံနက် ၈ နာရီက ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက် ကြက်မင်းတွန်ရန်ကုန်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကြက်မင်းတွန်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်သည်။ မန္တလေးတိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသိန်းနှင့်တာဝန်ရှိသူများက ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ အဆိုပါလှူဒါန်းပွဲတွင် ပဒေသာပင် ၁၆ ခုနှင့်အတူ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် ကျောက်ဆည်မြို့တွင် လှည့်လည်ပြီး လှူဒါန်းမှု စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၃၀ ကျော်ရှိကြောင်း သိရသည်။ **(၄၀၈)**

ရန်ကင်းမြို့နယ် ရန်ကင်းလမ်းမကြီး အမှတ်(၄) အနေးယာဉ်ဂိတ်၏ အကြိမ်(၂၀)မြောက် မဟာဘုံကထိန်လှူဒါန်းပွဲတွင် ပဒေသာပင်များကို မြို့နယ်တွင်းရှိကျောင်းသို့ သွားရောက်လှူဒါန်းမည်ဖြစ်ပြီး အနီးအနားရှိဆိုင်ခန်းများက တန်ဆောင်မုန်းလပြည့်နေ့အထိ နေ့စဉ်အာဟာရများကျွေးမွေးလှူဒါန်းမည်ဖြစ်ရာ နိုဝင်ဘာ ၁၂ ရက်က ကတ္တီပါစတိုးမှ အာဟာရကျွေးမွေးစဉ်။ သန်းမောင်(ရန်ကင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(မကွေး)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနလက်အောက်ရှိ ကွန်ပျူတာတက္ကသိုလ်(မကွေး)တွင် သံကူကွန်ကရစ် (၁၃၂'×၄၅'×၁၂') ခြောက်ခန်းတွဲ တစ်ထပ်ဝန်ထမ်းအိမ်ရာတစ်လုံးဆောက်လုပ်ခြင်းလုပ်ငန်းအတွက် တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ဤကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မကွေး)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၂-၁၂-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(မကွေး) ဖုန်း-၀၆၃-၂၈၅၈၈ နှင့် ၀၉-၅၃၄၂၈၅၉တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကွန်ပျူတာတက္ကသိုလ်(မကွေး)

အမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ရန်)

Myanmar Foster Electric Co.,Ltd. လက်အောက်ရှိ လျှပ်စစ်နှင့်အီလက်ထရွန်နစ်အစိတ်အပိုင်းများထုတ်လုပ်သောစက်ရုံတွင် ခန့်ထားနိုင်ရန်အတွက် အောက်ဖော်ပြပါ အလုပ်နေရာ လျှောက်ထားနိုင်ပါသည်။

(၁) Engineer (Male/ Female) (၂ ဦး)
- BE (Mech / EP/ EC)
- အသက် (၂၂-၃၅)
- အင်္ဂလိပ်နှင့်တရုတ်(သို့)ဗီယက်နမ်စကား ရေးသားပြောဆိုနိုင်ရမည်။

(၂) သန့်ရှင်းရေးဝန်ထမ်း မ(၃ ဦး)

စိတ်ပါဝင်စားသူများသည် လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင် (C.V)၊ ဓာတ်ပုံ (၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်ပူးတွဲ၍ ကြော်ငြာပါသည့်ရက်မှတစ်လအတွင်း အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။ (လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပါမည်။)

Myanmar Foster Electric Co.,Ltd.
အမှတ် ၄၇၅၊ ယောက်ကော်လမ်း၊ (၂၃)ရပ်ကွက်၊ စက်မှုဇုန်(၁)၊ တောင်ဒဂုံ၊
ဖုန်း-၀၁-၈၁၀၀၆၅၁၊ ၀၉-၂၅၀၁၆၈၁၇၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ စီမံကိန်း/လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများ၊ ရေစုပ်ပန့်ဆက်စပ်ပစ္စည်းများအား သက်ဆိုင်ရာ သတ်မှတ်နေရာဒေသအရောက် မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်-

(က) ရန်ကုန်မြို့ ဆိပ်ကမ်းများမှ	ပင်မသိုလှောင်ရုံ (ရွာသာကြီး)သို့	ကွန်တိန်နာယာဉ်များ ဖြင့်သယ်ယူရန်
(ခ) ပင်မသိုလှောင်ရုံ (ရွာသာကြီး)မှ	သက်ဆိုင်ရာသတ်မှတ် နေရာဒေသများသို့	မော်တော်ယာဉ်များ ဖြင့်သယ်ယူရန်

ပိတ်ရက်နှင့်အချိန် - ၂၅-၁၁-၂၀၁၃ ရက် ၁၄း၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)
ထုတ်လုပ်ရေးနှင့် ဖြည့်တင်းရေးဌာနခွဲ
ရုံးအမှတ်(၅၀)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂က/၇၁၇၁ Dong Fen's Kungi L/T ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်သန်း ၇/လပတ(နိုင်)၁၀၈၇၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ လှိုင်လင်**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၆၁၁၈၊ MARBO 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့် ၁၃/ကမန(နိုင်)၀၂၃၃၆၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကျောက်မဲမြို့)**

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်နာထီး ၁၃/မပတ(နိုင်)၀၃၇၂၃၅သည် တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြတ်လေးလမ်း၊ အိမ်အမှတ်(၁/၁၀၄)ရှိ မြေကွက်အလျား(၃၅ပေ ၆လက်မ× ၃၃ပေ)၊ အနံ(၄၃ပေ ၄လက်မ× ၄၁ပေ ၈လက်မ)ရှိ မြေကွက်အား ဦးအိုက်အွန် ၁၃/တခလ(နိုင်)၀၁၆၉၅၂ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ (၁၀၅) ရေးကူးခွင့်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်နာထီး
၁၃/မပတ(နိုင်)၀၃၇၂၃၅

အများသိစေရန်ကြေညာခြင်း

ပျဉ်းမနားမြို့၊ ယောက်သွားအင်းရပ်နေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ထွန်း ၉/ပမန(နိုင်)၀၀၇၁၇၉၊ ဒေါ်ကြူကြူ ၉/ပမန(နိုင်)၀၀၉၁၀၇နှင့် သား ကိုဖြိုးပြည့်စုံအောင် ၉/ပမန(နိုင်)၂၆၇၅၃၂တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အသိပေးကြေညာလိုက်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကိုဖြိုးပြည့်စုံအောင်၏ဇနီး၊ ဦးအောင်ထွန်း-ဒေါ်ကြူကြူတို့၏သမီးချွေးမ မဖွေးဖွေး(ခ)မနှစ်ဆန်းမေ ၈/တတက(နိုင်)၁၈၃၄၆၉သည် ခင်ပွန်းနှင့်ယောက္ခမဖြစ်သူများအား ထောက်ထားမှုမရှိဘဲ မိမိ၏သဘောဆန္ဒအရ ခွင့်မလွှတ်နိုင်သော လူမှုရေးကိစ္စများ ပြုမူခဲ့ပါသဖြင့် ယနေ့မှစ၍ တရားဝင်ဇနီး၊ ချွေးမအဖြစ်မှစွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စများကို ကျွန်ုပ်၏မိတ်ဆွေမှ တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်ထွန်း-ဒေါ်ကြူကြူ၊ ကိုဖြိုးပြည့်စုံအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ခိုင်ဇာလင်း LL.B အထက်တန်းရှေ့နေ (စဉ်-၃၂၈၅၈)
အမှတ် ၁/၆၅၊ ကန်ဦးရပ်ကွက်၊ ပျဉ်းမနားမြို့

ကျောက်တံခါး တောင်သူများအတွက် ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေပေး

ကျောက်တံခါး နိုဝင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ဆောင်းရာသီ ဆောင်းသီးနှံစိုက်ပျိုးထွန်ယက်မည့် ကျေးရွာအုပ်စု ၃၂ အုပ်စုရှိ တောင်သူများကို ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ရန် နိုဝင်ဘာ ၁ ရက်မှစ၍ နေ့စဉ် နံနက်၁၀နာရီမှ ညနေ၃ နာရီအထိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးလျက်ရှိရာ နိုဝင်ဘာ ၈ ရက်အထိ ကျေးရွာအုပ်စု ၁၉ အုပ်စုမှ တောင်သူ ၅၆၅၈ ဦး၊ စိုက်ဧက ၄၁၃၃၀ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၈၂၆၆၀၀၀၀၀ အား တောင်သူများအတွက် ထုတ်ချေးခဲ့ပြီး ကျန်ရှိသည့် တောင်သူများကိုလည်း ဆက်လက် ထုတ်ချေးသွားမည်ဖြစ်သည်။

တောင်သူလယ်သမားများ အနေဖြင့် ချေးငွေများကို သတ်မှတ်ရက်အတွင်း ပြန်လည်ပေးဆပ်ကြရန်နှင့် အတိုးနှုန်းမှာလည်း တောင်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ သက်သာသောနှုန်းဖြင့် ၈ ဒသမ ၅ ရာခိုင်နှုန်း အတိုးနှုန်းဖြင့်သာ ယူထား၍ တောင်သူများက တာဝန်ကျေပွန်သိတတ်စွာဖြင့် ချေးငွေများကို ပြန်လည်ပေးအပ်နိုင်ရေး စိုက်/ဘဏ် မန်နေဂျာ၊ ဦးအုံးချိုမှ ဆောင်းသီးနှံချေးငွေလာရောက်ထုတ်ယူသူ တောင်သူများအား ပြောကြားခဲ့ကြောင်း သိရသည်။

ခင်ကို (ကျောက်တံခါး)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

မြေပြိုကျမှုကြောင့် ကျောင်းပြောင်းနေရသော ဖလမ်းအထက(ခွဲ)မှ ကျောင်းသားများ မိမိတို့ကျောင်းသို့ပြန်လည်ရောက်ရှိ

ဖလမ်း နိုဝင်ဘာ ၁၄

ချင်းပြည်နယ် ဖလမ်းမြို့တွင် ဇူလိုင်လအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျောင်းပြောင်းရွှေ့ ပညာသင်ကြားနေရသော ဖလမ်း အထက(ခွဲ)မှ ကျောင်းသားများ မိမိတို့၏ မူလကျောင်းသို့ နိုဝင်ဘာ ၈ ရက်က ပြန်လည်ပြောင်းရွှေ့ ပညာသင်ကြားနေပြီဖြစ်ကြောင်း သိရသည်။

"မူလတန်းနှင့် ငါးတန်း၊ ခြောက်တန်းတွေကို ပြန်ခေါ်ပြီးတော့ မိမိတို့ ကျောင်းထဲမှ ကျောင်းဆောင်တစ်ခုဖြစ်တဲ့ သစ်သားဖြင့်တည်ဆောက်ထားသော ဗန့်ကြီးဆောင်ကို ပြောင်းပြီးစာပြန်သင်နေပါတယ်၊ ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်းတွေကတော့ အထက(၁)မှာပဲ ဆက်လက်ပညာသင်ကြားနေပါတယ်၊ စာသင်ကျောင်းကိုတော့ တလန်လိုရပ်ကွက်မှာရှိတဲ့ သုသာန်ဟောင်းမြေနေရာမှာ ဆောက်ဖို့ တင်ပြထားပြီးဖြစ်ပါတယ်"ဟု အထက(ခွဲ)မှ ကျောင်းဆရာမတစ်ဦးက ပြောပြသည်။

ဖလမ်းမြို့တွင် အထကနှစ် ကျောင်း၊ အထကခွဲတစ်ကျောင်း၊ မူလတန်းငါးကျောင်းရှိပြီး ဖလမ်း အထကခွဲဖြစ်ပေါ်လာရန်အတွက် ၁၉၇၉ ခုနှစ်တွင်မူလတန်း၊ ၁၉၉၁ တွင် အလယ်တန်း အသီးသီးရရှိခဲ့ပြီး ယခုပညာသင်နှစ် ၂၀၁၃-၂၀၁၄ တွင်မှ အထကခွဲကို ရရှိခဲ့ခြင်းဖြစ်ပြီး မူလတန်းကျောင်းသား ၂၆၉ ဦး၊ အလယ်တန်း ၅၇၆ ဦး၊ အထက်တန်း ၁၃၃ ဦး ပညာသင်ကြားနေကြောင်း သိရသည်။

သျှင်နေမင်း

ဖျာပုံ၌ ဆောင်းရာသီစိုက်ပျိုးစရိတ်များထုတ်ချေးပေး

ဖျာပုံ နိုဝင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ဆောင်းစပါး စိုက်ပျိုးမည့် တောင်သူများ အခက်အခဲမရှိစေရေး ဆောင်းစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ဒီဇင်ဘာလကုန်နောက်ဆုံးထား၍ အချိန်မီ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းစပါးစိုက်ပျိုးနိုင်သည့် ကျေးရွာပေါင်း ၃၃ ရွာမှ လယ်မြေ ၅၃၇၁၀ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့်ထုတ်ချေးပေးမည်ဖြစ်ပြီး မိုးချေးငွေကျေမှ ထုတ်ချေးပေးမည်မဟုတ်ဘဲ သီးခြားထုတ်ချေးပေးသွားမည်ဖြစ်သည့်အပြင် ယခင်နှစ်က ဆောင်းစပါးစိုက်ပျိုးစရိတ်ကို တစ်ဧကလျှင်ငွေကျပ်ရှစ်သောင်းနှုန်းသာ ထုတ်ချေးပေးခဲ့သော်လည်း ယခုနှစ်တွင် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေနှုန်းအတိုင်း ကျပ်တစ်သိန်းနှုန်းတိုးမြှင့်ထုတ်ချေးပေးမည်ဖြစ်ကြောင်း ဘဏ်ခွဲ မန်နေဂျာ ဒေါ်ခင်စောဝတီမြင့်ထံမှ သိရသည်။

ကြပ်မတ်ဆောင်ရွက်

ဖျာပုံမြို့နယ်တွင် ဆောင်းရာသီဘဏ်ချေးငွေ ထုတ်ချေးရေးအတွက် ကျေးရွာကော်မတီများနှင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ခြင်းကိုလည်း နိုဝင်ဘာ ၇ ရက်က ပြုလုပ်ခဲ့ပြီး ဆောင်းချေးငွေထုတ်ချေးရာတွင် ဥပဒေနှင့်အညီ ထုတ်ချေးပေးနိုင်ရေး၊ ငွေထုတ်ချေးရာတွင် မည်သည့်အကြောင်းနှင့်မှ တောင်သူများထံက ငွေကြေးကောက်ခံခြင်း မပြုကြရန်နှင့် ဆောင်းစပါးအမှန်တကယ်စိုက်ပျိုးသည့် တောင်သူများကိုသာ ထောက်ခံထုတ်ချေးပေးနိုင်အောင် ဖျာပုံမြို့နယ် ချေးငွေအကြံပေးအဖွဲ့က အထူးကြပ်မတ်လမ်းညွှန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အင်တောအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

အင်တော နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် အင်တောမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီက အင်တောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးဖုန်းမြင့်ဇော်နှင့် ဝန်ထမ်းမိသားစုတို့က သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ပြီး ငါးပါးသီလနှင့်ပရိတ်တရားတော်များနာယူခဲ့ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဝန်ထမ်းများအား နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှတ်တရ အင်္ကျီများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဂျိန်းဖောရတနာဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ကျိုင်းတုံ နိုဝင်ဘာ ၁၄

ဂျိန်းဖောရတနာကုန်စည်ပို့ဆောင်ရေးအသင်းက ပံ့ပိုးကူညီမှုဖြင့် ကျိုင်းတုံခရိုင်အားကစားနှင့်ကာယပညာကော်မတီက ကြီးမှူးစီစဉ်ကျင်းပသော ၂၀၁၃ ခုနှစ် ဒုတိယအကြိမ် ဂျိန်းဖောရတနာဖလား အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပေးအပ်ခြင်း အခမ်းအနား ကို နိုဝင်ဘာ ၁၂ ရက် ညနေ ၃ နာရီက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဂျိန်းဖောရတနာအသင်းနှင့် တောင်ပေါ်သားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂျိန်းဖောရတနာအသင်းက တောင်ပေါ်သားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

ဆုချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားတွင် ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က ဒုတိယရရှိသော တောင်ပေါ်သားအသင်းအားတစ်ဦးချင်းလည်ဆွဲဆု ဆွဲပြားများနှင့် ငွေသားဆု ကျပ်သုံးသိန်းကို ချီးမြှင့်ပေးအပ်ခဲ့ပြီး ရှမ်းပြည်နယ် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေက ပထမရရှိသော ဂျိန်းဖောရတနာအသင်းအား တစ်ဦးချင်းလည်ဆွဲဆု ဆွဲပြားများနှင့် ဆုငွေကျပ် ငါးသိန်းကို ချီးမြှင့်ပေးအပ်ခဲ့ကာ ဂျိန်းဖောရတနာကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးမောင်မောင်အေးက ပထမရရှိသော ဂျိန်းဖောရတနာအသင်းအား **(အောက်ပုံ)**တံခွန်စိုက်ဆုဖလားကြီးနှင့် ဂုဏ်ပြုဆုငွေကျပ် သိန်း ၅၀ ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်နိုင်အောင်ဝေ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၉)၊ တနင်္သာရီတိုင်းဒေသကြီးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	မြို့နယ်	ပစ္စည်းအမျိုးအစား
၁။	ထားဝယ်မြို့နယ် (ကမြောကင်းတံတားရေလမ်း၊ သဲအိတ်စီရေကာ)	ကျောက်ကြီး၊ ကျောက်စရစ်၊ မြစ်သဲ၊ နိုင်လွန်မိုက်၊ ဘိလပ်မြေ၊ Poly Felt၊ ပီနံအိတ်၊ ဝါးထရံကြမ်း၊
၂။	ထားဝယ်မြို့နယ် (ကမြောကင်းတံတားရေလမ်း ကမ်းထိန်းကျောက်စီနံရံ)	ကျောက်ကြီး၊ ကျောက်စရစ်၊ မြစ်သဲ၊ သံချောင်းလုံး၊ ဘိလပ်မြေ၊ မျောတိုင်၊ သစ်ခွဲသား၊ ကျောက်ရောမြေ
၃။	တနင်္သာရီမြို့နယ် (သစ်တောရုံးအနီးကမ်းပြိုကာကွယ်ခြင်းလုပ်ငန်း)	ကျောက်ကြီး၊ ကျောက်ရောမြေ၊ Chain Link
၄။	ခမောက်ကြီးမြို့နယ် (နာလီချန်းရွာအနီးကမ်းထိန်းလုပ်ငန်း)	ကျောက်ကြီး၊ ဘိလပ်မြေ၊ မြစ်ကျောက်စရစ်၊ မြစ်သဲ၊ မျောတိုင်၊ သစ်ခွဲသား၊ ကျောက်ရောမြေ၊ သံချောင်း၊ Poly Felt၊ Stand Pipe
၅။	ခမောက်ကြီးမြို့နယ် (လုံးဖောရွာအနီးကမ်းထိန်းလုပ်ငန်း)	ကျောက်ကြီး၊ Poly Felt၊ Renomattress

တင်ဒါပုံစံရောင်းချခြင်း၊တင်သွင်းခြင်းနှင့်စိစစ်ရွေးချယ်မည့်နေရာ - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၉)၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ ထားဝယ်မြို့၊ ဆန်းချီရပ်

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၅-၁၁-၂၀၁၃ ရက်

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၂၆-၁၁-၂၀၁၃ ရက်၊ ၁၂:၀၀ နာရီ

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၂၈-၁၁-၂၀၁၃ ရက်၊ ၁၄:၀၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဒေသ(၉)၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ ဖုန်း-၂၂၁၆၃၊ ၂၃၅၇၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖခင် အမည်မှန်

[illegible]
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် (၁၃၄) တွင် တည်ရှိသော Myan Resources Services Co.,Ltd.(ယာယီအမှတ်-၂၆၂ အက်ဖ်စီ/၂၀၁၃-၂၀၁၄)အား အကြောင်းအမျိုးမျိုးကြောင့် ၁-၁၁-၂၀၁၃ရက်မှစတင်၍ ဖျက်သိမ်းလိုက်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှမြင့်
(ဌာနေကိုယ်စားလှယ်)
၁၂/လကန(နိုင်)၁၁၉၃၁၀

မိုး

သတိပြု

မြန်မာ့အလင်း

၂၀၁၃ခုနှစ်၊ နိုဝင်ဘာ ၁၅ရက်၊ သောကြာနေ့။

SUPER

ပြည်တွင်းရေးရာ

ဗုဒ္ဓသာသနာတော် ပွံ့ဖြိုးစည်ပင်လာစေမည့် သရေခေတ္တရာ ပျူရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နယ်မြေ

စာ-၄



ပြည်တွင်းရေးရာ

ထင်းရှူးရနံ့သင်းပျံ့သည့် ဖလမ်းမြို့

စာ-၅



ခရီးသွား

မေယုတောင်တန်း အရှေ့ခြမ်း လမ်းပန်းဆက်သွယ်ရေး

စာ-၆

တောင့်ကြည့်မှုများကြားက ဒီယေဂိုကော်စတာရဲ့ ဆုံးဖြတ်ချက်

စာ - ၂

ပြင်သစ်အသင်းအတွက် ကမ္ဘာ့ဖလားအိပ်မက်ကိုအသက်ဆက်ပေးဖို့ ရှိနေတဲ့ တိုက်စစ်မှူးရီမီ

စာ - ၇

	အမြူရောင်ရဲတိုက်	
	အမြူရောင်ရဲတိုက်	
	အမြူရောင်ရဲတိုက်	
TOP ROYAL	အမြူရောင်ရဲတိုက်	
	THOR THE DARK WORLD 3D	3D
	KRRISH 3	
	THE SECOND SIGHT 3D	3D

Y.E.S. Since 1994

International English Language Centre

Basic Spoken English

- Mon to Thurs-10:00-12:00am 11 Nov
- Mon to Thurs-1:00-3:00pm 11 Nov
- Sat & Sun -12:30-3:30pm 16 Nov
- Sat & Sun -9:00-12:00am 23 Nov
- Mon to Thurs-7:30-9:30am 25 Nov
- Mon to Thurs-3:00-5:00pm 25 Nov
- Mon to Thurs-5:00-7:00pm 25 Nov

Pre-Intermediate English

- Mon to Thurs-10:00-12:00am 18 Nov
- Mon to Thurs-7:30-9:30am 25 Nov
- Mon to Thurs-5:00-7:00pm 25 Nov
- Sat & Sun -12:30-3:30pm 7 Dec

Grammar Foundation Course

- Sat & Sun -9:00-12:00am 23 Nov
- Mon to Thurs-7:30-9:30am 25 Nov
- Sat & Sun -4:00-7:00pm 7 Dec

Vocabulary Enrichment Course

- Mon to Thurs-3:30-5:00pm 25 Nov

Structure & Written Expression

- Sat & Sun -9:00-12:00am 16 Nov
- Mon to Thurs- 5:00-6:30pm 18 Nov
- Mon to Thurs- 10:00-12:00am 25 Nov

Integrated Skills Level Course

- Mon to Thurs- 1:00-3:00pm 25 Nov

IELTS, IELTS(Speaking), SAT, API, AWC, BWC

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. ☎ 243950

စောင့်ကြည့်မှုများကြားက ဒီယေဂိုကော်စတာရဲ့ ဆုံးဖြတ်ချက်

ဒီစတီဖာနို။ ပြီးတော့ ဖရန့်ပွတ်ရှ်ကတ်။ အခုလာပြန်ပြီ နောက်ထပ်တစ်ယောက်။ ဒီယေဂိုကော်စတာ။ ဘရာဇီးနိုင်ငံသားတစ်ယောက်ဖြစ်ပါလျက် စပိန်ရဲ့ ရင်ငွေ့ကို ရဲရဲဝံ့ဝံ့ခိုလှုံလာခဲ့တဲ့အဖြစ်။ ပြောရရင် ဘရာဇီးလက်ရွေးစင်အသင်းကလည်း သူ့ကို ပစ်ပယ်ခြင်းမရှိဘူး။ ၂၀၁၃ ခုနှစ် မတ် ၂၂ ရက်မှာ ကစားခဲ့တဲ့ အီတလီနဲ့ ခြေစမ်းပွဲ။ ၂၀၁၃ ခုနှစ် မတ် ၂၆ ရက်မှာ ကစားခဲ့တဲ့ ရုရှားနဲ့ ခြေစမ်းပွဲတွေမှာ သူ့ကို စကိုလာရီက ဘရာဇီးအသင်းအတွက် ခေါ်ယူသုံးခဲ့ပြီးပြီ။ ပြီးတော့ လာမယ့် ၂၀၁၃ နိုဝင်ဘာ ၁၇ နဲ့ ၂၀ ရက်တွေမှာ ကစားမယ့် ဟွန်ဒူးရပ်စ်၊ ချီလီတို့နဲ့ ခြေစမ်းမယ့်ပွဲတွေအတွက်လည်း စကိုလာရီက သူ့ကို ဘရာဇီးအသင်းမှာ လာကစားဖို့ ဖိတ်ခေါ်ခဲ့ပြီးသား။ ဒီကြားကမှ စကိုလာရီရဲ့ ကမ်းလှမ်းချက်ကို မျက်ကွယ်ပြုပြီး စပိန်ရဲ့ ရင်ငွေ့ကို ခိုလှုံကာ အီကွေတိုရီရယ်၊ တောင်အာဖရိကတို့နဲ့ ကစားမယ့် စပိန်လက်ရွေးစင်အသင်းအတွက် ဘော့စကေးရဲ့ ရွေးချယ်မှုကို လက်ခံလိုက်တယ်ဆိုတာ ဘာကြောင့်လဲ၊ ဘာအတွက်လဲနဲ့ မှန် မမှန်ဆိုတာတွေ ထုံးစံအရ ထွက်ကျလာတယ်။

တကယ်တော့ ၂၀၁၄ ကမ္ဘာ့ဖလားဟာ ဘရာဇီးနိုင်ငံမှာ ကျင်းပမယ့် ကမ္ဘာ့ဖလား။ တစ်နည်းပြောရရင် ကိုယ့်နိုင်ငံ၊ ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှာ ကစားရမယ့်ပွဲ။ ဒီလိုပွဲမျိုးမှာ ကိုယ့်နိုင်ငံ လက်ရွေးစင်အသင်းမှာ ပါဝင်နိုင်ခွင့်ရှိပါလျက် အဲဒီအခွင့်အရေးကို လွှင့်ပစ်ပြီး ဘာကြောင့် စပိန်ကို သူရွေးသလဲဆိုတာက အဓိကပြဿနာ။ အောင်မြင်မှုရနိုင်ခြေကြောင့်လား တွက်ကြည့်တော့ အဲဒီလိုလည်း မဟုတ်ပြန်ဘူး။ ၂၀၁၄ ကမ္ဘာ့ဖလားမှာ ဗိုလ်စွဲနိုင်ခြေဆိုတာ ဘရာဇီးမှာလည်းရှိတယ်။ ၂၀၁၃ ကွန်ဖက်ဒရေးရှင်းဖလားမှာ စပိန်ကို သုံးဂိုးပြတ်နဲ့ အနိုင်ရဗိုလ်စွဲခဲ့တာက သက်သေ။ ကိုယ့်မြေ၊ ကိုယ့်ကွင်း၊ ကိုယ့်ပရိသတ်ရှေ့မှာ ကမ္ဘာ့ဖလားကို အရယူပြနိုင်ပါတယ်လို့ ထုတ်မပြောရုံတစ်မည် စွမ်းဆောင်မှုဆိုတော့ ဒီလိုအခြေ အနေ ကြားက ဘရာဇီးကို သူငြင်းပယ်ခဲ့တာ အောင်ပွဲရလိုစိတ်ကြောင့် မဟုတ်တာ ရှင်း လွန်း တော့ ဘာကြောင့်လဲဆိုတာ အမေးလွှယ်သလောက် အဖြေခက်ရတယ်။

အထူးသဖြင့် စပိန်ဆိုတာက ကမ္ဘာ့ထိပ်တန်းကစားသမားကောင်းတွေ အမြောက်အမြားပိုင်ဆိုင်ထားတဲ့အသင်း။ ဒီလိုအသင်းကိုမှ သူဘာကြောင့်များ ရွေးသလဲ။ နေရာမရမှာကို စိုးရိမ်စိတ် အလျှင်းမရှိဘူးလား။ မေးခွန်းက တဖြည်းဖြည်း နက်သထက်နက်လာကုန်ကြတယ်။ တွေးရလည်းခက်သထက်ခက်ကုန်ကြတယ်။ ဒါပေမယ့် အသေအချာပြန်ကြည့်။ သူကစားတဲ့နေရာက တိုက်စစ်မှူး။ ဒီတော့ စပိန်တစ်သင်းလုံးကိုလည်း ခြုံမကြည့်နဲ့။ ဘရာဇီးတစ်သင်းလုံးကိုလည်း ဝေ့မကြည့်နဲ့။ အနီးစပ်ဆုံးခန့်မှန်းအဖြေထုတ်ဖို့အတွက် သက်ဆိုင်ရာနေရာတစ်နေရာတည်းကိုပဲ စေ့စေ့ငငကြည့်။

တကယ်တော့ လက်ရှိအချိန်မှာ ဘရာဇီးဟာ စပိန်လောက် ကစားသမားကောင်း ပေါကြွယ်ဝမှုမရှိတာမှန်တယ်။ ဒါပေမယ့် သူ့နေရာဖြစ်တဲ့ တိုက်စစ်ပိုင်းတစ်ခုတည်းကိုပဲ တွက်ကြည့်။ ဘရာဇီးမှာ နေမာရှိတယ်၊ ဟတ်ခ်ရှိတယ်။ ပါတို၊ ဒါမီယာအို၊ ဖရက်ဒ်တို့ရှိတယ်။ ပြီးတော့ အားလုံး သူ့ထက် စီနီယာကျသူတွေ။ ဒီလိုလူ တွေ ကို ကျော် လွှား ပြီး နေ ရာ တစ် နေ ရာ ကို ဘရာဇီးမှာ ခိုင်ခိုင်မာမာတည်ဆောက်နိုင်ဖို့ဆိုတာက သူ့အတွက် အိပ်မက်ဆန်တယ်။ သူ့ရဲ့ လက်ရှိ ပြသနေတဲ့ ခြေစွမ်း၊ လက်ရှိရရှိထားတဲ့ ဂိုးသွင်းအားတွေအရ မဖြစ်နိုင်ဘူးလို့ မပြောနိုင်ရင်တောင် ခက်ခက်ခဲခဲ ထိုးဖောက်တိုက်ယူရမယ့် အခြေအနေတစ်ရပ်မှာကို ရှိတယ်။ အထူးသဖြင့် နေမာကို ကျော်လွှားဖို့ဆိုတာက သူ့အတွက်အခက်ခဲဆုံးစိန်ခေါ်မှုတစ်ရပ်။ နေမာဆိုတာက လက်ရှိဘရာဇီးရဲ့ ပုံရိပ်ဖြစ်နေသူ။ သွင်းဂိုးအရရော၊ ခြေစွမ်းအရအပြင် ပရိသတ်ရဲ့ ချစ်ခင်နှစ်သက်မှုအရပါ နေမာက ဘရာဇီးအတွက် ပစ်ပယ်လို့မရတဲ့သူ။ ဒီလိုနေမာကို ကျော်ဖြတ်ဖို့ဆိုတာ မလွယ်သလို မကျော်ဖြတ်နိုင်သမျှ တိုက်စစ်ပိုင်းကို ဦးဆောင်နိုင်ခွင့်ဟာ သူ့အတွက် ခက်လွန်းခဲလွန်းတယ်။ ဒီအထဲမှာမှ အော့စ်ဗယ်ဒို၊ ဒါမီယာအို၊ ဖရက်ဒ်၊ ပါတို၊ ဂျိုးဟတ်ခ်၊ ရော်ဘင်ညိုတို့ပါရှိနေတဲ့အခါ သူဘရာဇီးကို ငြင်းတာ သူ့ဘဝအတွက် လွန်သလား။

ပြောရရင် လက်ရှိအချိန်မှာ ဘရာဇီးနဲ့ စပိန်ရဲ့ အဓိကခြားနားမှုကလည်း အဲဒီအချက်ပဲဖြစ်တယ်။ တကယ်တော့ လက်ရှိအချိန်မှာ စပိန်ဟာ ဘရာဇီးထက် ကစားသမားကောင်း ပိုမိုပေါကြွယ်ဝတာမှန်တယ်။ ဇာဗီ၊ အင်နီယေစတာ၊ ဘက်စကွတ်၊ အလွန်ဆို၊ ကာဇိုလာ၊ မာတာ၊ နာဗက်စ်၊ အစ္စကို၊ ဆေးလ်ဗား၊ ပီကေး၊ ပွေယိုးလ်၊ ရာမို့စ် အားလုံးက ကမ္ဘာ့ထိပ်တန်းအဆင့် ကစားသမားတွေချည်းပဲ။ ဒါပေမယ့် အဲဒီအထဲမှာ တိုက်စစ်မှူးတစ်ယောက်မှတော့မပါဘူး။ အထူးသဖြင့် စပိန်ဟာ ဒေးဗစ်ဗီလာနဲ့ တောရက်စ်ကျရိပ်ပြလာကတည်းက တိုက်စစ်မှူးကောင်းရှားပါးခြင်းပြဿနာနဲ့ ရင်ဆိုင်ခဲ့ရတဲ့အသင်း။ တခြားမကြည့်နဲ့။ ယူရို ၂၀၁၂ မှာ ချန်ပီယံဖြစ်ခဲ့တဲ့ စပိန်အသင်းကိုပဲကြည့်။ အဲဒီပြိုင်ပွဲမှာ စပိန်ဟာ စုစုပေါင်း ခြောက်ပွဲကစားခဲ့ရာမှာ တိုက်စစ်မှူး စစ်စစ်မပါဘဲ ဖာဘရီဂက်စ်ကို တိုက်စစ်မြားဦးမှာ ထားသုံးတဲ့ပွဲက နှစ်ပွဲပါတယ်။ ဒီနှစ်ပွဲမှာ တစ်ပွဲက ဗိုလ်လုပွဲ။ ဒီလိုအရေးပါတဲ့ပွဲမျိုးမှာ ဘော့စကေးအနေနဲ့ တိုက်စစ်မှူးစစ်စစ် ဘာကြောင့် အသုံးမပြုသလဲ။ အဖြေက ရှင်းတယ်။ ဘော့စကေးအနေနဲ့ စပိန်တိုက်စစ်မှူးတွေကို ယုံကြည်စိတ်ချနိုင်မှု တစ်စတစ်စ လျော့ပါးလာမှုကြောင့်ဆိုတာ မြင်သာတယ်။

အထူးသဖြင့် ၂၀၁၃ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတုန်းက ဘော့စကေးဟာ တိုက်စစ်မှူး လေးဦးရွေးတယ်။ ဒီလေးဦးထဲမှာ တောရက်စ်က ငါးဂိုးသွင်းပြီး ဂိုးသွင်းဘုရင်ဖြစ်ခဲ့တာမှန်တယ်။ ဒါပေမယ့် အဲဒီငါးဂိုးကို ပွဲနှစ်ပွဲမှာသာ သွင်းယူခဲ့တာဖြစ်သလို ဒေးဗစ်ဗီလာဆိုရင်လည်း သုံးဂိုးသွင်းနိုင်ပေမယ့် အဲဒီသုံးဂိုးကို တဟီတီလိုအသင်းမျိုးနဲ့ ကစားခဲ့တဲ့ တစ်ပွဲတည်းမှာသာ သွင်းယူနိုင်ခဲ့တာဖြစ်တယ်။ ပက်ဒရိုနဲ့ဆိုဒါဒိုတို့ဆိုရင်လည်း တစ်ဂိုးစီသာ သွင်းနိုင်ခဲ့တာတွေဟာ စပိန်တိုက်စစ်မှူးတွေရဲ့ ကျဆင်းလာတဲ့ အရည်အသွေးရဲ့ သက်သေတွေပဲ ဖြစ်တယ်။

တကယ်တော့ စပိန်မှာလည်း တိုက်စစ်မှူးတွေ မရှိတာတော့ မဟုတ်ဘူး။ တောရက်စ်၊ ဒေးဗစ်ဗီလာ၊ မီချူး၊ ဆိုဒါဒို၊ လော်ရန်တီ၊ နီဂရီဒိုတို့တစ်တွေရှိတာမှန်တယ်။ ဒါပေမယ့် ဒေးဗစ်ဗီလာက ၃၁ နှစ်။ တောရက်စ်က ၂၉ နှစ်။ ဆိုဒါဒိုက စပါးမှာ ပုံမှန်ဂိုးသွင်းခြေမရသေးတဲ့သူ။ နီဂရီဒိုက မန်စီးတီးမှာ သာမန်ထက်မပိုသေးတဲ့ကစားသမား။ လော်ရန်တီက ဂျူဗင်တပ်စ်မှာ နေရာ မရတဲ့သူ။ မီချူးက သာမန်အဆင့်တိုက်စစ်မှူး။ ဒီတိုက်စစ်မှူးတွေနဲ့ သူ့ရဲ့အရည်အသွေးကို ဒီရာသီစွမ်းဆောင်နိုင်မှုတွေနဲ့ နှိုင်းယှဉ်ပြီးကြည့်။ အဖြေကို ဒီလိုတွေ့ရမယ်။

ကော်စတာ	(အက်သလက်)	၁၆ပွဲ	၁၆ဂိုး
နီဂရီဒို	(မန်စီးတီး)	၁၆ပွဲ	၉ဂိုး
ဒေးဗစ်ဗီလာ	(အက်သလက်)	၁၆ပွဲ	၇ဂိုး
ဆိုဒါဒို	(စပါး)	၁၁ပွဲ	၆ဂိုး
မီချူး	(ဆွမ်ဆီး)	၁၇ပွဲ	၆ဂိုး
တောရက်စ်	(ချယ်လ်ဆီး)	၁၂ပွဲ	၅ဂိုး
လော်ရန်တီ	(ဂျူဗင်တပ်စ်)	၁၁ပွဲ	၃ဂိုး

ဆိုတဲ့ အခြေအနေတွေအရ သူ့အတွက် စပိန်ကို ရွေးချယ်မှုဟာ ဘရာဇီးကို ရွေးချယ်မှုထက် ပိုမိုအခွင့်အလမ်းရှိတယ်ဆိုတာ ထင်ရှားတယ်။ ဒီတော့ သူ့ရဲ့ ဆုံးဖြတ်ချက်ကို လက်မခံနိုင်စရာအကြောင်းရှိပါ့မလား။ ပြောရရင် မွေးရပ်မြေကို ပစ်ပယ်ခြင်းဟာ ဌာနေကလူတွေအတွက် အမျက်ထွက်စရာ လုပ်ရပ်လို့ဆိုရမှာပါ။ တကယ်တော့ သူဟာ ဘရာဇီးမှာ မွေးတာမှန်ပေမယ့် ပရော်ဖက်ရှင်နယ်ဘောလုံးသမားဘဝကို ဥရောပမှာ စခဲ့တဲ့သူ။ အထူးသဖြင့် အသက် ၁၉ နှစ်အရွယ်ကတည်းက စပိန်ကိုရောက်လာပြီး တောက်လျှောက် စပိန်မှာ ကျင်လည်ခဲ့တဲ့သူ။ ဒီတော့ စပိန်ဘောလုံးလောက၊ စပိန်ရေမြေ၊ စပိန်ဘောလုံးသမားတွေနဲ့က သူ့အတွက်ပိုပြီးအကျွမ်းတဝင် ဖြစ်တယ်။ ဒါကို သူ့ရဲ့အရည်အသွေးက စပိန်ရဲ့ လိုအပ်မှုနဲ့ ကိုက်ညီနေတဲ့အချက်ကိုပါ ထည့်ပေါင်းကြည့်။ သူ့ရဲ့ ဆုံးဖြတ်ချက်ဟာ ဝိယောဓိဖြစ်စရာ ကောင်းနိုင်ပါဦးမလားလို့တောင် ပြန်မေးရမယ်။

တကယ်တော့ စပိန်အသင်းအတွက် ဒီလိုဖြစ်စဉ်မျိုးက အခုမှစတာမဟုတ်ဘူး။ ပြောခဲ့ပြီးသလို အာဂျင်တီးနားသား ဒီစတီဖာနိုဟာ ၁၉၅၇ ခုနှစ်မှာ စပိန်လက်ရွေးစင်အဖြစ် ပြောင်းကစားခဲ့ဖူးပြီး ၁၉၆၁ ခုနှစ်အထိ စုစုပေါင်း ၃၁ ပွဲ ပါဝင်ကစားကာ ၂၃ ဂိုးအထိ သွင်းယူပေးခဲ့ဖူးသလို ဟန်ဂေရီနိုင်ငံသား ဖရန့်ပွတ်ရှ်ကတ်ဟာလည်း ဟန်ဂေရီလက်ရွေးစင်အသင်းအတွက် ကစားနေရင်းက ၁၉၆၁ ခုနှစ်မှာ စပိန်လက်ရွေးစင်အသင်းအတွက် ပြောင်းကစားခဲ့ဖူးတယ်။ အာဂျင်တီးနားသား အန်တိုနီယိုပစ်ဇီဆိုရင်လည်း အာဂျင်တီးနားအတွက် မကစားဘဲ စပိန်လက်ရွေးစင်အသင်းအတွက် ကစားခဲ့ဖူးသလို ကွင်းလယ်ကစားသမား မားကို့စ်ဆန်နာဆိုရင်လည်း ဘရာဇီးမှာမွေးပေမယ့် စပိန်လက်ရွေးစင်အတွက်သာ ကစားခဲ့ဖူးတယ်။ အားလုံးလည်း စပိန်လက်ရွေးစင်အသင်းမှာ နေရာတစ်နေရာကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်ခဲ့ကြသူတွေချည်းဆိုတော့။

ပထမ ဒီစတီဖာနို။ ပြီးတော့ ဖရန့်ပွတ်ရှ်ကတ်။ အခုထပ်ပေါ်လာပြန်တဲ့ ဒီယေဂိုကော်စတာရော ဘယ်လို ဖြစ်လာမလဲ။ လာမယ့် နိုဝင်ဘာ ၁၇၊ ၂၀ ရက်တွေမှာ ကစားမယ့် စပိန်ရဲ့ခြေစမ်းပွဲတွေကနေ စောင့်ကြည့်ရုံမှလွဲလို့ အခြားရှိပါ့မလား. . . .။

ဝေမိုးဆက်

❝တကယ်တော့ သူဟာ ဘရာဇီးမှာ မွေးတာမှန်ပေမယ့် ပရော်ဖက်ရှင်နယ်ဘောလုံးသမားဘဝကို ဥရောပမှာ စခဲ့တဲ့သူ။ အထူးသဖြင့် အသက် ၁၉ နှစ်အရွယ်ကတည်းက စပိန်ကို ရောက်လာပြီး တောက်လျှောက် စပိန်မှာ ကျင်လည်ခဲ့တဲ့သူ❞

ပြင်သစ်အသင်းအတွက် ကမ္ဘာ့ဖလားအိပ်မက်ကို အသက်ဆက်ပေးဖို့ရှိနေတဲ့ တိုက်စစ်မှူး ရီမီ

ပရီမီယာလိဂ် ပွဲစဉ်(၁၁) အပြီးမှာ အသင်းကို အကောင်းဆုံးအကျိုးပြုနိုင်ပြီး သူ့တို့ရဲ့ သွင်းဂိုးတွေကြောင့် အသင်းဟာ အနိုင်ရရှိခဲ့တဲ့ တိုက်စစ်မှူးတွေကို ပြောပါဆိုရင်တော့ ဗန်ပါစီနဲ့ ရီမီပဲ ရှိမှာပါ။ မန်ယူအသင်းရဲ့ နာမည်ကြီး တိုက်စစ်မှူး ဗန်ပါစီဟာအသင်းရဲ့ အဓိကပြိုင်ဘက် အာဆင်နယ်အသင်းကို တစ်လုံးတည်းသော ခေါင်းတိုက်ဘောဖြင့် အနိုင်ကစားပေးခဲ့သလို တိုက်စစ်မှူးရီမီကလည်း စပါးအသင်းကို သူ့ရဲ့ တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူကာ နယူးကာဆယ်အသင်းကို ၃မှတ် ရရှိဖို့အတွက် ရယူပေးနိုင်ခဲ့တဲ့သူပါ။ လက်ရှိ ပရီမီယာလိဂ်မှာ ရီမီဟာ မန်ယူအသင်း ထိပ်တန်းတိုက်စစ်မှူး ဗန်ပါစီလိုပဲ ပရီမီယာလိဂ်သွင်းဂိုး ၇ ဂိုး ရရှိထားတဲ့သူလည်း ဖြစ်ပါတယ်။

တစ်ကယ်တော့ တိုက်စစ်မှူး ရီမီဟာ သူ့ရဲ့ ကစားသမားဘဝကို ပြင်သစ်ရဲ့ နာမည်ကြီး လူငယ် ကစားသမားကောင်း များစွာထွက်ရှိတဲ့ လိုင်ယွန်အသင်းမှာ အစပြုခဲ့ပြီး ဘင်ဇီမာ၊ ဘင်အာဖာတို့နဲ့အတူ လေ့ကျင့်ရေးကွင်းအတူဆင်းခဲ့တဲ့ လိုင်ယွန်အသင်းရဲ့ငယ်မွေးခြံပေါက် ကစားသမားတွေလည်းဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ပြင်သစ်ကလပ်ဖြစ်တဲ့ နိုက်စ်အသင်းကို ပြောင်းရွှေ့ခဲ့ပါတယ်။ နိုက်စ်အသင်းမှာ အစွမ်းကုန်ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် မာဆေးအသင်းကနေ ထပ်မံခေါ်ယူခြင်းခံလိုက်ရပါတယ်။ မာဆေးအသင်းဟာ သူ့အတွက်တော့ ဥရောပဘောလုံးလောကကို ပိုမိုဝင်ဆံ့ဖို့အတွက် အခြေအနေကောင်းတွေ ရရှိနိုင်ဖို့ နေရာမှန်တစ်ခုလို့တောင်ပြောရမှာပါ။ ဒါကြောင့်လည်း ရီမီဟာ မာဆေးအသင်းမှာ ကစားခဲ့တဲ့နှစ်နှစ်ခွဲကာလအတွင်း ၆၈ ပွဲပါဝင်ကစားကာ ၂၇ ဂိုး သွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူးတစ်ဦးလည်းဖြစ်ပါတယ်။ အဲဒါကြောင့်လည်း သူ့ရဲ့ခြေစွမ်းကို ဥရောပကလပ်အသင်း တော်တော်များများက သတိထားမိပြီး ခေါ်ယူဖို့အထိကြိုးစားလာခဲ့ကြပါတယ်။ အဲဒီအသင်းတွေထဲမှာတော့ နယူးကာဆယ်အသင်းက တစ်သင်းအပါအဝင်ပါပဲ။ နယူးကာဆယ်အသင်းဟာ ရီမီကိုပေါင် ၁၀သန်းနဲ့ ခေါ်ယူဖို့ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဒါပေမယ့် အဲဒီလိုဖြစ်ပြီး သုံးရက်အကြာမှာပဲ ရီမီဟာ ကျူပီအာအသင်းကို ပေါင် ၈ သန်း၊ ၄နှစ်ခွဲစာချုပ်နဲ့ပြောင်းရွှေ့သွားခဲ့ပါတယ်။ ဒါပေမယ့်ရီမီဟာ ကျူပီအာအသင်းကို ရောက်ရှိခဲ့ပြီးတဲ့နောက် အသင်းမှာ ၁၄ ပွဲ ပါဝင်ကစားကာ ၆ ဂိုး သွင်းယူပေးခဲ့ပေမယ့် အသင်းကိုတော့ တန်းဆင်းဇုန်ကနေလွတ်အောင် ကူညီပေးနိုင်ခဲ့ခြင်းတော့ မရှိခဲ့ပါဘူး။

ဒါကြောင့်လည်း တိုက်စစ်မှူး ရီမီဟာ ပြီးခဲ့တဲ့နွေရာသီက အသင်းကနေ ထွက်ခွာဖို့အထိရှိနေခဲ့ပေမယ့် ထွက်ခွာနိုင်ခြင်းမရှိဘဲ နယူးကာဆယ်အသင်းကို အငှားနဲ့ရောက်ရှိသွားခဲ့ပါတယ်။ ဒါပေမယ့် ရီမီဟာ နယူးကာဆယ်အသင်းကို ရောက်ရောက်ချင်းမှာပဲ ဒဏ်ရာကြောင့် အသင်းရဲ့ရာသီအစ နှစ်ပွဲနဲ့လွဲချော်ခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့သူဟာ နယူးကာဆယ်အသင်းမှာ ပုံမှန်ပါဝင်ကစားခဲ့ပြီး အသင်းအတွက် အဓိကပွဲတွေတိုင်းမှာ အနိုင်ရရှိဖို့အတွက် အစွမ်းကုန်ကြိုးစား ကစားနိုင်ပေးခဲ့ပါတယ်။ ဒါပေမယ့် ရီမီရဲ့အနာဂတ်ဟာ ဘယ်အသင်းမှာ ဆက်လက်ရှိနေမယ်ဆိုတာကတော့ စိတ်ဝင်စားစရာကောင်းတဲ့ မေးခွန်းတစ်ခုလည်း ဖြစ်ပါတယ်။ သူ့ရဲ့မိခင်ကလပ် ကျူပီအာအသင်းကလည်း လိဂ်ချန်ပီယံရှစ်မှာ ကစားနေတဲ့အတွက် သူ့အနေနဲ့ လိဂ်ချန်ပီယံရှစ်မှာမကစားချင်တာကလည်း အသေအချာပါပဲ။ ဒါပေမယ့် သူ့အနေနဲ့ အနာဂတ်နဲ့ပတ်သက်ပြီး အလောတကြီး ဆုံးဖြတ်သွားမှာမဟုတ်ဘူးလို့လည်း ပြောဆိုထားပါတယ်။ ဒါကြောင့် ယခုရာသီကုန်အထိတော့ နယူးကာဆယ်အသင်းမှာ ဆက်လက်ရှိနေမယ်ဆိုတာကတော့ သေချာပါတယ်။ ဒါ့အပြင် ရီမီဟာ ပြင်သစ်လက်ရွေးစင်အသင်းအတွက်လည်း အားကိုးရတဲ့တိုက်စစ်မှူး တစ်ဦးလည်းဖြစ်ပါတယ်။ ပြင်သစ်အသင်းဟာ လာမယ့် ၁၆ ရက်နဲ့ ၂၀ ရက်မှာ ယူကရိန်းအသင်းနဲ့ play off ကစားဖို့ရှိနေပါတယ်။ အဲဒီပွဲဟာ ပြင်သစ်အသင်းအတွက်တော့ ၂၀၁၄ ဘရာဇီး ကမ္ဘာ့ဖလားမှာ ပါဝင်ကစားနိုင်ခွင့်ရမလားဆိုတဲ့ မေးခွန်းကို အဖြေထုတ်ပေးနိုင်မယ့် ပွဲတွေလည်း ဖြစ်ပါတယ်။ ပြင်သစ်အသင်းဟာ အသင်းရဲ့ တိုက်စစ်ပိုင်းအတွက် ဘင်ဇီမာ၊ ဂီရောက်ဒ်နဲ့ ရီမီတို့ကိုခေါ်ယူထားပြီး သူတို့သုံးဦးကိုကြည့်မယ်ဆိုရင်တော့ ရီမီရဲ့လက်ရှိခြေစွမ်းဟာ အကောင်းဆုံးရှိနေတာကိုတွေ့ရမှာပါ။ ရီမီဟာ ၂၀၀၉ခုနှစ်ကစတင်ပြီး ပြင်သစ်လက်ရွေးစင်အသင်းမှာ ပါဝင်ကစားခဲ့တာဖြစ်ပြီး လက်ရှိအသင်းမှာ စုစုပေါင်း ပွဲ၂၀ကစားကာ ၄ဂိုးသွင်းယူပေးထားတဲ့ သူလည်းဖြစ်ပါတယ်။

ဒါ့ကြောင့် လက်ရှိမှာ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိဖို့အတွက် play off ကစားရမယ့် ပြင်သစ်အသင်းအတွက်တော့ တိုက်စစ်မှူး ရီမီဟာ အားကိုးရမယ့် တိုက်စစ်မှူးကောင်းတစ်ဦး အနေဖြင့်ရှိနေပါတယ်။ ဒါကြောင့် ရီမီကလည်း ပြင်သစ်အသင်းက သူ့ကိုယုံကြည်သလို အသင်းအတွက် အကောင်းဆုံးအထောက်အကူပေးနိုင်မယ့် ကစားသမားတစ်ဦး ဖြစ်လာမလားဆိုတာကတော့ . . .။

အောင်က

၂၀၁၃ ခုနှစ် Turkish Airlines Open ဂေါက်သီးပြိုင်ပွဲတွင် ပြင်သစ်နိုင်ငံသား ဗစ်တာဒူဘိုင်ဆန် ချန်ပီယံဆုဆွတ်ခူး

၂၀၁၃ ခုနှစ် ဥရောပတိုးလ် ဂေါက်သီးပြိုင်ပွဲများအနက်မှ တစ်ခုအဖြစ် တူရကီနိုင်ငံတွင် နိုဝင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် Turkish Airlines Open ဂေါက်သီးပြိုင်ပွဲတွင် ပြင်သစ်နိုင်ငံမှ အသက် ၂၃ နှစ် သာရှိသေးသူ ဂေါက်သီးအားကစားသမား ဗစ်တာဒူဘိုင်ဆန်က တိုက်ဂါးဝုဒ် အပါအဝင် နာမည်ကျော်ကစားသမားအချို့ကို ဖြတ်ကျော်ကာ အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ယခုနှစ် Turkish Airlines Open ဂေါက်သီးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ခြင်းသည် ဗစ်တာဒူဘိုင်ဆန်အတွက် ဥရောပတိုးလ်ဂေါက်သီးပြိုင်ပွဲများတွင် ပထမဆုံးအကြိမ် အနိုင်ရရှိဖူးခြင်းဖြစ်ပြီး ဆုကြေးငွေအဖြစ် ယူရို ၈၅၀၀၀၀ နီးပါးရရှိသွားခဲ့သည်။

ဗစ်တာဒူဘိုင်ဆန်သည် ပြိုင်ပွဲလေးရက်တွင် စုစုပေါင်း ၂၆၄ ချက် ရိုက်ကာ လေးရက်စုစုပေါင်း သတ်မှတ် ရိုက်ချက်ထက် ၂၄ ချက်လျော့ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဒူဘိုင်ဆန်သည် ပထမရက်တွင် သတ်မှတ်ရိုက်ချက်ထက် ၅ ချက်၊ ဒုတိယရက်တွင် သတ်မှတ်ရိုက်ချက်ထက် ၇ ချက်၊ တတိယရက်တွင် သတ်မှတ်ရိုက်ချက်ထက် ၉ ချက်လျှော့ရိုက်နိုင်ခဲ့သည်။

ဒူဘိုင်ဆန်သည် ပြိုင်ပွဲနောက်ဆုံးရက်တွင် ပထမဆုံး ၉ ကျင်း ဆက်တိုက်၌ သတ်မှတ်ရိုက်ချက်အတိုင်းသာ ရိုက်နိုင်ခဲ့သည်။ သို့သော်လည်း နောက်ဆုံးလေးကျင်း၌ ဘာဒီသုံးကြိမ်ရရှိအောင် ရိုက်နိုင်ခဲ့၍ ကျင်းအားလုံး ကစားပြီးချိန်တွင် သတ်မှတ်ရိုက်ချက်ထက် ၃ ချက်လျှော့ရိုက်နိုင်ခဲ့သည်။

၂၀၁၃ ခုနှစ် Turkish Airlines Open ဂေါက်သီးပြိုင်ပွဲတွင် ဝေလနိုင်ငံသား ဂျိမ်းစ်ဒေါ်နယ်လ်ဆန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်လျှော့ဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

နာမည်ကြီး အမေရိကန်ဂေါက်သီးသမား တိုက်ဂါးဝုဒ်မှာမူ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၀ သာ လျှော့ရိုက်နိုင်ခဲ့ကာ အင်္ဂလန်နိုင်ငံသား ဂျက်စတင်ရို့စ်နှင့်အတူ တတိယနေရာတွင် ပူးတွဲ ရပ်တည်နိုင်ခဲ့သည်။

Turkish Airlines Open ဂေါက်သီးရိုက်ပြိုင်ပွဲသည် ယခုနှစ်တွင်မှ စတင်ကျင်းပသည့် ပြိုင်ပွဲဖြစ်၍ ပြင်သစ်လူငယ် ဂေါက်သီးသမား ဗစ်တာဒူဘိုင်ဆန်သည် အဆိုပါပြိုင်ပွဲတွင် ပထမဆုံး ဗိုလ်စွဲနိုင်သူအဖြစ်လည်း မှတ်တမ်းရေးထိုးနိုင်ခဲ့သည်။

ထက်အောင်

၂၀၁၃ ခုနှစ် တင်းနစ်ရာသီအကုန်တွင် ATP ရပ်တည်မှုအဆင့်၌ ထိပ်ဆုံးနေရာတွင် နာဒယ်လ်ရပ်တည်နိုင်ခဲ့ခြင်းမှာ ထိုက်တန်မှုရှိကြောင်း ဂျိုကိုဗစ်ပြောဆို

၂၀၁၃ ခုနှစ် တင်းနစ်ရာသီ ပြီးဆုံးချိန်တွင် စပိန်တင်းနစ်သမား ရာဖေးလ်နာဒယ်လ်သည် ATP ကမ္ဘာ့အဆင့်ရပ်တည်မှု၏ ထိပ်ဆုံးနေရာ၌ ရပ်တည်နိုင်ခဲ့ခြင်းမှာ ထိုက်တန်မှုရှိကြောင်း ဆားဘီးယားတင်းနစ်သမား နိုဗက်ဂျိုကိုဗစ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၂၆ နှစ်အရွယ်ရှိ ဂျိုကိုဗစ်သည် ယခုနှစ် တင်းနစ်ရာသီအကုန်တွင် ATP ကမ္ဘာ့အဆင့်ရပ်တည်မှု၌ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ဂျိုကိုဗစ်သည် ၂၀၁၃ ခုနှစ် တင်းနစ်ရာသီ၏ ATP တင်းနစ်ပြိုင်ပွဲများ အနက် နောက်ဆုံးပြိုင်ပွဲဖြစ်သည့် ၂၀၁၃ ခုနှစ် ATP World Tour Finals တင်းနစ်ပြိုင်ပွဲ၌ ဗိုလ်လုပွဲတွင် နာဒယ်လ်နှင့် ယှဉ်ပြိုင်ခဲ့ရပြီး အနိုင်ရဗိုလ်စွဲခဲ့သူ ဖြစ်သည်။ ဂျိုကိုဗစ်သည် ၂၀၀၈ ခုနှစ်နှင့် ၂၀၁၂ ခုနှစ် ATP World Tour Finals တင်းနစ်ပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့ဖူးသူဖြစ်ပြီး ယခုနှစ်တွင် အဆိုပါ ပြိုင်ပွဲ၌ တတိယအကြိမ် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်နှင့် နာဒယ်လ်တို့သည် ၂၀၁၃ ခုနှစ် ATP World Tour Finals တင်းနစ်ပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များတွင် ပြိုင်ဘက် သုံးဦးစလုံးကို ကိုယ်စီအနိုင်ရရှိခဲ့ကာ ဆီမီးဖိုင်နယ်၌ ဂျိုကိုဗစ်က ဆွစ်ဇာလန်နိုင်ငံသား ဝါရင်ကာကိုလည်းကောင်း၊ နာဒယ်လ်က နာမည်ကြီး တင်းနစ်သမား ရော်ဂျာဖက်ဒါရာကိုလည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။

ဗိုလ်လုပွဲတွင် ဂျိုကိုဗစ်နှင့် နာဒယ်လ်တို့သည် ၁ နာရီနှင့် ၃၆ မိနစ်ကြာ ယှဉ်ပြိုင်ခဲ့ရပြီး ဂျိုကိုဗစ်က ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ATP ကမ္ဘာ့အဆင့်ရပ်တည်မှု၏ အဆင့် ၁ နေရာတွင် နာဒယ်လ် ရပ်တည်နိုင်ခဲ့ခြင်းနှင့် ပတ်သက်၍ ဂျိုကိုဗစ်က “၂၀၁၃ ခုနှစ် တင်းနစ်ရာသီကုန်ချိန်မှာ ATP ကမ္ဘာ့အဆင့်ရပ်တည်မှု အဆင့် ၁ နေရာက နာဒယ်လ်ရဲ့ လက်ထဲရောက်ရှိသွားတာဟာ ထိုက်တန်မှုရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ နာဒယ်လ်က ၂၀၁၃ ခုနှစ်အတွင်း ကျင်းပခဲ့တဲ့ ဂရင်းဆလင်းပြိုင်ပွဲ နှစ်ခုမှာ အနိုင်ရဗိုလ်စွဲခဲ့သလို အောင်မြင်မှုတွေလည်း အများအပြားရရှိခဲ့တာကြောင့် ဖြစ်ပါတယ်”ဟု ပြောသွားသည်။

စပိန်တင်းနစ်သမား နာဒယ်လ်သည် ၂၀၁၃ ခုနှစ်အတွင်းတွင် ဂရင်းဆလင်းပြိုင်ပွဲများဖြစ်သည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲနှင့် အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲများတွင် ဗိုလ်စွဲခဲ့ပြီး စုစုပေါင်း ချန်ပီယံဆုဖလား ၁၀ ကြိမ် ရရှိခဲ့သူဖြစ်သည်။

ထက်အောင်

ဒေသထွက်ရှမ်းစက္ကူအကြောင်း လေ့လာရေးနှင့် နမ့်ဆင်ကျေးရွာသို့တစ်ခေါက်

သတင်း ဆောင်းပါးနှင့် ဓာတ်ပုံ
စိုင်းသာလှိုင် (လိမ္မော်မြေ)

ဝသန္တချိန်ခါမှ ဟေမန္တကာလသို့ ရောက်လေလျှင် ပြည့်ဝမ်းစာကို ဖြည့်တင်းပေးနေသော ကျေးဇူးရှင် တောင်သူလယ်သမားဦးကြီးများ ရွှေရောင်အဆင်းရှိ ဝင်းမှည့်စပါးသီးနှံများ ရိတ်သိမ်းခြွေလှေ့ပြီးသည်နှင့် အိမ်တွင်းမှုလုပ်ငန်းတစ်ရပ်ဖြစ်သော ဒေသထွက် ရှမ်းစက္ကူ(ခေါ်) မိုင်းကိုင်စက္ကူလုပ်ငန်းဆီသို့ ဦးတည်လှုပ်ရှားရပြန်သည်။

အဆိုပါဒေသထွက် ရှမ်းစက္ကူလုပ်ငန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၏ အနောက်တောင်အရပ် မြို့ပြနှင့် (၁၁)မိုင်ခန့် အလှမ်းကွာဝေးသည့် မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးဘေးရှိ ကျင်သီကျေးရွာအုပ်စု ရှမ်းဘာသာအားဖြင့်(နမ့်ဆင်)၊ ပုံဖန်းကျေးရွာဖြစ်ပေသည်။ ကျင်သီကျေးရွာ(နမ့်ဆင်ရွာ)သည် ပြည်မဒေသနှင့် ရှမ်းကုန်းမြေမြင့်ကို ဆက်သွယ်ပေးသော ကျင်သီချောင်း(နမ့်ဆင်)တံတားကို ဖြတ်သန်းရသဖြင့် ခရီးသွားပြည်သူများနှင့် နိုင်ငံခြားဧည့်သည်တို့ မသိသူမရှိသလောက်ပင်။

ကျင်သီ(နမ့်ဆင်)ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံကျေးလက်ပြည်သူများ၏ အဓိက အသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းမှာ လယ်ယာနှင့်လိမ္မော်ခြံလုပ်ငန်းကို အားထားရသကဲ့သို့ မိရိုးဖလာအပိုဝင်ငွေလုပ်ငန်း တစ်ခုအဖြစ် ရှမ်းစက္ကူ(သို့မဟုတ်) မိုင်းကိုင်စက္ကူလုပ်ငန်းကို အိမ်တိုင်းလိုလိုပြုလုပ်တတ်ကြသည်။ ရှမ်းစက္ကူကို "ဆာ"ဟုခေါ်သည့် အပင်တစ်မျိုး၏အခေါက်မှခွာ၍ ပြုလုပ်ရသည်။ ယင်းအပင်မျိုးမှာ အလေ့ကျပေါက်သကဲ့သို့ အချို့မှာ တမင်တကာစိုက်ပျိုးထားရသည်။

ရှမ်းစက္ကူ(ခေါ်) မိုင်းကိုင်စက္ကူအဖြစ် ရရှိအောင်ပြုလုပ်ရန်မှာ "ဆာ"ဟုခေါ်သော လျှော်ပင်အခေါက်ကိုခွာယူ၍ နေလှန်းပြီး ခြောက်သွေ့သွားမှ ပြာရေနှင့်နူးအောင်ပြုတ်ရသည်။ "ဆာ"အခေါက်ကို ပြုတ်ရသည်မှာလည်း မလွယ်ကူလှပေ။ မီးဖိုပေါ်တွင် ပေါင်းအိုးဖြင့် ရေရောပြီး နာရီ ၄၀ ကြာအောင် ပြုတ်၍ နူးမှသာ ပြာကိုစင်ကြယ်အောင် ရေဆေးရသည်။ ရေစင်အောင်ဆေးပြီးပါက ကျောက်ပြားပေါ်တွင် ညက်ညက်ကြေအောင် သစ်သားတူဖြင့် ထုရပြန်သည်။

ထို့နောက် စက္ကူပြုလုပ်ရန် မိမိလိုအပ်သော ပုံစံအရွယ်အစားအလိုက် မထူမပါးသော ပိတ်သားစကို ဝါးခြမ်းဖြင့်လေးဖက်ညှပ်ပုံစံပြုလုပ်ရပြီး ပိတ်ကြမ်းလျှင် စက္ကူကြမ်း၍ ပိတ်ချောလျှင်လည်း ရေမပေါက်သဖြင့် ပိတ်အလတ်စားကို အသုံးပြုရခြင်းဖြစ်သည်။ ၎င်းပိတ်ပုံစံကို များနိုင်သမျှများအောင် ပြုလုပ်ထားပြီး ရေလျှောင်ကန်တစ်ခု ရေစီးဝင်လာသည့် မြောင်းနှင့် ရေစီးထွက်သွားသည့် မြောင်းငယ်လေးဖောက်ထားကာ ရေလျှောင်ကန်ကို ပိတ်ပုံစံနှင့် ထပ်တူထပ်မျှ ပြုလုပ်ထားရပေသည်။

ဆက်လက်၍ အဆိုပါ ရေကန်တွင် စက္ကူအရွယ်ပိတ်ပုံစံကို ချလိုက်ပြီး ညက်ညက်ကြေအောင်ထုထားသော"ဆာ"ကို ဝါးကျည်တောက်ထဲ ရေနှင့်သမအောင်မွှေပြီးလျှင် ပိတ်ပုံစံထဲသို့ လောင်းချရသည်။ ထို့နောက် လက်ဖဝါးဖြင့် ရေလှောင်ကန်ထဲမှ ပိတ်ပုံစံကိုထုတ်ယူရသည်။ ထိုအခါ ပိတ်ပုံစံပေါ်တွင် "ဆာ" အဖတ်သာကျန်ရစ်ပြီး ရေစစ်သွားအောင်ထား၍ နေလှန်းရပေသည်။ နေကောင်းကောင်းပူလျှင် တစ်ရက်တည်းနှင့်ခြောက်သွေ့ပြီး ပိတ်ပုံစံပေါ်မှခွာယူတော့မည်ဆိုပါက ကြွေလက်ဖက်ရည်ပန်းကန် သို့မဟုတ် သစ်သားလက်ကိုင်တုတ်အချောစားကို စက္ကူပေါ်ချောအောင်ပွတ်တိုက်ပေးပြီးမှ ခွာယူရသည်။ အများအားဖြင့် ရှမ်းပြည်နယ်၏ လက်မှုပညာတစ်ရပ်ဖြစ်သဖြင့် လုပ်ငန်း၏အစမှ ပြီးဆုံးသည်အထိ စက္ကူအဖြစ်ရောက်ရှိအောင် လက်ဖြင့်သာ လုပ်ကိုင်ကြရကြောင်း သိရသည်။

ရှမ်းစက္ကူ(ခေါ်) မိုင်းကိုင်စက္ကူကို တစ်လလျှင် ချပ်ရေ ၁၀ သိန်းကျော်အထိ ထုတ်လုပ်လျက်ရှိပြီး စက္ကူအမျိုးအစားကို နှစ်မျိုးခန့် ထုတ်လုပ်ကြသော်လည်း ယခုအခါ တစ်မျိုးတည်းသာထုတ်လုပ်လျက်ရှိရာ ချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၆၀၀၀၊ တစ်ခါတစ်ရံ ငွေကျပ် ၇၀၀၀ အထိ အတက်အကျ ဈေးနှုန်းရှိကာ အလွယ်တကူဆုတ်ပြဲနိုင်ခြင်းမရှိသည့်အတွက် အရောင်းသွက်သော ရောင်းကုန်တစ်မျိုးဖြစ်ကြောင်း သိရသည်။

ယခုအချိန်အခါသမယသည် ပွင့်လင်းရာသီဖြစ်သည်နှင့်အညီ နိုင်ငံခြားသား ခရီးသွားဧည့်သည်များပင် ရှမ်းစက္ကူလုပ်ငန်းပြုလုပ်ရာဒေသသို့ စိတ်ဝင်စားစွာ လာရောက်လေ့လာကြသည်ကို တွေ့ရသည်။

အချို့သော ရှမ်းရွာဒေသများတွင် အိပ်ရာခင်းနိုင်သည်အထိ ထူအောင်ပြုလုပ်၍ အချို့မှာသစ်စေးသုတ်ပြီး မိုးကာအဖြစ် အသုံးပြုကြသည်။ မိုင်းကိုင်စက္ကူဟု အမည်နာမတွင်လာခဲ့ခြင်းမှာ မိုင်းကိုင်နယ်မှ စတင်ပေါ်ပေါက်လာခြင်းကြောင့် ယင်းအမည်ကိုအစွဲပြု၍ ခေါ်တွင်ခဲ့ကြောင်း သိရသည်။

ရှမ်းစက္ကူ (ခေါ်) မိုင်းကိုင်စက္ကူလုပ်ငန်းကို ယခုကဲ့သို့ လယ်ယာလုပ်ငန်းခွင်အားလပ်ချိန် ဓားမဦးချ လက်မှုပညာအနေဖြင့် အပိုဝင်ငွေရရှိအောင်လုပ်ဆောင်ခြင်းမျိုး မဟုတ်ဘဲ ရေရှည်စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် စက်မှုလုပ်ငန်းအသွင်သို့ ပြောင်းလဲလုပ်ဆောင်ကြမည်ဆိုပါလျှင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြုတ်ပြီးသား "ဆာ"ကို ကျောက်ပြားပေါ်တွင် သစ်သားတူဖြင့် ကြေညက်အောင်ထုရသည်။

ဝါးဆစ်တွင် ရေထည့်ကာ တုတ်နှင့်အထက်အောက် သမအောင် မွှေပေးရသည်။

သစ်သားပေါင်တွင်ကပ်ကာ ခြောက်သွေ့အောင် နေလှန်းရသည်။

ရှမ်းစက္ကူ ပြုလုပ်ရာတွင် မရှိမဖြစ် လိုအပ်သော "ဆာ"ပင်ကို ဤသို့ တွေ့ရသည်။

ခြောက်သွေ့သွားပါက လက်ဖက်ရည်ကြွေပန်းကန်လုံးဖြင့် ပွတ်တိုက်ပြီး ခွာယူရသည်။

ရှမ်းစက္ကူ (ခေါ်) မိုင်းကိုင်စက္ကူလုပ်ငန်းကို ရေရှည်စီးပွားရေးလုပ်ငန်း တစ်ခုအဖြစ် စက်မှုလုပ်ငန်းအသွင်သို့ ပြောင်းလဲလုပ်ဆောင်ကြမည် ဆိုပါလျှင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက် ရေးလုပ်ငန်းစဉ်အတွက် များစွာအထောက်အကူပြုမည်ဖြစ်

ပဲခူးတိုင်းဒေသကြီး

ဗုဒ္ဓသာသနာတော် ဖွံ့ဖြိုးစည်ပင်လာတော့မည့် သရေခေတ္တရာ ပျူရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နယ်မြေ

ကိုသက်(ဇီးကုန်း)



ဗုဒ္ဓသာသနာ ကြီးကျယ်ခမ်းနားသည့် ရှေးဟောင်းမြို့တော်တစ်ခုဖြစ်ခဲ့သော သရေခေတ္တရာခေတ် လက်ထက်ကတည်းက ယခုတိုင် အထင်အရှားတည်ရှိနေသော စေတီကြီးသုံးဆူအနက် တစ်ဆူကို တွေ့မြင်ရစဉ်။

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၏တောင်ဘက် ၅ မိုင်ခန့်အကွာတွင် အေဒီ (၄)ရာစုမှ အေဒီ (၅)ရာစုအတွင်း စည်ပင်ထွန်းကားခဲ့သော သရေခေတ္တရာ ပျူမြို့ဟောင်းရှိသည်။ မြန်မာနိုင်ငံတွင် ပျူခေတ်မြို့ဟောင်း သုံးမြို့ဖြစ်သော (၁) ဟန်လင်း၊ (၂)ဗိဿနိုး၊ (၃) သရေခေတ္တရာ တို့ရှိသည့်အနက် သရေခေတ္တရာပျူမြို့ဟောင်းသည် အကြီးဆုံးနှင့် ရှေးအကျဆုံး မြို့တော်ဟောင်းဖြစ်ပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှု ထွန်းကားရာ အချက်အချာကျသော ဒေသဖြစ်ခဲ့သည်။ သရေခေတ္တရာမြို့တော်ကို သာသနာတော်သက္ကရာဇ် (၁၀၁)ခုနှစ်တွင် ဂဝံပတေ့အရှင်သူမြတ် အမှူးပြု၍ ဘုန်းတန်ခိုး၊ လက်ရုံးကြီးမားသော ဒွတ္တဘောင်မင်းကြီး တည်ထောင်အုပ်ချုပ်စိုးစံတော်မူခဲ့သည်။ သရေခေတ္တရာသည် တစ်ချိန်က ဗုဒ္ဓသာသနာတော် ကြီးကျယ်ခမ်းနားသော ရှေးဟောင်းမြို့တော်တစ်ခုဖြစ်ခဲ့သည်ကို ယခုတိုင်အထင်အရှားတည်ရှိနေသော စေတီကြီးသုံးခုနှင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ၊ မြို့ရိုးနှင့်ကျုံးများ၊ ဂူပေါက်များ၊ မြို့ကွက်နေရာများနှင့် ပျူခေတ်အသုံးအဆောင်ပစ္စည်းများက သက်သေပြလျက်ရှိပါသည်။ သို့ရာတွင် သရေခေတ္တရာမြို့တော်ကြီးသည် သုပညာနာဂရဆိန္ဒမင်း လက်ထက်တွင် ပျက်သုဉ်းသွားခဲ့ရသဖြင့် ၅ ဒသမ ၅ စတုရန်းမိုင်ကျယ်ဝန်းသော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေကြီးအတွင်း၌ (၁) ဘောဘောကြီးစေတီ (ဉာဏ်တော် ၁၅၃ ပေ)၊ (၂) ဘုရားကြီးစေတီ (ဉာဏ်တော် ၁၃၉ပေ)၊ (၃) ဘုရားမာစေတီ (ဉာဏ်တော် ၁၃၈ ပေ) တို့မှလွဲ၍ သာသနိကအဆောက်အအုံ အများစုမှာ ပျက်စီးပျောက်ကွယ်သွားခဲ့ရသည်။

ယခုအခါ သရေခေတ္တရာရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ သာသနာတော် စည်ပင်ထွန်းကားလာတော့မည့် ရှေ့ပြေးနိမိတ်ရောင်ခြည်များ ယှက်သန်းလာခဲ့ပြီဖြစ်သည်။ နိုင်ငံတော်အစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်ဦးစီးဌာနနှင့် (ICOMOS) အဖွဲ့တို့သည် သရေခေတ္တရာ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ဖြစ်လာရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အောက်တိုဘာ ၂၆ ရက် က (ICOMOS) ရှေးဟောင်း အဆောက်အအုံများနှင့် နေရာများဆိုင်ရာ နိုင်ငံတကာကောင်စီမှ ပညာရှင် ဒေါက်တာဆူဆန် ဦးဆောင်သော အဖွဲ့နှင့် ပြည်မြို့ရှေးဟောင်းသုတေသနဌာနမှ တာဝန်ရှိသူများသည် သရေခေတ္တရာ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ စေတီပုထိုးများသို့ သွားရောက်ခြင်း၊ ဒေသခံဆရာတော်များ၊ ဒေသခံရွာသူ ရွာသားများနှင့် တွေ့ဆုံခဲ့ကြသည်။ မြန်မာနိုင်ငံ သရေခေတ္တရာ ရှေးဟောင်းယဉ်ကျေးမှုဒေသသည် ဗုဒ္ဓဘာသာကိုးကွယ်မှုဆိုင်ရာ အစောဆုံးမြို့ပြယဉ်ကျေးမှု ထွန်းကားခဲ့သောအချက်မှာ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် အဓိကအရေးပါလျက်ရှိသည်။ သရေခေတ္တရာတွင် လူကြီးသူမတို့၏ ဆိုရိုးစကားတစ်ခုရှိသည်မှာ မြင်ဗာဟုဘုရားသည် တစ်ချိန်ချိန်တွင် မြို့လယ်ကောင်ဖြစ်၍ ကြက်ပျံမကျစည်ကားလိမ့်မည်ဟူ၍ ဖြစ်သည်။ သို့ဖြစ်၍ မဝေးတော့သော အနာဂတ်ကာလတွင် သရေခေတ္တရာ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေကြီးသည် နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများ၊ လေ့လာသူများဖြင့် တစ်စတစ်စ စည်ကားလာပြီး ဒေသဖွံ့ဖြိုးတိုးတက်မြင့်မားလာမှုနှင့်အတူ ဗုဒ္ဓသာသနာတော်သည်လည်း ပြန်လည်စည်ကားဖွံ့ဖြိုးလာတော့မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

သရေခေတ္တရာသည် တစ်ချိန်က ဗုဒ္ဓသာသနာတော် ကြီးကျယ်ခမ်းနားသော ရှေးဟောင်းမြို့တော်တစ်ခုဖြစ်ခဲ့သည်ကို ယခုတိုင်အထင်အရှားတည်ရှိနေသော စေတီကြီးသုံးခုနှင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ၊ မြို့ရိုးနှင့်ကျုံးများ၊ ဂူပေါက်များ၊ မြို့ကွက်နေရာများနှင့် ပျူခေတ်အသုံးအဆောင် ပစ္စည်းများက သက်သေပြလျက်ရှိ။

မန္တလေးတိုင်းဒေသကြီး

တိုက်နယ်ဆေးရုံလွှဲပြောင်းပေးအပ်

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် တွင်းငယ်ကျေးရွာရှိ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံလွှဲပြောင်းပေးအပ်ပွဲနှင့်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က တွင်းငယ်ကျေးရွာရှိ အဆိုပါ ဆေးရုံဥပစာ၌ ကျင်းပသည်။

ရှေးဦးစွာ တိုက်နယ်ဆေးရုံအဆောက်အအုံကို တွင်းငယ်ကျေးရွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလှိုင်၊ တိုက်နယ်ဆရာဝန် ဒေါက်တာချမ်းသာထွန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ ဆေးရုံဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်သောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး တိုက်နယ်ဆေးရုံ အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဆေးရုံဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက လွှဲပြောင်းပေးအပ်ရာ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာ ကျော်ဇင်ဦးနှင့် တိုက်နယ်ဆရာဝန် ဒေါက်တာချမ်းသာထွန်းတို့က လွှဲပြောင်းလက်ခံယူပြီး အထိမ်းအမှတ်အလံများပေးအပ်သည်။

တွင်းငယ်ကျေးရွာ၌ ဖွင့်လှစ်သည့် တိုက်နယ်ဆေးရုံသည် မြေယာ ၂ ဒသမ ၃ ဧက ပေါ်တွင် အလျား ၁၂၈ ပေ၊ အနံ ၇၅ ပေ၊ နံကပ်တစ်ထပ် အဆောက်အအုံဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အထောက်အပံ့၊ ကျေးရွာနေပြည်သူများ၏ထည့်ဝင်ငွေဖြင့် တန်ဖိုးကျပ် ၁၆၄၉ သိန်း အကုန်အကျခံကာ ကျေးလက်နေပြည်သူများ ဒေသတွင်း အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရေးအတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(၄၃၂)

ချင်းပြည်နယ်

ထင်းရှူးရနံ့သင်းပျံ့သည့် ဖလမ်းမြို့

ဆောင်းရာသီတွင် တစ်မြို့လုံးနေရာအနှံ့ ချယ်ရီပန်းများ ဝေဝေဆာဆာ ဖူးပွင့်လျက်ရှိသည့် မြို့ဖလမ်းကိုနောက်ခံတောင်တန်းကြီးဖြင့် သာမောဖွယ်တွေ့မြင်ရသည်။

ဂျူနိုင်း

ချင်းပြည်နယ် ဖလမ်းမြို့တည်ရှိရာ ဗန်ကာအို တောင်တန်းကြီးသည် ၁၈၈၉ ခုနှစ်တွင် ဗြိတိသျှတို့က စတင်စခန်းချအသုံးပြုသည့် တောင်တန်းကြီးဖြစ်ပြီး ၁၈၉၂ ခုနှစ်တွင် ဗြိတိသျှတို့က ဖလမ်းမြို့အဖြစ် စတင်တည်ထောင်ခဲ့ကြကာ ချင်းဝိသေသတိုင်း၏ မြို့တော်အဖြစ်လည်း သတ်မှတ်ခဲ့ဖူးသည်။

ယခုအချိန်တွင် ဖလမ်းမြို့တည်ထောင်သည်မှာ နှစ်ပေါင်း ၁၂၀ ကျော်ကြာပြီး အဆောက်အအုံနှင့်အိမ်ခြေ ၁၇၂၄ ခန့်နှင့် လူဦးရေ ၇၇၈၃ ကျော်နေထိုင်ကြပြီး ချင်းပြည်နယ်၏ ခရိုင်ရုံးစိုက်ရာမြို့လည်းဖြစ်သည်နှင့်အညီ ဌာနဆိုင်ရာရုံးများနှင့် လူမျိုးပေါင်းစုံ ဝန်ထမ်းများ နေထိုင်သည့်မြို့ဖြစ်သည်။

ဖလမ်းမြို့သည် ဗန်ကာအိုတောင်တန်းကြီးပေါ်တွင် ပေါက်ရောက်သည့် ထင်းရှူးရနံ့ လှိုင်လှိုင်သင်းသည့် ထင်းရှူးပင်များကြား၌ တည်ရှိပြီး ဆောင်းရာသီတွင် တစ်မြို့လုံးနေရာအနှံ့ ချယ်ရီပန်းများ ဝေဝေဆာဆာဖူးပွင့်လျက် အလွန်သာယာလှပသည့် မြို့ဖြစ်သည့်အပြင် အထက်တန်းကျောင်း နှစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ တစ်ကျောင်း၊ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံ၊ သူနာပြုကျောင်းများနှင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့်မြို့ဖြစ်ပြီး ချင်းပြည်နယ်၏ မြို့တော် ဟားခါးမြို့သွားရာ လမ်းမပေါ်တွင် တည်ရှိသည်။

ဖလမ်းမြို့တွင် ရပ်ကွက်ကြီး လေးရပ်ကွက်နှင့် ဖလမ်းမြို့နယ်တွင် ကျေးရွာပေါင်း ၁၆၀ ရှိကာ မြို့အနီးအနားရှိ ကျေးရွာများမှ စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်မျိုးစုံကို ဖလမ်းမြို့နေပြည်သူများက သန့်ရှင်းလတ်ဆတ်စွာဝယ်ယူစားသုံးနိုင်ကြပြီး သောက်သုံးရေအတွက် တောတောင်များကြားမှထွက်ရှိသော သဘာဝစိမ့်စမ်းရေများကိုသာ အသုံးပြုလျက်ရှိပြီး ငဆစ်ဗားရေအားလျှပ်စစ်မှလည်း ၂၄ နာရီ လျှပ်စစ်မီးရရှိသဖြင့် ပြည်သူများနေထိုင်မှု အဆင်ပြေကြပြီး လေကောင်းလေသန့်၊ ရေကောင်းရေသန့်များ ခံစားရရှိကာ သာယာပျော်ရွှင်စရာကောင်းသည့်မြို့ဖြစ်သည်။

ယင်းသို့ဖြင့် ဖလမ်းမြို့ သာယာလှပရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးအပြင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီမှုများကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ ဖလမ်းမြို့ကြီး ပို၍တိုးတက်ဖွံ့ဖြိုးသာယာဝပြောစေရေးအတွက် ပြည်သူတစ်ရပ်လုံးကလည်း ကိုယ်စီတာဝန်ရှိကြကြောင်း ရေးသားလိုက်ရပါသည်။

“ ဖလမ်းမြို့သာယာလှပရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးအပြင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီမှုများကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ ဖလမ်းမြို့ကြီး ပို၍တိုးတက်ဖွံ့ဖြိုးသာယာဝပြောစေရေး အတွက် ပြည်သူတစ်ရပ်လုံးကလည်း ကိုယ်စီတာဝန်ရှိကြ။ ”

ကစီဆိတ်ဖားမွေးမြူခြင်းဖြင့် ဝင်ငွေတိုးတွက်ခြေကိုက်

မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်သည် မိုးခေါင်ရေရှားရပ်ဝန်းဒေသဖြစ်ကာ သိုး/ဆိတ်မွေးမြူရေး ဖြစ်ထွန်းသောဒေသဖြစ်သဖြင့် ကစီဆိတ်ဖားများမွေးမြူ၍ စီးပွားဖြစ်နေကြောင်း သိရသည်။

ကစီဆိတ်မွေးမြူခြင်းကို သုံးလသားအရွယ်ရှိ နို့ခွာဆိတ်သားပေါက် အကောင်တစ်ကောင်လျှင် ငွေကျပ်သုံးသောင်းခန့်ဖြင့် ဝယ်ယူရရှိကြောင်း၊ အကောင် ၂၀ မွေးမြူပါက ငွေကျပ် ခြောက်သိန်းအကုန်အကျခံရင်းရကြောင်း၊ ယင်းဆိတ်ဖားပေါက်ငယ်များကို တင်းပိုက်ကာ ကစီဆိတ်ဖားများပြုလုပ်၍ စနစ်တကျမွေးမြူခဲ့ရာ ငါးလခန့်အကြာတွင် ယင်းကစီဆိတ်ဖားများကို ပြန်လည်ရောင်းချသော် တစ်ကောင်လျှင် ကျပ်တစ်သိန်းနှစ်သောင်းနှုန်းဖြင့် ရောင်းရကာ အကောင်ရေ ၂၀ အတွက် ငွေကျပ် ၂၄ သိန်း ရရှိသဖြင့် မူလပထမရင်းနှီးစဉ်ကထက် လေးဆအမြတ်ရရှိပြီး အသေချာဆုံးနှင့် ငွေရှာရအလွယ်ကူဆုံးလုပ်ငန်း ဖြစ်ကြောင်း မြိုင်မြို့ အမှတ်(၃)ရပ်ကွက်နေ ကိုယ်တိုင်မွေးမြူသူဦးရွှေအေးက ပြောသည်။

အောင်(မန်းတက္ကသိုလ်)

စား
ဝတ်
နေ
ရေး
ပြည့်
စုံ
ရေး
မိုး
ဘေး
မ
ပေါ်
နှင့်

OPPLE ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သောလျှပ်စစ်ပစ္စည်းများနှင့်ပတ်သက်၍ အများသိစေရန်အသိပေးကြေညာချက်

OPPLE LIGHTING CO., LTD, a company incorporated under the law of People's Republic of China, and having its principal place of bushiness at room 411, Building 1, No.611 Long Dong Avenue, pudong New District, Shanghi, China သည် OPPLE အမှတ်တံဆိပ်မူရင်းထုတ်ကုန်များကို ရန်ကုန်မြို့ တရားစီရင်ရေးမှတ်ပုံတင်ရုံး၏ တရားပိုင်အမှတ်များ (၄၃၃၃/ ၄၃၃၄/ ၄၃၃၅/ ၄၃၃၆/ ၂၀၀၆) အရ တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

OPPLE LIGHTING CO., LTD သည် OPPLE (Trademarks & Logos) ထုတ်ကုန်အားလုံးဖြစ်သော လျှပ်စစ်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်သာထုတ်လုပ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပအခြားမည်သည့်နေရာ၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းတစ်ခုကိုမျှ OPPLE ထုတ်ကုန်များနှင့် ပတ်သက်၍ တရားဝင်ထုတ်လုပ်ဆောင်ရွက်ခွင့်ကို ပေးအပ်ထားခြင်းမရှိသည့်အပြင် OPPLE (Trademarks & Logos)များကို မြန်မာနိုင်ငံ၌ မည်သည့်ပုဂ္ဂိုလ် မည်သည့်အဖွဲ့အစည်းတစ်ခုကိုမျှ မှိုင်သုံးစွဲခွင့်အား ခွင့်ပြုမထားပါကြောင်းနှင့် Farmer Phoyarzar Co.,Ltd အား တရားဝင် ဖြန့်ဖြူးခွင့်လက်မှတ်ဖြင့် ဖြန့်ဖြူးရောင်းချရန် လွှဲအပ်ထားပြီးဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

OPPLE LIGHTING CO., LTD ၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးကျော်စိန်ဝင်း (B.Sc, H.G.P, R.L, Dip in Business law, Dip in International Law)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၁၂၂)
အမှတ်-၄၀၊ (၅-လွှာ)၊ သာခုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၅၅၀၆၃၅၅၊ ၀၉ ၅၁၀၀၃၃၁

မန္တလေးတိုင်းဒေသကြီး

တောင်သာ-နွားထိုးကြီးမြို့နယ်ချင်းဆက်လမ်းပြီးစီး ဒေသခံများရောင်းဝယ်သွားလာရေး လွယ်ကူလာ

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရန် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ငါ့သရောက်- ဇဂျမ်း-ဘန်းနွယ်ကုန်းကျောက်ချောလမ်း ၂၁မိုင် ၇ဖာလုံ၊ ကန်ရွာ-ရွာသစ်ဂျင်းခင်းလမ်း ၁ မိုင် ၂ဖာလုံ၊ ဝဲလောင်-ရွာသစ်တံတား (န) ကျောက်ချောလမ်း ၂၁၀၅ ပေတို့ကို ဖောက်လုပ်ပြုပြင်ပေးခဲ့ကြောင်း သိရသည်။

ယခုအခါ တောင်သာ-နွားထိုးကြီးကျောက်ချောလမ်း ၁၈ မိုင် ၁ ဖာလုံ၊ လမ်းမအကျယ် ၁၈ ပေ၊ လမ်းပခုံးသားဘေးတစ်ဖက်အကျယ် ၁၁ ပေအား ၂၀၁၃ ခုနှစ် ဇူလိုင်လမှစ၍ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ အထူးအဖွဲ့များဖွဲ့စည်းလျက် တောင်သာ-နွားထိုးကြီးစည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေက ငွေကျပ် သိန်းငါးထောင်အကုန်ကျခံ ဆောင်ရွက်လျက်ရှိရာ ဂျင်းမြေသားခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများ သွားလာလျက်ရှိကြောင်း သိရသည်။

ယခင်က တောင်သာ-မြင်းခြံ-နွားထိုးကြီး-မန္တလေးကတ္တရာလမ်းသည် ၃၅ မိုင်ခန့်ရှိပြီး ယခုအခါ ၁၇ မိုင်ခန့်လျော့နည်းသွားသည့်အတွက် ဒေသအတွင်းမှ သွားလာဖြတ်သန်းလိုသည့်ယာဉ်များအနေဖြင့် အချိန်ကြန့်ကြာမှုမရှိတော့ဘဲ အန္တရာယ်ကင်းစွာသွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ မြို့နယ်တွင်း အကောင်းဆုံးမြေသားများကို ရွေးချယ်ခင်းကျင်းထားသည့်အတွက် မစိုးရိမ်ရကြောင်း၊ လမ်းရေရှည်တည်တံ့ဖို့အတွက် ဒေသခံပြည်သူများအနေဖြင့် လမ်းမကြီးပေါ်မှ သံဘီးတပ်လှည်းများမဖြတ်သန်းဖို့လိုကြောင်း၊ ပခုံးသားပေါ်မှ မောင်းနှင်နိုင်ကြောင်း၊ လမ်းမပျက်စီးရေးဝိုင်းဝန်းထိန်းသိမ်းပေးကြရန်နှင့် မိမိတို့ဆောင်ရွက်ခဲ့သော လမ်းမပေါ်သို့ အများသူငါသွားလာနေသည်ကို မြင်တွေ့ရသည့်အတွက် ဝမ်းသာပီတိဖြစ်ရကြောင်း လက်ထောက်အင်ဂျင်နီယာတစ်ဦးထံမှ သိရသည်။

တောင်သာ- နွားထိုးကြီးလမ်းသည် ပတ်ဝန်းကျင်ကျေးရွာပေါင်း ၄၁ ရွာ၊ အိမ်ခြေပေါင်း ၈၁၂၀ မှ မိသားစုဝင်များ၏ လူမှုစီးပွားဘဝမြင့်မားလာစေပြီး ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးစသောကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဒေသထွက်ကုန်များဖြစ်သော ထန်းလျက်၊ မိုးစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဆေးရွက်ကြီး၊ စားဖိုချောင်းသီးနှံ၊ ဝါမျိုးစုံနှင့် အိမ်တွင်းလက်မှုလုပ်ငန်းများရောင်းဝယ်ရာ၌ အဆင်ပြေလွယ်ကူစေပြီး ကုန်စည်စီးဆင်းမှုမြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ဒေသခံပြည်သူများအနေဖြင့် သွားလာရေး လွယ်ကူလျင်မြန်ခဲ့သော်လည်း မိုးတွင်းကာလများတွင် အခက်အခဲဖြစ်မည်ကို စိုးရိမ်နေကြ ကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

ရခိုင်ပြည်နယ်

မေယုတောင်တန်းအရှေ့ခြမ်း လမ်းပန်းဆက်သွယ်ရေး

အငူမော်-ဘူးသီးတောင်လမ်းပေါ်ရှိ စိမ်းညှင်းပြာတံတား။

လှပတဲ့ပြည်မြန်မာ

ပဉ္စမတန်းအထိ မြန်မာပြည်မြေပုံကို ကျကျနန၊ လှလှပပ မဆွဲတတ်ခဲ့။ အထူးသဖြင့် ရခိုင်ကမ်းရိုးတန်းဒေသကို ကွေ့၍ဆွဲခါနီး တွေ့ရသော ကျွန်းစုနေရာလေးများ၊ မြစ်ဝကျွန်းပေါ်ဒေသ၏ ပင်လယ်ကမ်းစပ်နေရာများ၊ ကချင်ပြည်နယ်အစပ်မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို ဆက်ဆွဲရသော အကွေးအတွန့်နေရာများကို ဝါးတားတား ဆွဲခဲ့သည် ချည်းသာ။ ဆဋ္ဌမတန်းနှစ်တွင်မူ ပထဝီဆရာ ဦးအုန်းဆိုင်က လက်မအကွာအဝေး အတိအကျဖြင့် မျဉ်းကွက်များချ၍ ချင်းပြည်နယ်က အတွန့်သုံးတွန့်ကို ဒီလိုတက်၊ နာဂဒေသ (ယခင်က စစ်ကိုင်းတိုင်းဒေသကြီး)နှင့် ကချင်ပြည်နယ်ကြားက အခွက်နေရာလေးကို ဒီကနေဝင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)က အနားသတ်တွေကို ဒီလိုဆင်း၊ ရှမ်း(အရှေ့)လက်မနေရာလေးကိုတော့ ဒီလောက်ရှည်ရှည်လေးထွက်၊ ကယားပြည်နယ်နဲ့ ကရင်ပြည်နယ်ကြားမှာ မောင်းခွက်နေရာလေးကတော့ တစ်လက်မလောက်ပဲထားစသည်. . . စသည်ဖြင့် ကဲ့ကူလက်လှည့်သင်ပြပေးခဲ့ရာ ကြီးသည်အထိ မမေ့တော့ပါ။ တစ်ရေးနိုးထဆွဲဦးတော့ မြန်မာပြည်မြေပုံသည် အချိုးအစားကျကျနနဖြင့် ထွက်လာစမြဲ။ စင်စစ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြေပုံသည် ဘယ်နေရာ ဘယ်အပိုင်းကိုပဲ ကြည့်ကြည့် ကျက်သရေရှိလှသည်။

မြေပုံနှင့်နယ်စပ်ဖွံ့ဖြိုးရေး

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို လျာထားသည့်အခါတိုင်း မြေပုံနှင့်ယှဉ်ကြည့်ရသည်။ သို့မှသာ ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်နေရာအနားကလုပ်ငန်း၊ လမ်းအရှည်က ဘယ်လောက်ကနေ ဘယ်လောက်အထိ၊ မြစ်ရှိသလား၊ ချောင်းခံနေသလား၊ စိမ့်စမ်းရေသွယ်မှာက ဘယ်တောင်ကြောက စသည်ဖြင့် မြင်သာထင်သာဖြစ်မည်လေ။ မြေပုံနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ တွဲကြည့်တော့မှ ဩော်-၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၁၉ မိုင် ၄ ဖာလုံကတ္တရာခင်းဖို့ ခွင့်ပြုခဲ့တဲ့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)က နာဖီးဆွပ်နမ့်-ပါဆာကြီးလမ်းဟာ လက်မလိုနေရာလေးဘက်ကို ဦးတည်နေတာပါလား၊ နာဂဒေသ ပန်ဆောင်ဟာ ပတ်ကွိုင်တောင်တန်းကြီးနားမှာပါလား၊ မွန်ပြည်နယ်ထဲက ရေး-ဖလမ်းချောင်းဝ-ကျုံကွီလမ်းဟာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီး သုံးခုစလုံးကိုအကျိုးပြုနေပါလားစသည်ဖြင့် ထင်ဟပ်သိရှိခွင့်ရခဲ့သည်။

ငယ်စဉ်က ရခိုင်ကမ်းရိုးတန်းကို ကွေးကွေးလေးဝိုက်မဆွဲမိ အတွန့်လေးများနှင့် စခဲ့သောနေရာ။ ထိုနေရာသည် မေယုတောင်တန်း၏ အစွန်ဆုံးနေရာ အငူမော်ဖြစ်သည်။ မေယုတောင်တန်းအနောက်ခြမ်းမှာ အငူမော်-မောင်တောလမ်းရှိနေသည်။ အရှေ့ဘက်ခြမ်း တွင် အငူမော်-ဘူးသီးတောင်လမ်း ၄၅ မိုင် ၂ ဖာလုံကို နယ်စပ်ရေးရာဝန်ကြီးဌာနက ဖောက်လုပ်ပေးရန် လျာထားဆောင်ရွက်လျက်ရှိရာ၂၀၁၃-၂၀၁၇ဘဏ္ဍာရေးနှစ်၌ ငွေကျပ် သန်း ၅၀၀ဖြင့် အငူမော်မှ လောင်းချောင်းရွာအထိ မြေသားလမ်း ခုနစ်မိုင်၊ကျောက်လမ်းခုနစ်မိုင်၊ ကွန်ကရစ် တံတားလေးစင်း၊ကွန်ကရစ်ရေပြွန် ၁၃ခု တည် ဆောက်ဖောက်လုပ်သွားရန် ဖြစ်သည်။

စိမ်းညှင်းပြာနှင့် ဖရုံချောင်းတံတားများ

ဘူးသီးတောင်နှင့် ညောင်ချောင်းလမ်းပိုင်းပေါ်၌ အရှည်ပေ ၁၃၀ ရှိ ကွန်ကရစ်တိုင်သစ်သားခင်း စိမ်းညှင်းပြာတံတားကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၄၀ဖြင့်လည်းကောင်း၊ အရှည်ပေ ၁၀၀ ရှိ ဖရုံချောင်းတံတားကို ငွေကျပ် ၃၇ သန်းဖြင့် လည်းကောင်း တည်ဆောက်ပေးထားပြီးဖြစ်သည်။ အငူမော်-ဘူးသီးတောင်လမ်း၏ ကျန်လမ်းပိုင်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်သည်။

တစ်ခုသောကာလ၌ အငူမော်-ဘူးသီးတောင်လမ်းသည် ကုလားတန်မြစ်ကြောင်းဖွံ့ဖြိုးရေး၊ စစ်တွေရေနက်ဆိပ်ကမ်းစီမံကိန်းနှင့်ဆက်နွှယ်လျက် ဒေသအကျိုးပြုလမ်းတစ်သွယ်ဖြစ်လာမည်ဟု ရေးသားတင်ပြလိုက်ရပါသည်။

●● မြင့်စိုး(နတလ)

မေယုတောင်တန်းအရှေ့ခြမ်း လမ်းပန်းဆက်သွယ်ရေး။

> “ အငူမော်-ဘူးသီးတောင်လမ်းသည် ကုလားတန် မြစ်ကြောင်းဖွံ့ဖြိုးရေး၊ စစ်တွေရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် ဆက်နွှယ်လျက် ဒေသအကျိုးပြုလမ်းတစ်သွယ်ဖြစ်လာမည် ”

PORTUGAL VS SWEDEN

Date - 16 November
Kick-off - 02:15
Venue - Estádio do Sport Lishoa

Team	2014 World Cup Qualificatiion Europe Matches Record									
ပေါ်တူဂီ	ပေါ်တူဂီ ၃-၀ လူဇင်ဘတ်	ပေါ်တူဂီ ၁-၁ အစ္စရေး	မ/အိုင်ယာလန်၂-၄ ပေါ်တူဂီ	ပေါ်တူဂီ ၁-၀ ရုရှား	အဇာဘိုင်ဂျန် ၀-၂ ပေါ်တူဂီ	အစ္စရေး ၃-၃ ပေါ်တူဂီ	ပေါ်တူဂီ ၁-၁ မ/အိုင်ယာလန်	ရုရှား ၁-၀ ပေါ်တူဂီ	ပေါ်တူဂီ၃-၀ အဇာဘိုင်ဂျန်	လူဇင်ဘတ် ၁-၂ ပေါ်တူဂီ
ဆွီဒင်	ဆွီဒင် ၃-၅ ဂျာမနီ	ဆွီဒင် ၂-၁ ဩစတြီးယား	ကာဇက်စတန် ၀-၁ ဆွီဒင်	အိုင်ယာလန် ၁-၂ ဆွီဒင်	ဆွီဒင် ၂-၀ ဖာရိုကျွန်းစု	ဩစတြီးယား ၂-၁ ဆွီဒင်	ဆွီဒင် ၀-၀ အိုင်ယာလန်	ဂျာမနီ ၄-၄ ဆွီဒင်	ဖာရိုကျွန်းစု ၁-၂ ဆွီဒင်	ဆွီဒင် ၂-၀ ကာဇက်စတန်



PREDICTED TEAM

ပေါ်တူဂီသည် ခြေစစ်ပွဲအတွင်း၌ ပုံမှန်ခြေစွမ်းပြသနိုင်ခြင်း မရှိခဲ့ပေ။ အစ္စရေးကို နှစ်ကျော့စလုံး အနိုင်မရခဲ့သလို ရုရှားကိုလည်း အဝေးကွင်း၌ ရှုံးနိမ့်ခဲ့ရသည်။ အထူးသဖြင့် ခံစစ်သည် ကျစ်လျစ်မှု အားနည်းခဲ့သည်။

KEY PLAYER

စီရော်နယ်ဒို (တိုက်စစ်)

ခြေစစ်ပွဲ၌ သွင်းယူသည့်ဂိုး - ၄ဂိုး
ပေါ်တူဂီအတွက် စုစုပေါင်းသွင်းဂိုး - ၄၃ဂိုး
ပေါ်တူဂီအတွက် စုစုပေါင်းပွဲကစားမှု - ၁၀၆ပွဲ
၂၀၁၃ခုနှစ်အတွင်းပေါ်တူဂီအတွက်ပွဲကစားမှု - ၆ပွဲ
၂၀၁၃ခုနှစ်အတွင်းပေါ်တူဂီအတွက် သွင်းဂိုး - ၆ဂိုး
ကစားသမားဘဝတွင် သွင်းယူသည့်ဂိုး - ၃၉၁ဂိုး

PREDICTED TEAM

ဂျာမနီကိုပင် အပြန်အလှန်တုံ့ပြန်ကစားနိုင်သော ဆွီဒင်၏ခြေမှာ ထက်မြက်မှုရှိသည်။ အထူးသဖြင့် တိုက်စစ်ပိုင်းသည် ခြေစမ်းပွဲအတွင်း၌ ဂိုးမရသည့်ပွဲ တစ်ပွဲသာရှိသည်အထိ ခြေစွမ်းထက်မြက်မှုရှိခဲ့သည်။

KEY PLAYER

အီဗရာဟီမိုဗစ် (တိုက်စစ်)

ခြေစစ်ပွဲ၌ သွင်းယူသည့်ဂိုး - ၆ဂိုး
ဆွီဒင်အတွက် စုစုပေါင်းသွင်းဂိုး - ၄၆ဂိုး
ဆွီဒင်အတွက် စုစုပေါင်းပွဲကစားမှု - ၉၄ပွဲ
၂၀၁၃ခုနှစ်အတွင်း ဆွီဒင်အတွက်ပွဲကစားမှု - ၉ပွဲ
၂၀၁၃ခုနှစ်အတွင်း ဆွီဒင်အတွက် သွင်းဂိုး - ၇ဂိုး
ကစားသမားဘဝတွင် သွင်းယူသည့်ဂိုး - ၃၂၆ဂိုး



Last 5 matches record

W(3-0)	D(1-1)	L(3-1)	W(2-4)	D(1-1)

Last 5 matches record

L(3-5)	W(2-1)	W(0-1)	W(1-2)	W(1-2)

ကမ္ဘာ့ဖလားဥရောပဇုန် Play-offခြေစစ်ပွဲ

ပေါ်တူဂီ - ဆွီဒင်	နံနက် ၂း၁၅	(၁၆-၁၁-၁၃)
ယူကရိန်း - ပြင်သစ်	နံနက် ၂း၁၅	(၁၆-၁၁-၁၃)
ဂရိ - ရိုမေးနီးယား	နံနက် ၁း၃၀	(၁၆-၁၁-၁၃)
အိုက်စလန် - ခရိုအေးရှား	နံနက် ၂း၁၅	(၁၆-၁၁-၁၃)

သစ်မင်းအိမ်

2014 World Cup Qualification Europe Play-off Other Matches

GREECE VS ROMANIA

ဂရိသည် အိမ်ကွင်းမာကျော့မှုအပြည့်ရှိသည်။ အထူးသဖြင့် ခြေစစ်ပွဲအတွင်း၌ အုပ်စုပထမနေရာ ရနိုင်သည်အထိပင် ခြေစွမ်းထက်မြက်ခဲ့သည်။ သို့သော် ဂရိသည် တိုက်စစ်ပိုင်းတွင် ပုံမှန်ဂိုးသွင်းယူပေးမည့် တိုက်စစ်မှူးမျိုး မရှိပေ။ ခြေစစ်ပွဲအတွင်း၌ တစ်ဂိုးနှင့်အထက် သွင်းယူနိုင်သောပွဲမှာသုံးပွဲသာရှိခဲ့ပြီး ရိုမေးနီးယားနှင့်ရင်ဆိုင်ခဲ့သော သမိုင်းတစ်လျှောက်တွင်လည်း တစ်ပွဲသာအနိုင်ရခဲ့ပြီး ၁၀ပွဲကစားရာ ၆ပွဲတိတိရှုံးနိမ့်ခဲ့ဖူးသည်။

UKRAINE VS FRANCE

ယူကရိန်းသည် ခြေစစ်ပွဲအတွင်း၌ အင်္ဂလန်ကိုပင် နှစ်ကျော့စလုံး သရေကစားနိုင်ခဲ့သောအသင်းဖြစ်သည်ကို သတိပြုရမည်။ အထူးသဖြင့် ဂျော်ဂျီယာကိုသရေ၊ ဖင်လန်နှင့် ဘီလာရုစ်တို့ကို ခက်ခက်ခဲခဲ အနိုင်ကစားခဲ့ရသော ပြင်သစ်၏ခြေစွမ်းမှာ အဝေးကွင်းဆိုလျှင် စိတ်ချရမှုပိုင်း အားနည်းနေသည်မှာ ထင်ရှားသည်။ သို့သော် သတိပြုရမည်မှာ ယူကရိန်းသည် အိမ်ကွင်း၌ ပြင်သစ်ကိုတစ်ကြိမ်မှ အနိုင်ရရှိခဲ့ခြင်းမရှိသော အချက်ဖြစ်သည်။

ICELAND VS CROATIA

အိုက်စလန်သည် သမိုင်းတစ်လျှောက် ခရိုအေးရှားနှင့် နှစ်ကြိမ်ဆုံခဲ့ဖူးရာ နှစ်ကြိမ်စလုံး ဂိုးပြတ်များဖြင့် ရှုံးနိမ့်ခဲ့ရသည်။ သို့သော် ခြေစစ်ပွဲတွင် ဆွစ်ဇာလန်၊ နော်ဝေ၊ ဆလိုဗေးနီးယားတို့ကိုပင် အကောင်းဆုံးရင်ဆိုင်နိုင်သော အိုက်စလန်၏ ခြေမှာ သတိပြုရမည်ဖြစ်ပြီး ခရိုအေးရှားမှာမူ ခြေစစ်ပွဲအတွင်း၌ အဝေးကွင်းတွင် နှစ်ပွဲသာ အနိုင်ရခဲ့ပြီး သုံးပွဲတိတိ အနိုင်ရယူနိုင်ခြင်း မရှိခဲ့ပေ။

ဆီးဂိမ်းအားကစားပြိုင်ပွဲများ ကျင်းပမည့် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ။

မြန်မာတို့အတွက်ဒီဇင်ဘာ

»»» သတင်းမှတ်တမ်း - ရဲရင့်ရှိုင်း၊ ဓာတ်ပုံ - စိုးညွန့်

(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကြီးကို နှစ်ပေါင်း ၄၄နှစ်အကြာတွင် တစ်ကျော့ပြန် ပြန်လည်ကျင်းပခွင့်ရရှိခြင်းဖြစ်ပြီး အောင်မြင်မှုရရှိရေး၊ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးတို့အတွက် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

မြန်မာအားကစားအဖွဲ့များ အနေဖြင့် ဆီးဂိမ်းပြိုင်ပွဲများတွင် နိုင်ငံအလိုက်ဆုရရှိမှုတွင် အဆင့်(၇)၊ အဆင့် (၈)နေရာများတွင်သာ ရပ်တည်နေသည်မှာ ကြာပြီဖြစ်သောကြောင့် ယခုအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် တစ်ကျော့ပြန် အောင်မြင်မှုများရရှိရေးအတွက် ပြင်ဆင်လျက်ရှိသည်။ ယခုဆီးဂိမ်းတွင် ရွှေတံဆိပ် ၁၀၀ ရရှိရေး နိုင်ငံအလိုက်ဆုရရှိမှုတွင် အဆင့် (၁)မှ (၃)အတွင်း ဝင်ရောက်နိုင်ရေးအတွက် မြန်မာအားကစားအဖွဲ့အနေဖြင့် ကြိုးပမ်းလျက်ရှိသည်။ ယခု (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၃မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့်ငွေဆောင်ကမ်းခြေတို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အားကစားနည်း ၃၃မျိုး ထည့်သွင်းကျင်းပမည့်အထဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းအများစု၌ ရွှေတံဆိပ်ရရှိနိုင်ပြီး ရေကူး၊ ဒိုင်ဗင်၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ စက်ဘီး၊ မြင်းစီး၊ ဖူဆယ်၊ စားပွဲတင်တင်းနစ်နှင့် ဘော်လီဘောအားကစားနည်းတို့တွင် ရွှေတံဆိပ်ရရှိနိုင်ရန် ပိုမိုအားထုတ်ရမည့်အနေအထားဖြစ်သည်။ အားကစားနည်း ၃၃ မျိုး စလုံးမှာလည်း အောင်မြင်မှုရရှိရေး လေ့ကျင့်ပြင်ဆင်မှု စနစ်တကျပြုလုပ်ထားပြီး အတွေ့အကြုံကောင်းများရရှိစေရန် နိုင်ငံတကာပြိုင်ပွဲများကို ယှဉ်ပြိုင်ထားသလို၊ ပြည်ပနိုင်ငံများသို့ သွားရောက်၍လည်း ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ထားသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပရသည့် ပြိုင်ပွဲဖြစ်သောကြောင့် အားကစားရုံသစ်၊ အားကစားကွင်းသစ်များကို နိုင်ငံတကာအဆင့်မီအကောင်အထည်ဖော်ထားသည်ကို တွေ့ရသည်။ နေပြည်တော်တွင် ဝဏ္ဏသိဒ္ဓိနှင့် ဇေယျာသီရိအားကစားကွင်းတို့ကို တည်ဆောက်ထားပြီး ဘောလုံးကွင်းတစ်ကွင်း၊ A,B,C အားကစားရုံတစ်ရုံ၊ ရေကူးကန်နှင့် အခြားအားကစားရုံများပါဝင်လျက်ရှိသည်။ ထို့အပြင် အားကစားသမားများ နေထိုင်ရန် Gold Camp အားကစားရွာကိုလည်း အကောင်အထည်ဖော်ထားကြောင်း သိရသည်။

ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာအားကစားသမားများ လေ့ကျင့်ပြင်ဆင်နေစဉ်။

နှစ်ပေါင်း (၄၀)ကျော်မှ ပြန်လည်ကျင်းပခွင့်ရရှိသည့် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် တစ်ကျော့ပြန် ပြန်လည်အောင်မြင်မှုရရှိရန်မှာ မြန်မာအားကစားအဖွဲ့၏ အဓိကရည်မှန်းချက် ဖြစ်သည်။ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးနှင့်မြန်မာအားကစားသမားများအောင်မြင်မှုရရှိရေးအတွက် ဒီဇင်ဘာလမှာ မြန်မာတို့အတွက် လွန်စွာအရေးကြီးပါကြောင်း။ ။